# The VOICE Daily

Vol. 5 / No. 203 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂) ရက်၊ (Tuesday, December 5, 2017)


# ‘ဝ’နှင့် တရုတ်အစိုးရ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး သဘောတူစာချုပ်ချုပ်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) နှင့်တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့အကြား မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း အဆိုပါ အဖွဲ့ထံမှ သိရသည်။

ယူနန်ပြည်နယ်အစိုးရနှင့် ‘ဝ’ တပ်ဖွဲ့ခေါင်းဆောင်များ ဒီဇင်ဘာလ ၂ရက်တွင် UWSA ဌာနချုပ်ရှိရာ ပန်ဆန်းတွင် တွေ့ဆုံခဲ့ကြပြီး ယင်းသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဘိန်းပပျောက်ရေးတို့ကို လက်မှတ်ရေးထိုး သဘောတူခဲ့ခြင်းဖြစ်သည်။

‘ဝ’ဒေသတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဘိန်းအစားထိုး စာ 2

## ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ပြန်လည်ဖွင့်လှစ်


စာ 3

ဓာတ်ပုံ – ရဲပြည့်စာနည်

နှစ်ပေါင်း ၂၀ ကြာ ပိတ်ထားခဲ့သည့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ရှိ စာသင်ခန်းများ၌ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများကို ဒီဇင်ဘာလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရစဉ်

# ရဟန်းတစ်ပါးကို ထိုးကြိတ်ခဲ့မှု လွှတ်တော်ကော်မတီ စတင်စစ်ဆေး

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် ရဟန်းတစ်ပါး ထိုးကြိတ်ခံရမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ အသနားခံစာများ စိစစ်ရေးကော်မတီက ယနေ့ ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

“ဒီနေ့လွှတ်တော်ပြီးတာနဲ့ အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး ကွင်းဆင်းစစ်ဆေးလိုက်တာပါ၊ နယ်မြေရဲတပ်ဖွဲ့တို့၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့တို့က ဥပဒေနဲ့အညီဆောင်ရွက်ထားတာ ရှိမရှိသိရအောင် စစ်ဆေးခဲ့တာ၊ စစ်ဆေးတွေ့ရှိချက်တွေကတော့ ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးထားပြီးပြီ၊ ဆောင်ရွက်ထားတာက ဥပဒေနဲ့အညီ ဆောင်ရွက်ထားတယ်ဆိုတာ တွေ့ရှိခဲ့ရတယ်” ဟု စာ 3

## စောဘဦးကြီး ရုပ်တုစိုက်ထူမှု ယာယီရပ်ဆိုင်း

စာ 2


## မြန်မာ့ခရီးသွားလုပ်ငန်း တရုတ်ကမ္ဘာလှည့်များကို ဈေးကွက်ပစ်မှတ်ထား စာ 6

## ဟံသာဝတီ လေဆိပ်စီမံကိန်း ပြန်လည်စတင် စာ 26

## ပြည်တွင်းကြက်သွန်ဈေးကောင်းသော်လည်း ပြည်ပမှ တင်သွင်းသူမရှိ စာ 7


# သုံးလောင်းပြိုင်လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ၏ မိခင်နှင့် ဇနီးဖြစ်သူကိုပါ ဖမ်းဆီး

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

လှိုင်သီရိအိမ်ရာဝင်းတွင် ဖြစ်ပွားခဲ့သည့် သုံးလောင်းပြိုင်လူသတ်မှုမှ ပြစ်မှုကျူးလွန်သူဟုဆိုသူ ဇွဲလင်းထက်အပါအဝင် ၎င်း၏ မိခင်နှင့် ဇနီးကို ဒီဇင်ဘာလ ၄ ရက် မွန်းတည့်ချိန်က လှိုင်မြို့နယ် တရားရုံးတွင် ရုံးထုတ်ချုပ်ရမန်ယူခဲ့သည်။

လှိုင်မြို့မရဲစခန်းက လူသတ်မှု ပုဒ်မ ၃၀၂၊ လုယက်မှုကို စာ 3



ဓာတ်ပုံ – ရဲပြည့်စာနည်




# စောဘဦးကြီး ရုပ်တုစိုက်ထူမှု ယာယီရပ်ဆိုင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ဘုရားသုံးဆူမြို့နယ်တွင် စိုက်ထူရန် စီစဉ်ထားသည့် စောဘဦးကြီး ရုပ်တုစိုက်ထူမှုကို အပစ်ရပ်စောင့်ကြည့်ရေး ပူးတွဲကော်မတီ (JMC) ၏ ကန့်ကွက်ထားမှုကြောင့် ယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ထားကြောင်း အဆိုပါရုပ်တု စိုက်ထူရေးကော်မတီထံမှ သိရသည်။

စောဘဦးကြီး ရုပ်တုဖြစ်မြောက်ရေးအတွက် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်လူမှုအဖွဲ့များက ကြိုးပမ်းနေခြင်းဖြစ်ပြီး လာမည့်ကရင်နှစ်သစ်ကူးနေ့အခမ်းအနားတွင် ဘုရားသုံးဆူမြို့တွင် စိုက်ထူရန် စီစဉ်ထားခြင်းဖြစ်သည်။

ယင်းသို့ စီစဉ်ထားမှုကို ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) က ကန့်ကွက်ခဲ့သည့်အတွက် ယာယီရပ်ဆိုင်းထားမည်ဖြစ်ပြီး ယင်းကိစ္စရပ်နှင့်ပတ်သက်၍ JMC ထံ ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း အဆိုပါ ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဖဒိုစောမောင်ရွှေက ပြောကြားသည်။

လက်ရှိတွင် စောဘဦးကြီးရုပ်တုသည် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ယင်းရုပ်တုကို ကရင်အမျိုးသား အစည်းအရုံး (KNU) နယ်မြေဝင်း ရေးမြို့နယ်ရုံးတွင် ယာယီထားရှိသွားမည်ဖြစ်ပြီး ရုပ်တုစိုက်ထူခွင့်ရရေးအတွက် ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော်တို့ လုံးဝရပ်တန့်လိုက်တာတော့ မဟုတ်ဘူး။ ပြန်ပြီးတော့ ကြိုးပမ်းသွားမှာပါ။ KNU ဗဟိုနဲ့ JMC ဗဟိုတွေမှာ တင်ပြသွားမယ်" ဟု ၎င်းကဆိုသည်။

လာမည့် ကရင်နှစ်သစ်ကူးနေ့သည် ယခုလ (ဒီဇင်ဘာလ ၁၈) ရက်နေ့တွင် ကျရောက်မည်ဖြစ်ပြီး ယင်းနေ့တွင် ပြုလုပ်မည့် နှစ်သစ်ကူးနေ့ အခမ်းအနားတွင် စောဘဦးကြီးရုပ်တု ဖွင့်လှစ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါရုပ်တုစိုက်ထူမှုနှင့် ပတ်သက်၍ ပြည်နယ် JMC က အစိုးရအနေနှင့် လွတ်လပ်ရေးရရှိအောင် လုပ်ဆောင်ခဲ့သော နိုင်ငံခေါင်းဆောင်များနှင့် ပြည်ထောင်စု တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အာဇာနည်ပုဂ္ဂိုလ်များ၏ ရုပ်တုများကိုသာ ခွင့်ပြုချက်ဖြင့် စိုက်ထူစေခဲ့ခြင်းဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။

ထို့ပြင် KNU အနေနှင့် စောဘဦးကြီးရုပ်တုကို ထားရှိလိုပါက KNU လေးဝါးစခန်းတွင် ထားရှိနိုင်ပြီး ကျန်နေရာတွင် အစိုးရနှင့် တပ်မတော်တို့မှ စိုက်ထူခွင့်မပြုကြောင်း၊ NCA လက်မှတ်ထိုးထားသည့်အတွက် ဥပဒေနှင့်မညီသည့် လုပ်ဆောင်ချက်များ မပြုလုပ်ရန် ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းက JMC-S က အကြောင်းပြန်ကြားခဲ့ခြင်းဖြစ်သည်။

စောဘဦးကြီးသည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ အမျိုးသားလှုပ်ရှားမှုတို့တွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး ဖဆပလ အစိုးရအဖွဲ့တွင်လည်း ဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ၁၉၄၇ ခုနှစ်က ကျင်းပခဲ့သည့် ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး ကရင်လက်နက်ကိုင်တော်လှန်ရေးကိုလည်း ဦးဆောင်ခဲ့ကာ ကရင်ပြည်နယ် ရရှိရေးကို တောင်းဆိုခဲ့သူတစ်ဦးဖြစ်သည်။

၁၉၅၀ ပြည့်နှစ် ဩဂုတ်လက ကော့ကရိတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် ကျဆုံးသွားခဲ့ပြီးနောက် ကရင့်အာဇာနည်တစ်ယောက်အဖြစ် ကရင်လူမျိုးများက သတ်မှတ်ခဲ့ကြသည်။

ထို့ပြင် စောဘဦးကြီး ရှိစဉ်က ချမှတ်ခဲ့သည့် မူလေးချက်ဖြစ်သည့် လက်နက်ချစကားမပြော၊ ကရင့်လက်နက် ကရင့်ထဲတွင် ရှိရမည်၊ ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမည်၊ ကရင်ပြည်နယ်ကို အသိအမှတ်ပြုခြင်း ပြီးပြည့်စုံရမည် စသည့် စောဘဦးကြီးမူများသည် ကရင်နိုင်ငံရေးအသိုင်းအဝိုင်းကို လွှမ်းမိုးမှုရှိခဲ့သည်။

■ J-08

## မျက်နှာဖုံး - 'ဝ'နှင့် တရုတ်အစိုးရ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးမှ အဆက်

သီးနှံများ စိုက်ပျိုးသွားရေးကိစ္စရပ်များနှင့် ပတ်သက်၍နည်းပညာပိုင်း အကူအညီများ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အကူအညီများကို တရုတ်နိုင်ငံကပေးအပ်သွားရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း 'ဝ'ပြည်သွေးစည်းညီညွတ်ရေး ပါတီ၏ ပြည်ပဆက်ဆံရေးအရာရှိ ဦးညီရမ်းက ပြောကြားသည်။

"ဘယ်လိုလဲဆိုတာတော့အသေးစိတ်ဖော်ပြထားတာ မရှိဘူး။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်တဲ့ ဒီစိုက်ပျိုးရေးတွေကို လုပ်ဆောင်ပေးဖို့ပါ" ဟု ၎င်းက ဆိုသည်။

ယင်းသို့'ဝ' တပ်ဖွဲ့၏ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကို မြန်မာအစိုးရနှင့် လက်မှတ်ထိုးခြင်းမရှိဘဲ ယင်းသို့ ယူနန် အစိုးရ နှင့် သဘောတူခြင်းအပေါ် ဝေဖန်မှုအချို့လည်းရှိနေသည်။

ပြီးခဲ့သည့် ဇွန်လကုန်ပိုင်းကလည်း 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ထိန်းချုပ်နယ်မြေအတွင်းမှ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ယင်းအဖွဲ့က ပြုလုပ်သွားခဲ့ပြီး 'ဝ' နယ်အတွင်း မူးယစ်ဆေးဝါးမရှိတော့ဟု ထုတ်ပြောခဲ့သည်။

UWSA တပ်စခန်းများ စိုးမိုးသည့် နယ်တစ်လျှောက် ထိုင်း-မြန်မာနယ်စပ်ကြားတွင် တပ်စခန်းများကိုခိုဖြတ်၍ ပြည်ပသို့ ခိုးထုတ်သည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့က ပြောကြားခဲ့သည်။

ယင်းသို့ ပြောကြားမှုများ ပြုလုပ်ထားသော်လည်း UWSA ထိပ်ပိုင်းခေါင်းဆောင်အချို့သည် ကမ္ဘာ့ထိပ်တန်း မူးယစ်ရာဇဝတ်စာရင်းတွင် ပါဝင်နေဆဲဖြစ်ပြီး အမေရိကန်အစိုးရကလည်း အမည်ပျက်စာရင်းမှ ဖယ်ရှားပေးခြင်း မရှိသေးပေ။ ■ j-08

The VOICE Daily

CARTOON



The VOICE Daily

Vacancy Announcement

The Voice Daily သတင်းစာတိုက် Marketing Department တွင် တာဝန်ထမ်းဆောင်ရန်

1. Sales Manager (1) post
2. Asst. Sales Manager (2) posts
3. Sales Supervisor (2) posts
4. Senior Sales Executive (2) posts
5. Sales Executive (2) posts

The Voice Daily သတင်းစာ Digital Marketing Department အတွက်

6. Digital Sales Manager (1) post
7. Asst. Digital Sales Manager (2) posts
8. Digital Sales Executive (2) posts

အမှတ်စဉ်(၁)(၂)အတွက်
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- Sales & Marketing အတွေ့အကြုံ (၄)နှစ်နှင့်အထက် ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
- Sales Target ပြည့်မီရန် တာဝန်ယူနိုင်ရမည်။
- Computer Skill (MS Office) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၃)(၄)(၅)အတွက်
- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- Sales & Marketing အတွေ့အကြုံ (၂)နှစ်နှင့်အထက် ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ တတ်ကျွမ်းရမည်။

အမှတ်စဉ်(၆)အတွက်
- Web analytics tools (eg.Google analytic)၊ Google adWords နှင့် Social Media များကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Digital Marketing အတွေ့အကြုံ (၄)နှစ်နှင့်အထက် ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
- အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

အမှတ်စဉ်(၇)(၈)အတွက်
- Google analytic နှင့် Social Media ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- Digital Marketing အတွေ့အကြုံ(၂)နှစ်နှင့်အထက်ရှိရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။

The Voice Daily သတင်းစာတိုက်
အမှတ် - ၁၅၅/၄ ဦးချစ်မောင်လမ်း(ပြည်လမ်းမှတ်တိုင်အနီး)ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန် ဖုန်း - [illegible]
eimarlar@thevoicemyanmar.net သို့ e-mail ပေးပို့ လျှောက်ထားနိုင်ပါသည်။

# ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ပြန်လည်ဖွင့်လှစ်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

နှစ် ၂၀ ခန့် ပိတ်ထားခဲ့သည့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ခေါ် အာစီတူးကို ဒီဇင်ဘာ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပထမနှစ်ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးမည်ကြောင်း ယင်းတက္ကသိုလ်ထံမှ သိရှိရသည်။

ရန်ကုန်တက္ကသိုလ်တွင် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေ များလာခြင်းကြောင့် စာသင်ဆောင်နှင့် နေထိုင်သည့်အဆောင်နေရာ ကျပ်လာသဖြင့် ပထမနှစ်ကျောင်းသားများကို လှိုင်နယ်မြေတွင် သင်ကြားစေခြင်းဖြစ်သည်။

ပထမနှစ် သင်္ချာအထူးပြုကျောင်းသား ကိုဟေမာန်စိုးညွန့်က "လှိုင်နယ်မြေကို) တက်ချင်စိတ် ရှိပါတယ်။ ကျောင်းသားတစ်ယောက်ရဲ့စတိုင်လို့ ပြောလို့ရတယ်။ တခြားတက္ကသိုလ်တွေနဲ့ ယှဉ်လိုက်ရင် ရှေးခေတ်ပုံရိပ်တွေနဲ့ ပြန်တက်ရမှာမို့လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်တိုင်းစည်ပင်နယ်နိမိတ်ပြင်ပမှ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများကိုလည်း လှိုင်နယ်မြေတွင် အသစ်ဆောက်ထားသည့် ခုနစ်ထပ်အမြင့်ရှိ ကေတုမတီဆောင်နှင့် မြတ်လေးဆောင်တွင် နေထိုင်စေသည်။

"အဆောင်တွေက အကုန်လုံးအဆင်ပြေတယ်။ တခြားတက္ကသိုလ်တွေထက် ပိုပြီးကောင်းတယ်လို့ ထင်တယ်။ သပ်သပ်ရပ်ရပ်လည်းရှိတယ်။ ကျောင်းသားများပေမယ့် အဆောင်ကကျယ်တော့ နေလို့အဆင်ပြေတယ်" ဟု ၎င်းက ထပ်မံပြောကြားသည်။

ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ် ပထမနှစ်သင်တန်းအတွက် ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူ ၁၅၀၀ ကျော်ရှိကြောင်း ယင်းတက္ကသိုလ်တာဝန်ရှိသူများက The Voice သို့ပြောကြားထားသည်။

"ကိုယ့်အလှည့် တုန်းကလည်း ဒီလိုပဲ။ မိန်းထဲမရောက်ဘဲနဲ့ လှိုင်ကိုရောက်လာတယ်။ မြို့ပြင်ထွက်ရတာထက်စာရင်တော့ ကောင်းတာပေ့ါ။ ဒါပေမဲ့ မိန်းထဲမှာပဲ ထူးချွန်တဲ့ကလေးတွေကို အထူးသင်ပေးတာကို ပိုကြိုက်တယ်။ သူများက ဒီကိုတက်ရလို့ဝမ်းသာတယ်လို့ ပြောမယ်ဆိုရင် ဦးလေးကတော့ ဝမ်းမသာဘူး" ဟု ၁၉၇၆ ခုနှစ်တွင် အာစီတူးတက်ခဲ့သူ ဦးဇော်လတ်(ယခု ပထမနှစ်ကျောင်းသားတစ်ဦး၏ဖခင်) က ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ကို ၁၉၉၇ ခုနှစ်နောက်ပိုင်း ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၏ မူလတန်း၊ အလယ်တန်းကျောင်းသားများကို လက်ခံသင်ကြားခဲ့သည်။

ယခုအခါ မူလတန်းနှင့် အလယ်တန်းကျောင်းသားများကို စိုက်ပျိုးရေးမှတ်တိုင်အနီးရှိရန်ကုန်ပညာရေးတက္ကသိုလ်၏ ဘေးကပ်ရပ်၊ အဆိုပါကျောင်းဝင်းအတွင်း အသစ်ဆောက်လုပ်ထားသည့် ကျောင်းဆောင်သို့ ပြန်လည်ရွှေ့ပြောင်းသင်ကြားသည်။ ■

**မြဇာခြည်သင်း**

# ရန်ကုန်အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်သုံးရက်လုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ဒီဇင်ဘာလအတွင်း ကျင်းပမည့် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းဖိုရမ်တွင် ရန်ကုန်တိုင်းကိုယ်စားပြု သဘောထားများ တင်ပြနိုင်ရန်နှင့် အရပ်ဘက်အဖွဲ့အစည်းကွန်ရက်ဖြစ်ပေါ်လာစေရန် ရန်ကုန်တိုင်းဒေသကြီး အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို သုံးရက်ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့များထံမှ သိရသည်။

ဒီဇင်ဘာလ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် ပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တိုင်းရှိ အရပ်ဘက်အဖွဲ့အစည်းပေါင်း သုံးရာကျော်ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာယီကိုယ်စားလှယ် မဥမ္မာက ပြောကြားသည်။

ယခုကျင်းပမည့်ဖိုရမ်တွင် လာမည့် ဒီဇင်ဘာလအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကျင်းပတော့မည့် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်သို့ ရန်ကုန်တိုင်းကိုယ်စားပြု ဦးဆောင်ဆွေးနွေးမည့် ကိုယ်စားလှယ်ရွေးချယ်ခြင်းများ၊ အကြောင်းအရာများ၊ စာတမ်းများပြုစုခြင်းများအပြင် ရန်ကုန်တိုင်း အရပ်ဘက်အဖွဲ့အစည်းကွန်ရက်တစ်ခု ဖြစ်ပေါ်လာရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ရန်ကုန် CSO တွေရဲ့ သမိုင်းကြောင်းတွေ၊ အချင်းချင်းဆွေးနွေးဖို့ issue (အကြောင်းအရာ)အလိုက်တွေ ဆွေးနွေးကြမယ်။ ပြီးတော့ အဲ့ဒီကထွက်လာတဲ့အဖြေတွေကို စုစည်းပြီး ပညာရှင်တွေရဲ့ အကြံပြုချက်တွေနဲ့ ထပ်ပြီးတော့ စာတမ်းပြုစုအဖြေရှာတာတွေ ပြုလုပ်သွားမှာပါ။ ပြီးတော့ တိုင်းကိုယ်စားပြုတဲ့ ကိုယ်စားလှယ်နှစ်ဦးကိုလည်း ထပ်ပြီးတော့ ရွေးသွားမှာပါ" ဟု ၎င်းက ဆိုသည်။

နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ အလုပ်သမား၊ လယ်သမား၊ မသန်စွမ်း၊ လူငယ်၊ မြေယာနှင့် သယံဇာတစသည်ဖြင့် အကြောင်းအရာအလိုက် ဆွေးနွေးသွားမည်ဖြစ်ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် သဘောထား ထုတ်ပြန်ချက်နှင့် စာတမ်းများလည်း ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်(မန္တလေး)ကို ဒီဇင်ဘာလ ၂၇ ရက်မှ ၃၁ ရက်ထိ ကျင်းပရန်လျာထားပြီး နေပြည်တော်တွင်မူ ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းဖိုရမ်တွင် တစ်နိုင်ငံလုံးမှ ပြည်ထောင်စုကိုယ်စားလှယ် ၃၃ ဦးတက်ရောက်ကာ အကြောင်းအရာအလိုက် ဆွေးနွေးကြမည်ဖြစ်ကြောင်း အရပ်ဘက်အဖွဲ့အစည်းများထံမှ သိရသည်။

နိုင်ငံလုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းဖိုရမ် (CSO Forum)သည် တိုင်းနှင့် ပြည်နယ်အဆင့်ဆင့်ကဏ္ဍအလိုက် အရပ်ဘက်အဖွဲ့အစည်းများက ဆွေးနွေးပြီး နိုင်ငံတော်အဆင့် CSO ကော်မတီများမှတစ်ဆင့် ဆွေးနွေးကာ အကြံပြုချက်များကို ညီလာခံတွင် ထည့်သွင်းဆွေးနွေးကြခြင်းဖြစ်သည်။ ■ **J-09**

**မျက်နှာဖုံး - ရဟန်းတစ်ပါးကို ထိုးကြိတ်ခဲ့မှု မှ အဆက်**

တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ရှင်းပြသည်။

ယနေ့စစ်ဆေးပေါ်ပေါက်ချက်နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အနေနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအများ၏ မှန်ကန်စွာဆောင်ရွက်ခြင်း ရှိ၊ မရှိစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

လှည်းကူးမြို့နယ်ရှိ ကုမ္ဘာဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒက သည် နိုဝင်ဘာလ ၂၈ ရက် မွန်းလွဲ ၁ နာရီခန့်က ထောက်ကြန့်မြို့ရှိ ကမ္ဘောဇဘဏ်တွင် ငွေနှစ်သိန်းအပ်နှံပြီး ပြန်ထွက်ရာလာ ပိုက်အောင့်ဝေဒနာ ခံစားနေရပြီး ဆေးသောက်ရန် ဆိုင်တစ်ဆိုင်အတွင်း ဝင်ရောက်ကာ ရေနွေးတောင်းခံရာက ဘီယာဆိုင်ပိုင်ရှင် အမျိုးသားနှင့် စားသောက်ဆိုင်လာရောက်သူ အမျိုးသားတစ်ဦးတို့၏ ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ခံခဲ့ရကြောင်း၊ ထိုသို့ ဝိုင်းဝန်းထိုးကြိတ်ခံရသည်မှာ သုံးနာရီနှင့် လေးနာရီနီးပါးကြာမြင့်ပြီး ဆရာတော်၏ ပိုက်ဆံအိတ်အတွင်းက ငွေကျပ်ငါးသိန်း ပျောက်ဆုံးသွားကြောင်း ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်းရှိ သမ္ဗုဒ္ဓသက်န်းတိုက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲထံမှ သိရသည်။

"ဆရာတော်က အမှန်တကယ်တရားအားထုတ်နေတဲ့ဆရာတော်၊ စာပေတွေလည်း ရေးတယ်၊ ဆရာတော်က ငယ်ငယ်ကတည်းက ရဟန်းပြုထားတာ၊ ဇာတိက ရမ်းဗြဲမြို့နယ်ဇာတိ၊ ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက်မှာ ပညာသင်ပြီး ရဟန်းဖြစ်တယ်၊ သာသနာရေးနဲ့ပတ်သက်ရင် တရားပြ၊ တရားအားထုတ်တာတွေလုပ်နေတာ၊ ဝိနည်းတော်နဲ့အညီ နေထိုင်နေတဲ့ဆရာတော်ပါ" ဟု ထိုးကြိတ်ရိုက်နှက်ခံရသော ရဟန်း၏ ဆရာရင်းဖြစ်သူ ပုသိမ်မြို့ နိုင်ငံတော် သံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒက မိန့်ကြားသည်။

ဆရာတော်အား ထိုးကြိတ်ရိုက်နှက်သူများကို ထောက်ကြန့်နယ်မြေရဲစခန်းက (ပ)၁၂၅၆/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၂၉၅ (က)/၃၂၃/၄၀၃/၁၁၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ပြီး ဖမ်းဆီးအရေးယူထားကြောင်း ယင်းသတင်းစာရှင်းလင်းပွဲထံမှ သိရသည်။ ■ **J 16**

**မျက်နှာဖုံး - သုံးလောင်းပြိုင်လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ၏ မှ အဆက်**

ကျူးလွန်ရာတွင် နာကျင်စေမှု ပုဒ်မ ၃၉၄ တို့ဖြင့် အမှုဖွင့်ခံထားရသူ ဇွဲလင်းထက်နှင့် ၎င်း၏ မိခင် အသက် ၅၃ နှစ် ဒေါ်ရီတင်၊ ဇနီးဖြစ်သူ အသက် ၂၁ နှစ် မခင်ခင်ဖြိုးတို့ကို ဒီဇင်ဘာ လ ၁၄ ရက်နေ့တွင် အနောက်ပိုင်းခရိုင် တရားရုံးတွင် စတင်တရားစွဲဆိုမည်ဖြစ်ကြောင်း လှိုင်မြို့နယ်တရားရုံးထံမှ သိရသည်။

"ဒီအမှုမှာ သုံးလောင်းပြိုင်လူသတ်မှုကျူးလွန်သူ ဇွဲလင်းထက်နဲ့ သူ့ရဲ့မိသားစုကိုပါ ဖမ်းဆီးပြီး အရေးယူထားတယ်။ ဒါပေမဲ့ ဒီပုဒ်မတွေနဲ့ တရားစွဲဆိုလို့ ရမရဆိုတာက ဥပဒေအကြံပေးအဖွဲ့က ဆုံးဖြတ်ပေးလိမ့်မယ်" ဟု ရဲအရာရှိတစ်ဦးက ပြောသည်။

ယင်းသုံးလောင်းပြိုင် လူသတ်မှုကို ဇွဲလင်းထက်တစ်ဦးတည်းက ကျူးလွန်ခဲ့ကြောင်း ထွက်ဆိုခဲ့သော်လည်း အခင်းဖြစ်နေအိမ်မှ ဇွဲလင်းထက် ယူလာသည့် လက်ဝတ်ရွှေထည်ပစ္စည်းများကို ၎င်း၏ မိခင်နှင့် ဇနီးဖြစ်သူတို့က ထုခွဲရောင်းချပေါင်နှံပေးခြင်း၊ သက်သေခံပစ္စည်းအချို့ကို ဖျောက်ဖျက်ပေးခြင်းတို့ကြောင့် ရာဇသတ်ကြီး ပုဒ်မ ၂၀၁၊ ၄၁၄ တို့ဖြင့် တရားစွဲဆိုနိုင်ရန် ဥပဒေအကြံပြုချက်တောင်းခံထားကြောင်း အမှုစစ် ရဲအရာရှိ ဒုရဲမှူးသိန်းဆွေမြင့်က ပြောကြားသည်။

"လူသတ်မှုကိုတော့ ဇွဲလင်းထက်တစ်ယောက်တည်း ကျူးလွန်ခဲ့တယ်။ ဒါပေမဲ့ အခင်းဖြစ်နေအိမ်က ယူလာတဲ့ပစ္စည်းတွေကို သူ့အမေက ထုခွဲရောင်းချ ပေါင်နှံပေးတယ်။ သူ့မိန်းမက သက်သေခံပစ္စည်းတွေကို ဖျောက်ဖျက်ပေးခဲ့တယ်လို့ စစ်ဆေးပေါ်ပေါက်ခဲ့တယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါသုံးလောင်းပြိုင် လူသတ်မှုမှာ နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ လှိုင်သီရိအိမ်ရာဝင်း၊ တိုက်အမှတ်(၃)၊ ခြောက်လွှာတိုက်ခန်းတစ်ခန်းတွင် ဖြစ်ပွားခဲ့ပြီး ခြောက်ရက်အကြာမှ ရဲတပ်ဖွဲ့က သိရှိခဲ့သည်။

အခင်းဖြစ်နေ့က ဇွဲလင်းထက်မှာ လှိုင်သီရိအိမ်ရာဝင်းရှိ ခြောက်လွှာတိုက်ခန်းသို့ လာရောက်ခဲ့ပြီး အိမ်ရှင် ဒေါ်ကေသီလှိုင်နှင့်အသက် ၉ နှစ်အရွယ် မသာယာထွန်း၊ ဆိုင်မှ ဝန်ထမ်းဖြစ်သူ မအေးမာဦးတို့ကို ၎င်းက ဓားဖြင့် ထိုးခုတ်သတ်ခဲ့ပြီးနောက် အခန်းတံခါးကို အပြင်မှ သော့ခတ်ခဲ့ပြီး မော်တော်ယာဉ်တစ်စီး၊ ငွေနှင့် လက်ဝတ်ရွှေထည်များ၊ လက်ကိုင်ဖုန်းနှင့် လက်တော့ပ်တို့ကို ယူဆောင်ထွက်ပြေးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းနောက် နိုဝင်ဘာလ ၁၅ ရက် ညနေပိုင်းတွင် ယင်းတိုက်ခန်းမှ အပုပ်နံ့များ ထွက်လာသောကြောင့် ရဲတပ်ဖွဲ့က တံခါးသော့အား ဖျက်ဆီး၍ ဝင်ရောက်စစ်ဆေးခဲ့ရာ Stay& While စားသောက်ဆိုင်မှ မန်နေဂျာဖြစ်သော အိမ်ရှင် ဒေါ်ကေသီလှိုင်နှင့် ၎င်း၏ သမီးငယ် မသာယာထွန်း၊ ဆိုင်မှ ဝန်ထမ်းဖြစ်သူ မအေးမာဦးတို့၏ ပုပ်ပွသေဆုံးနေသော ရုပ်အလောင်းများကို တွေ့ခဲ့ပြီးနောက် နာရီပိုင်းအတွင်း သုံးလောင်းပြိုင် လူသတ်မှု ကျူးလွန်ခဲ့သူ ဆိုင်ဝန်ထမ်း အသက် ၂၃ နှစ် ဇွဲလင်းထက်ကို ဖမ်းမိခဲ့သည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူ ဇွဲလင်းထက်နှင့် သက်သေခံပစ္စည်း ဖျောက်ဖျက်ပေးမှု၊ လုယက်ယူလာသည့် ပစ္စည်းများကို ထုခွဲရောင်းချပေးမှုတို့ဖြင့် ဇွဲလင်းထက်၏ မိခင်နှင့် ဇနီးတို့ကိုပါ ထပ်မံဖမ်းဆီးအရေးယူခဲ့ပြီး လှိုင်မြို့နယ် တရားရုံးတွင် ချုပ်ရမန်ယူကာ ၎င်းတို့သုံးဦးကို အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သုံးလောင်းပြိုင်လူသတ်မှုမှ ဖမ်းဆီးအရေးယူထားသော မိသားစုကို မီဒီယာများမှ ဓာတ်ပုံမှတ်တမ်းတင်ရန် လှိုင်မြို့နယ် တရားရုံးအပြင်ဘက်တွင် စောင့်ဆိုင်းနေခဲ့ကြသော်လည်း ရုံးထုတ်သည့် ယင်းမိသားစုဝင်သုံးဦးကို ဓာတ်ပုံမှတ်တမ်းမယူနိုင်စေရန် ရုံးအနောက်ပေါက်မှ မြို့နယ်တရားသူကြီး ရုံးခန်းသို့ ထုတ်၍ ချုပ်ရမန် ယူခဲ့ကြသည်။

■ **S-03**


## အမြန်အလိုရှိသည်

### သတင်းစာအရောင်းဝန်ထမ်း

- The Voice Daily သတင်းစာအား သိသန့်ရောင်းချရမည်။
- နံနက်ပိုင်းအချိန်အတွင်းသာ တာဝန်ထမ်းဆောင်ရမည်။
- (လစာ+အရောင်းကော်မရှင်) ခံစားခွင့်ရှိသည်။
- (ကျား/မ)အသက်အရွယ်နှင့် ပညာအရည်အချင်း ကန့်သတ်ချက်မရှိပါ။
- သွက်လက်ဖျတ်လတ်သူ ဖြစ်ရမည်။
- အပတ်စဉ် စနေနေ့တိုင်း နားရက်ရှိသည်။
- လျှောက်ထားလိုပါက The Voice Daily ရုံးခန်း အောက်ပါလိပ်စာသို့(၇)ရက်အတွင်း လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။

အမှတ်-၁၅၇/၄၊ ဦးချစ်မောင်လမ်း၊ (မြေလမ်းမှတ်တိုင်အနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဆက်သွယ်ရန် ဖုန်း-၀၉ ၇၈၅၂ ၂၈၇၇၀၊ ၀၉ ၇၈ ၅၅၅၅ ၇၇၂

# E D I T O R I A L

# သမိုင်းရေးသူတို့၏ ကြီးမားသော တာဝန်

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကိုရိုက်ကူး ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီတစ်ခုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းလိုက်သည့် သတင်းနှင့် ရှစ်ရက်၊ ရှစ်လ၊ ရှစ်ဆယ့်ရှစ်ဟူသည့် ရှစ်လေးလုံး သမိုင်းပြတိုက်တစ်ခုကို သုံးနှစ်အတွင်း တည်ဆောက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ၈၈ မျိုးဆက် ငြိမ်း/ပွင့်အဖွဲ့တို့ စီစဉ်လျက်ရှိသည်ဟူသော သတင်းနှစ်ပုဒ်ကို စာဖတ်သူများ ဖတ်ရှုလိုက်ရလိမ့်မည်ဟု ထင်ပါသည်။ သတင်းတစ်ပုဒ်မှာ မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းကို မှတ်တမ်းတင်မည့်ကိစ္စ ဖြစ်ပြီး နောက်တစ်ပုဒ်မှာ မြန်မာ့သမိုင်းကြောင်းတွင် မည်သို့မျှမေ့ဖျောက်မရ နိုင်သော ဖြစ်ရပ်ကြီးနှင့်ပတ်သက်သော အကြောင်းအရာများကို သမိုင်းပြတိုက် ဖြင့် မှတ်တမ်းထင်ထားမည့်ကိစ္စပင်ဖြစ်ပေသည်။

ဗိုလ်ချုပ်ရုပ်ရှင်ကို ၂၀၁၁ ခုနှစ်က စတင်စီစဉ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဗိုလ်ချုပ် နှစ်တစ်ရာပြည့် မွေးနေ့က ရုံတင်ပြသရန် တာစူခဲ့သော်လည်း ၁၁ မိနစ်စာ အမြည်းသဘောမျှသာ ပြသနိုင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေး ခဲ့ရသည်ဟု သိရပါသည်။ ဗိုလ်ချုပ်ရုပ်ရှင်မှာ သမိုင်းမော်ကွန်းဝင်ရုပ်ရှင်အမျိုးအစား ဖြစ်ရာ ယင်းသို့နှောင့်နှေးကြန့်ကြာခဲ့ရသည်ကိုပင် ကျေးဇူးတင်ရမည်ဖြစ်ပေသည်။ အကြောင်းမှာ ထိုသို့သော ရုပ်ရှင်ဇာတ်ကားမျိုးဟူသည် ဖြစ်ကတတ်ဆန်း ပြီးစလွယ်ရိုက်ကူး၍ မည်သို့မျှမဖြစ်နိုင်သည့် ဇာတ်ကားမျိုးဖြစ်ပြီး သမိုင်းကြောင်း ထဲက ဖြစ်ရပ်မှန် အားလုံးကို ထင်ဟပ်စေရေးအတွက် သမိုင်းမှတ်တမ်းများကို အသေးစိတ် အချိန်ယူကာ ရိုက်ကူးရန် အထူးလိုအပ်သောကြောင့်ပင်ဖြစ်ပေသည်။

ထို့ပြင် သမိုင်းမော်ကွန်းဝင်ရုပ်ရှင်တို့ဟူသည် ဘုန်းတော်ဘွဲ့ကို အသား ပေးသည့် သာမန်ညှောင်ည ဇာတ်ကားမျိုး လုံးဝမဟုတ်သည်ကိုလည်း အထူးပင် သတိချပ်သင့်သည်။ ဆိုလိုသည်မှာ သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦး၏ လူသိများသော အပိုင်း၊ တစ်နည်းအားဖြင့် ကောင်းသည့်အချက်အလက်များကိုသာ ဖော်ကျူး ပြသရမည်ဖြစ်သလို အငြင်းပွားစရာများနှင့် အခြားအားနည်းချက်များ ကိုလည်း မဖြစ်မနေထည့်သွင်းမှသာ မော်ကွန်းဝင်ရုပ်ရှင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ် ပေသည်။ အချိန်ရော ငွေပါ များစွာရင်းနှီးမြှုပ်နှံပြီးမှ ရိုက်ကူးရမည့် ဇာတ်ကားမျိုး ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဗိုလ်ချုပ်သည် မြန်မာ့သမိုင်းတွင် အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသည့်အတွက်ကြောင့်လည်းကောင်း အချိန်ကြာကြာယူနိုင်လေ ကောင်းလေဟုပင် ဆိုချင်ပါသည်။

ရှစ်လေးလုံးအရေးတော်ပုံကိစ္စလည်း အလားတူပင်ဖြစ်ပါသည်။ ယနေ့ခေတ် အသက် ၄၀ နီးပါး လူလတ်ပိုင်းများအပါအဝင် လူငယ်အတော်များများမှာ ၈၈ သမိုင်းကြောင်းကို ဂဃနဏမသိကြသလို ယင်းသမိုင်းကြောင်းကို လေ့လာ ရန်မှာလည်း ထိုခေတ်ထိုအခါကို ဖြတ်သန်းခဲ့သည့် စာရေးဆရာကြီးများ၏ စာအုပ်အချို့(ယနေ့ခေတ်ကာလရောက်မှရေးသားထုတ်ဝေခွင့်ရလာခြင်း ဖြစ် သည်)နှင့် လူကြီးမိဘများ၏ တစ်ဆင့်စကားမျှလောက်သာရှိကြသည်မဟုတ် ပါလော။ ရှစ်လေးလုံးသမိုင်းမှာ လွန်စွာကြီးသည့် သမိုင်းတစ်ခုဖြစ်ရာ စာပေ ပညာရှင်များနှင့် အခြားပညာရှင်များသာမက အစိုးရနှင့် တပ်မတော်တို့ဘက် ကပါ လိုလိုလားလားနှင့် သမိုင်းအချက်အလက်များကို ပံ့ပိုးပေးရန်လိုအပ် ပေလိမ့်မည်။ ထို့အတူ ယနေ့မြန်မာနိုင်ငံ၏ တက္ကသိုလ်အသီးသီးတွင် သမိုင်း ပညာရပ်ကိုလေ့လာသင်ယူနေသူ ကျောင်းသားများနှင့် သမိုင်းပညာဌာန ပါမောက္ခများနှင့် ကထိကတို့ကလည်း ၈၈ သမိုင်းကြောင်းကို Academic ရှုထောင့်မှကြည့်ကာ ရေးသားပြုစုမှုများ ပြုလုပ်သင့်သည်ဟု တိုက်တွန်းလိုပေ သည်။ ထို့အတူ အခြားသမိုင်းကြောင်းများဖြစ်သည့် ၁၉၉၆ ကျောင်းသား လှုပ်ရှားမှု၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး စသည်တို့ကိုလည်း သမိုင်းဌာနမှ တာဝန်ရှိသူများအနေနှင့် သမိုင်းရေးသားကြရန် တစ်ဆက်တည်းတိုက်တွန်း လိုပေသည်။

သမိုင်းကို အချို့က လွှမ်းဆွတ်အောက်မေ့ဖွယ် အတိတ်ဖြစ်ရပ်ဟု ဆိုကြပြီး အချို့က အငြင်းအခုံ(Argument)ဟု သတ်မှတ်ကြသည်။ အချို့ကမူ မျိုချ၍မရနိုင်သည့် အမှန်တရားဟုလည်းဆိုသလို အချို့က စိတ်အနာတရ များကို ပြန်လည်နှိုးဆွပေးသည့် အကြောင်းအရာအဖြစ်သတ်မှတ်ကြပါသည်။ မြန်မာနှင့် ကမ္ဘာ့သိသမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်းကမူ လူအလူန များမဖြစ်စေရန် သမိုင်းကိုလေ့လာကြရမည်ဟု သတိပေးခဲ့ဖူးပေသည်။ မည်သို့ပင်မတူညီသည့် မှတ်ချက်များရှိသည်ဖြစ်စေ၊ မတူညီသည့် နိုင်ငံရေး အရောင်အသွေးများရှိသည်ဖြစ်စေ သမိုင်းပညာရှင်များ သမိုင်းစိတ်ဝင်စား သူများအနေနှင့် မိမိတို့နိုင်ငံ၊ လူ့အဖွဲ့အစည်းတွင်း အမှန်တကယ်တွေ့ကြုံခဲ့ ရသည့် ဖြစ်ရပ်များနှင့် အတွေ့အကြုံများကို ရာစုနှစ်ပေါင်းများစွာတိုင်အောင် ကမ္ပည်းထိုးနိုင်ရေးအတွက် ဘက်လိုက်မှုကင်းစွာ ရေးသားပြုစုကြရမည်သာ ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ ( ၄ - ၁၂ - ၂၀၁၇ )**

# အွန်လိုင်းမှ ယာဉ်မောင်းလိုင်စင်ဖြေရန် လျှောက်ထားသူ အရေအတွက်တိုး

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

အွန်လိုင်းစနစ်ဖြင့် ယာဉ်မောင်းလိုင်စင် လျှောက်ထားဖြေဆိုသူ တစ်ရက်လျှင် ၄၀၀ ကျော်အထိ များပြားလာကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများကို ယခင်က လူကိုယ်တိုင်လျှောက်လွှာတင်ကာဖြေဆိုခွင့်ပြုခဲ့ပြီး အောက်တိုဘာလမှစတင်ကာ အွန်လိုင်းစနစ်ဖြင့် ကြိုတင်စာရင်းသွင်းကာ ဖြေဆိုခွင့်ပြုခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးကပြောကြားသည်။

“အွန်လိုင်းကနေ ကြိုတင်စာရင်းသွင်းပြီး ဖြေဆိုခွင့်ပြုခဲ့တဲ့ အစပိုင်းမှာ ဖြေဆိုသူနည်းပါးတယ်။ အခုကတော့ ဖြေဆိုဖို့ လျှောက်ထားသူက တစ်ရက်ကို လေးရာကျော်ရှိလာတယ်”ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့ရှိ မြင်သာ(က.ည.န) ရုံးတွင် အွန်လိုင်းမှ ယာဉ်မောင်းလိုင်စင် စာတွေ့ဖြေဆိုမှုအတွက် ကြိုတင်စာရင်းသွင်းထားပါက လိုင်စင်ဖြေဆိုရန် ရက်အနည်းငယ်စောင့်ဆိုင်းရမည်ဖြစ်ပြီး ယခုလက်ရှိ တစ်ရက်လျှင် လေးကြိမ် စစ်ဆေးပေးလျက်ရှိကြောင်း က.ည.နထံမှ သိရသည်။

ယခုလက်ရှိတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ များပြားလျက်ရှိပြီး တစ်ရက်လျှင် ဖြေဆိုသူများအနေနှင့် အောင်ချက်နှုန်းထားမှာ ၅၀ ရာခိုင်နှုန်းကျော် အောင်မြင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

“အွန်လိုင်းက စာရင်းသွင်းပြီး ဖြေဆိုရတာ အချိန်ကုန်တာလည်း သက်သာတယ်။ ကိုယ်ဖြေမယ့်နေ့မှ သွားပြီးဖြေလိုက်ရုံပဲ။ အွန်လိုင်းက စာရင်းသွင်းရင် သုံးလေးရက်လောက်ပဲ စောင့်ရတယ်။ အရင်ကဆို ရုံးကိုသွားပြီး ဖြေမယ့်နေ့ကို ကြည့်ရတာနဲ့ အချိန်ကုန်တယ်။ အခုက ဖြေဆိုသူတွေအတွက် အဆင်ပြေတယ်”ဟု သာကေတမြို့နယ်တွင်နေထိုင်သူ ကိုမင်းဇော်ကဆိုသည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများအနေနှင့် မြင်သာ(က.ည.န)ရုံးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စာတွေ့ဖြေဆိုမှုအောင်မြင်ပါက ရွာသာကြီး (က.ည.န)ရုံးတွင် လက်တွေ့မောင်းနှင်မှုကို ဖြေဆိုရမည်ဖြစ်သည်။

■

J-10

# CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 (**Newsroom**), 09 785555772(**Advertising**), 09 785555773(**Distribution**)
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း တစ်ရက် လိုင်စင်မဲ့ဆိုင်ကယ် ၂၀ စီးခန့် ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းမှုကို ထိရောက်စွာဖမ်းဆီးအရေးယူဆောင်ရွက်နေပြီး တစ်ရက်လျှင် လိုင်စင်မဲ့ဆိုင်ကယ်အစီးရေ ၁၅ စီးမှ အစီးရေ ၂၀ စီးခန့် ဖမ်းဆီးရမိကြောင်း အမှတ်-၂၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ် ၃၃ မြို့နယ်တွင် ဆိပ်ကြီးခနောင်တိုနှင့် ဒလမြို့နယ်တွင်သာ ဆိုင်ကယ် စီးနင်းခွင့်ပြုထားပြီး စည်းကမ်းမဲ့ တရားမဝင် စီးနင်းသည့် ဆိုင်ကယ်များကို ထိရောက်စွာ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း အမှတ်-၈၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲမှူး မျိုးအောင်မြင့်က ပြောကြားသည်။

"လိုင်စင်မဲ့ဆိုင်ကယ်တွေက ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံတို့မှာ စီးတာတွေ အရမ်းများတယ်။ အင်အားအခြေအနေအရ ရပ်ကွက်ထဲက လမ်းတွေအထိတော့ မဖမ်းနိုင်သေးဘူး။ လမ်းမကြီးတွေပေါ်မှာ မောင်းနှင်နေတဲ့ မော်တော်ဆိုင်ကယ်တွေကို အဓိကထားဖမ်းဆီးနေတယ်" ဟု ၎င်းကဆိုသည်။

လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းမှုများလာသည့် စက်တင်ဘာလမှ စတင်ကာ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းပြီး ထိရောက်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"မြို့နယ်အချို့က ရပ်ကွက်တွေမှာ လိုင်စင်မဲ့ ဆိုင်ကယ်တွေစီးနင်းပြီး လုယက်မှုတွေ၊ ရာဇဝတ်မှုတွေ ကျူးလွန်လာတာတွေ များလာတဲ့အပြင် ဆိုင်ကယ်တိုက်မှုတွေလည်း များလာတယ်။ အစ်မဆို ရုံးပြန်တော့ ပိုက်ဆံအိတ်ကို ဆိုင်ကယ်နဲ့ လုယူခံရတယ်။ လိုင်စင်မဲ့ဆိုင်ကယ်တွေကို ထိရောက်စွာဖမ်းဆီးပေးပါ" ဟု လှိုင်သာယာမြို့နယ်တွင်နေထိုင်သူ မလဝန်းက ဆိုသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းတွင် စည်းကမ်းမဲ့စီးနင်းသည့် ဆိုင်ကယ်များကို သက်ဆိုင်ရာက ဖမ်းဆီးရမိသည့်အခါ ကညနတွင် မှတ်ပုံတင်ထားသော ဆိုင်ကယ်များကို ရန်ကုန်မြို့တော် စည်ပင်သာယာဥပဒေနှင့်အညီ ဒဏ်ကြေးပေးဆောင်စေပြီး လိုင်စင်မဲ့ ဆိုင်ကယ်များကို သွင်းကုန်၊ ထုတ်ကုန် ဥပဒေဖြင့် အရေးယူကာ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းလျက်ရှိသည်။

■ J-10

# တရုတ်နယ်စပ် ဆန် ဖမ်းဆီးမှုကြောင့် ဈေးကွက်ပျက်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**




မြန်မာ့ဆန် အဓိကဝယ်လက်ဖြစ်သော တရုတ်က တရားဝင်ခွင့်မပြုထားသည့်အတွက် ယင်းအစိုးရက ယခုရက်ပိုင်းအတွင် မူဆယ်နှင့် လွယ်ဂျယ်ကုန်သွယ်စခန်းများမှ တင်ပို့သည့် ဆန်များကို ဖမ်းဆီးမှုများ ဆက်တိုက် ပြုလုပ်နေခြင်းကြောင့် ယင်းကုန်စည်ဈေးကွက်များ အေးစက်ကြောင်း ယင်းဈေးကွက်များအတွင်းမှ သိရသည်။

လတ်တလော တရုတ်အစိုးရဘက်က ဆန်တင်ပို့မှုများကိုသာ ဖမ်းဆီးခြင်းဖြစ်ပြီး ပြောင်း၊ သကြားနှင့် နှမ်းတင်ပို့မှုများကို ဖမ်းဆီးခြင်းမရှိသေးကြောင်း ယင်းဈေးကွက်များအတွင်းရှိ ကုန်သည်များထံမှ သိရသည်။

"(မူဆယ် ၁၀၅ ကုန်သွယ်ရေးစခန်းသို့) ကားက အဝင်များတယ်။ ဒါပေမဲ့လည်း တစ်ဖက်က ဖမ်းနေတယ်။ နောက်တစ်ခု ရွှေလီနယ်စပ်ဂိတ်ပေါက်ကို ပိတ်မယ်လို့ တရုတ်ဘက်က ပြောထားတယ်။ ဒါကြောင့်လည်း ဒီဘက်မှာ ကုန်သွယ်မှုလမ်းကြောင်းတွေ သိပ်မကောင်းဘူး" ဟု ယင်းအသင်းဥက္ကဋ္ဌ ဦးလှမောင်က ပြောဆိုသည်။

အဆိုပါအတည်မပြုနိုင်သည့်သတင်းများကြောင့် တရုတ်ဘက်ကလည်း ဆန်အဝယ်နည်းကာ လယ်ယာထွက်ကုန်အများစုမှာ ဈေးကျဆင်းနေကြောင်း၊ လတ်တလော မူဆယ်ကုန်စည်ဈေးကွက်သို့ ဆန်ဝင်ရောက်မှုမှာလည်း လျော့နည်းနေကြောင်း ၎င်းက ဆိုသည်။

လတ်တလော မူဆယ် ၁၀၅ မိုင်ကုန်စည်ဈေးကွက်အတွင်းသို့ တစ်ရက်လျှင် ကုန်တင်ကား အစီးရေ တစ်ရာကျော်ဝင်ရောက်သော်လည်း ယခင်က တစ်ရက်လျှင် ကုန်တင်ကား အစီးရေ ၂၀၀ ခန့်ဝင်ရောက်ကြောင်း မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းထံမှ သိရသည်။

ထို့သို့ပင် ကချင်ပြည်နယ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တင်ပို့မှုကိုလည်း ယခုရက်ပိုင်းအတွင်း ဆက်တိုက်နီးပါး ဖမ်းဆီးသည့်အပြင် ကုန်သည်များကိုပါ ဖမ်းဆီးအရေးယူမှုများပြုနေကြောင်း ကုန်သည်များထံမှ သိရသည်။

တရုတ်ဘက်တွင်ရာသီဥတုမကောင်းဘဲ သီးနှံအထွက်နှုန်းလျော့ပါက မြန်မာနိုင်ငံမှ ကုန်စည်တင်ပို့မှုများကို ဖမ်းဆီးခြင်းမပြုဘဲ ယင်းနိုင်ငံ၌ လယ်ယာထွက်သီးနှံများအထွက်ကောင်းပါက တရားမဝင်ကုန်သွယ်ရေးဟု သတ်မှတ်ကာ ဖမ်းဆီးနေသည်မှာ အစိုးရအဆက်ဆက်ရှိနေသည်ပင်ဖြစ်သည်။ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များကို တရားဝင်တင်ပို့ခွင့်၊ တင်သွင်းခွင့် ပြုနေသော်လည်း တရုတ်အစိုးရဘက်ကမူ တရားဝင်ကုန်သွယ်ရေးအဖြစ် သတ်မှတ်ပေးထားခြင်းမရှိပေ။

တရုတ်အစိုးရသည် အမျိုးသားဒီမိုကရေစီ(NLD)ပါတီအစိုးရ စတင်တက်ရောက်သည့်ကာလ ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက ဆန်အပါအဝင် တရုတ်သို့အဓိကတင်ပို့နေသော မြန်မာ့လယ်ယာထွက်ပစ္စည်းများဖြစ်သည့် ပြောင်း၊ သကြားတို့ကိုလည်း အဖမ်းအဆီးများပြုလုပ်ခဲ့သည့်အတွက် မူဆယ်ကုန်စည်ဈေးကွက်ရပ်တန့်ခဲ့ရသည်။

■ J-13



# မြန်မာ့ခရီးသွားလုပ်ငန်း တရုတ်ကမ္ဘာလှည့်များကို ဈေးကွက်ပစ်မှတ်ထား

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံသို့ ဥရောပနိုင်ငံအချို့မှ ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှု လျော့နည်းလာသည့်အတွက် တရုတ်နိုင်ငံခရီးသွားများ ပိုမိုဝင်ရောက်ရန် ဈေးကွက်ပစ်မှတ်ထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ထံမှသိရသည်။

"နယ်စပ်မှာဖြစ်တဲ့ပြဿနာကိုပုံကြီးချဲ့ပြီး မြန်မာနိုင်ငံကို ဧည့်သည်မလာဖို့ တချို့နိုင်ငံတွေက ပြောနေတာတွေ ရှိနေတယ်။ ဒီတော့ တို့တွေက ပြောနေတဲ့နိုင်ငံတွေကို အသာဖယ်ထားပြီး အာရှမှာရှိနေတဲ့ တရုတ်တို့၊ ဂျပန်တို့၊ ကိုရီးယားတွေကို ဈေးကွက်မြှင့်တင်ဖို့ အပြင်းအထန်ကြိုးစားမယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းကဆိုသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များတွင် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ဖြစ်သော်လည်း လက်ရှိတွင် တစ်သိန်းရှစ်သောင်းခန့်သာ ဝင်ရောက်မှုရှိနေကြောင်းနှင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ တရုတ်နိုင်ငံမှ ဆယ်သန်းခန့်ဝင်ရောက်လျက်ရှိနေကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

"တရုတ်ခရီးသွားတွေကို လက်ရှိမှာ မူဆယ်နယ်စပ်ဝင်ပေါက်ကနေ ဝင်ရောက်ခွင့် မပြုထားဘူး။ ပိတ်ထားတာ တစ်နှစ်လောက်ရှိပြီ။ တရုတ်ခရီးသွားတွေက လွယ်လွယ်ကူကူဝင်ရောက်နိုင်ရင် ဧည့်သည်တွေ အများကြီးလာနိုင်တဲ့ အနေအထားပါ" ဟု တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုဥက္ကဋ္ဌ ဦးမျိုးသန့်ကဆိုသည်။

တရုတ်ခရီးသွားများအနေနှင့် ဘာသာစကားအခက်အခဲများနှင့်ပြည်ဝင်ခွင့်ဗီဇာ ဖောင်ဖြည့်စွက်ရာတွင် လွယ်ကူသည့်နိုင်ငံများကိုသာ အဓိကထားသွားရောက်လေ့ရှိပြီး မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်ရန် ပိုမိုဆန္ဒရှိနေကြောင်း တရုတ်ခရီးသွားဈေးကွက်လုပ်ဆောင်သည့်ခရီးသွားလုပ်ငန်းရှင်များက ဆိုသည်။

"လက်ရှိမှာ ပြင်သစ်တို့၊ ဂျာမန်တို့က နည်းနည်းလျော့သွားတယ်။ ရခိုင်အရေးကို ဂိုက်တွေက ဧည့်သည်တွေကို မဖြစ်မနေရှင်းပြရတဲ့အနေအထားတစ်ခုလိုဖြစ်လာတယ်။ အခုလို တရုတ်ဈေးကွက်ကိုပြောင်းလဲဦးတည်တာက ကောင်းတဲ့ဖြေရှင်းနည်းတစ်ခုပါပဲ" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းကဆိုသည်။

မြန်မာနိုင်ငံအနေနှင့် e- Visa နှင့် ဆိုက်ရောက်ဗီဇာကို ပြည်ပခရီးသွားများအတွက် ခွင့်ပြုထားသော်လည်း အစုအဖွဲ့ဖြင့် သွားလာမှုများပြားသည့် တရုတ်ခရီးသွားများသည် အင်္ဂလိပ်စကား အားနည်းသဖြင့် အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

တရုတ်ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရေး မြန်မာနိုင်ငံပြည်ဝင်ခွင့်ဗီဇာ ဖြေလျှော့ပေးနိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ညှိနှိုင်းမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ပြောကြားသည်။

တရုတ်ခရီးသည်များသည် ပြည်ပနိုင်ငံများသို့ ခရီးထွက်ရာတွင် ဈေးဝယ်မှုအဆင်ပြေခြင်း၊ နာမည်ကြီး စားသောက်ဖွယ်ရာအသစ်အဆန်းများကို ဝယ်ယူစားသုံးခြင်း၊ ဆွဲဆောင်မှုရှိသော နေရာအသစ်များကို လည်ပတ်ခြင်း စသည့်စံနှုန်းများဖြင့် ရွေးချယ်၍သွားရောက်လည်ပတ်လေ့ရှိကြောင်း တရုတ်ခရီးသွားဧည့်လမ်းညွှန်များထံမှ သိရသည်။

■ J-14




ဓာတ်ပုံ - သီတာဆွေ

ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း၏ ပြည်သူ့ လူထု အခြေပြု အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများ ရှင်းလင်းနေစဉ်

# ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး မထိုးမီ စမ်းသပ်စစ်ဆေးမှုများ အားဖြည့်ဆောင်ရွက်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ပြည်သူ့လူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုး အစီအစဉ်ကိုဒီဇင်ဘာလ ၁၁ ရက်မှ ၂၀ ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ရာ ကာကွယ်ဆေးမထိုးမီ စမ်းသပ်စစ်ဆေးမှုများ အားဖြည့်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ပြောကြားသည်။

ပြည်သူ့လူထု ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပိုမိုစိတ်ချရသော ကာကွယ်ဆေးထိုးလုပ်ငန်းဖြစ်စေရန် ရည်ရွယ်ထားရာ ကာကွယ်ဆေးမထိုးမီ ဆေးမထိုးသင့်သည့်အခြေအနေနှင့် အခြားသောရောဂါလက္ခဏာရှိ၊ မရှိနှင့် ကျန်းမာရေးအခြေအနေမေးမြန်းခြင်း၊ ကာကွယ်ဆေးမထိုးသင့်သည့်အခြေအနေကိုမိဘများသိရှိရန် ကာကွယ်ဆေးထိုးစုရပ်တိုင်းတွင် ပိုစတာများချိတ်ဆွဲပေးခြင်း၊ မိဘများသိလိုသည့်အချက်များကို အသိပေးဆွေးနွေးခြင်း၊ ကာကွယ်ဆေးထိုးပြီး တစ်နာရီစောင့်ကြည့်ကာ နောက်ဆက်တွဲလက္ခဏာပေါ်ပေါက်ပါက ဆရာဝန်၊ ဆရာမများထံ ချက်ချင်းအသိပေးစေခြင်း၊ ကလေးအထူးကုပါမောက္ခဆရာဝန်ကြီးများနှင့် အချိန်မရွေး တိုင်ပင်နိုင်ရန် စီစဉ်ထားရှိခြင်း စသောလုပ်ငန်းများ အားဖြည့်ထားကြောင်း ဒီဇင်ဘာလ ၃ ရက်နေ့က PARKROYAL ဟိုတယ်၌ပြုလုပ်သည့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း သတင်းစာရှင်းပွဲတွင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၁၁ ရက်မှ ၂၀ ရက်နေ့အထိ ထိုးနှံပေးမည့် လူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုး အစီအစဉ်တွင်ကာကွယ်ဆေး လုံးဝမထိုးရမည့်ကလေးများနှင့် ရက်ရွှေ့ဆိုင်းထိုးနှံရမည့်ကလေးဟူ၍ ခွဲခြားထားမည်ဖြစ်ကြောင်း၊ ယင်းတို့အတွက် ကာကွယ်ဆေးထိုးစုရပ်များတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးစီ သီးခြားထားရှိမည်ဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းက ဖြည့်စွက်ပြောကြားသည်။

"ကာကွယ်ဆေးနဲ့မတည့်တဲ့ကလေးတွေ၊ ခုခံအားကျနေတဲ့ကလေးတွေ လုံးဝမထိုးပါနဲ့။ လတ်တလောမှာ ရောဂါတစ်ခုခုဖြစ်နေတဲ့ကလေးတွေလည်း မထိုးပါနဲ့။ အဓိက က ကာကွယ်ဆေးလွှမ်းခြုံဖို့မဟုတ်ဘူး။ ဒီရောဂါကိုကာကွယ်နိုင်ဖို့ ရည်မှန်းတာပါ" ဟု ၎င်းကဆိုသည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းအခြေပြုဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးအစီအစဉ်ကို နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၃ ရက်နေ့အထိပြုလုပ်ခဲ့ရာ လူဦးရေထူထပ်သည့်ရန်ကုန်တိုင်းအနေနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းက ပြောကြားသည်။

"ပြည်နယ်နဲ့တိုင်းအားလုံးမှာ မငြိမ်းချမ်းတဲ့နယ်တွေဖြစ်တဲ့ ကချင်၊ ရှမ်း (အရှေ့၊ တောင်၊ မြောက်) နဲ့ ကယားပြည်နယ်က ၉၀ နဲ့ ၉၅ ရာခိုင်နှုန်းကြား ရခဲ့တယ်။ ရခိုင်ကတော့ ၈၃ ရာခိုင်နှုန်းပေါ့။ ပြည်နယ်တွေနဲ့အတူ ၉၅ ရာခိုင်နှုန်းအောက်နည်းတာက မီဒီယာရိုက်ခတ်မှုအများဆုံးရှိတဲ့ ရန်ကုန်တိုင်းပါပဲ" ဟု၎င်းက ပြောဆိုသည်။

အဆိုပါကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်အရ ဧရာဝတီတိုင်းသည် ၉၇ ရာခိုင်နှုန်း၊ ပဲခူးတိုင်းနှင့် ချင်းပြည်နယ် ၉၅ ရာခိုင်နှုန်း၊ ကချင်ပြည်နယ် ၉၃ ရာခိုင်နှုန်း၊ ကယား ၉၄ ရာခိုင်နှုန်း၊ ကရင်ပြည်နယ် ၉၅ ရာခိုင်နှုန်း၊ မကွေးတိုင်း ၉၇ ရာခိုင်နှုန်း၊ မန္တလေးတိုင်း ၉၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ် ၉၆ ရာခိုင်နှုန်း၊ နေပြည်တော် ၉၅ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ် ၈၃ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်း ၉၈ ရာခိုင်နှုန်း၊ ရှမ်း(ရှေ့) ၉၄ ရာခိုင်နှုန်း၊ ရှမ်း(မြောက်) ၉၁ ရာခိုင်နှုန်း၊ ရှမ်း(တောင်) ၉၄ ရာခိုင်နှုန်း၊ တနင်္သာရီ ၉၅ ရာခိုင်နှုန်းနှင့် ရန်ကုန်တိုင်း ၉၀ ရာခိုင်နှုန်း လွှမ်းခြုံခဲ့ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ သတင်းအချက်အလက်များအရ သိရသည်။

■J-12

# စိန်ရောင်းဝယ်ခြင်း အခမဲ့သင်တန်းပေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

စိန်ဆိုင်ဖွင့်လိုသူများ၊ စိန်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပြုလုပ်လိုသူများ၊ စိန်ဝါသနာရှင်များနှင့် စိန်ပညာစိတ်ဝင်စားသူများအတွက် အောင်သီရိစိန်တိုက်က နိုင်ငံတကာမှ စိန်ပညာရှင်များဖြင့် အခမဲ့သင်တန်း ပို့ချပေးမည်ဖြစ်ကြောင်း အောင်သီရိစိန်တိုက်ထံမှ သိရသည်။

ယင်းသင်တန်း၌ စိန်အတု၊ အစစ်ခွဲခြားခြင်း၊ အရည်အသွေး အကဲဖြတ်ခြင်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀၀ မှ ၃၀၀ ထိလက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း ယင်းစိန်တိုက်ထံမှ သိရသည်။

"တကယ်လုပ်ငန်းလုပ်နေတဲ့သူတွေကိုပဲ လက်ခံမှာပါ။ ကဏ္ဍအလိုက်ခွဲပြီး သင်ပေးမှာပါ" ဟု အောင်သီရိစိန်တိုက် အမှုဆောင်အရာရှိ ဒေါ်သီရိက ပြောဆိုသည်။

အဆိုပါစိန်ပညာသင်တန်းကို ဒီဇင်ဘာ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ၃၈ လမ်းထောင့်ရှိ Asia Plaza Hotel တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ သင်ကြား ပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေနှင့် ဓာတ်ပုံ ၂ ပုံနှင့်တကွ ဒီဇင်ဘာလ ၈ ရက်နေ့ နောက်ဆုံးထား၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း ဆိုင်အမှတ် ၂၊ အမှတ် ၄၅၈/၄၆၀ နှင့် မန္တလေးရှိ ၂၈ လမ်းနှင့် ၂၉ လမ်းကြား ဆိုင်အမှတ် ၁၊ အမှတ် ၈၀ စသည့် အောင်သီရိစိန်တိုက်များတွင် စာရင်းပေးသွင်းနိုင်ကြောင်း ယင်းစိန်တိုက်ထံမှ သိရသည်။

စိန်နှင့် စိန်အကဲဖြတ်သည့် သင်တန်းများကိုပြင်ပသင်တန်းများတွင် အချိန်သုံးလခန့်သင်ကြားခြင်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းဝန်းကျင်ခန့်ရှိကြောင်း ရွှေဆိုင်ပိုင်ရှင်များထံမှ သိရသည်။ ■J-11

## NEWS IN BRIEF

### ကုန်သည်စက်မှုအသင်းချုပ် ညီလာခံကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီလာခံ 'UMFCCI CONVENTION ၂၀၁၇' ကို ဒီဇင်ဘာလ ၉ ရက်နေ့တွင် ယင်းအသင်းချုပ် ပထမထပ်၊ မင်္ဂလာခန်းမတွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအသင်းချုပ်ထံမှ သိရသည်။

အဆိုပါညီလာခံ၌ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ရန် မည်သည့် စီးပွားရေးလုပ်ငန်းများကို ဦးစားပေးလုပ်သင့်ကြောင်းအပါအဝင် အသင်းသားများ၏ တင်ပြမှုများကို ဆွေးနွေးခြင်းနှင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို နားထောင်၍ အစိုးရထံသို့ ပြန်လည်တင်ပြမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

■ J-11

# TMH တယ်လီကွန်းကုမ္ပဏီကို ငါးခုမြောက် စတော့အိတ်ချိန်း ကုမ္ပဏီအဖြစ် ခွင့်ပြု

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

စာရင်းဝင်ကုမ္ပဏီလေးခုဖြင့် ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်နေသော ရန်ကုန်စတော့အိတ်ချိန်း၌ ငါးခုမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် TMH တယ်လီကွန်းအများပိုင်ကုမ္ပဏီကို ခွင့်ပြုကြောင်း ရန်ကုန်စတော့အိတ်ချိန်းထံမှ သိရသည်။

ယင်း TMH တယ်လီကွန်းအများပိုင်ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းသို့ ဒီဇင်ဘာလအတွင်း ဝင်ရောက်မည်ဖြစ်၍ အဆိုပါကုမ္ပဏီ၏ ရှယ်ယာအရောင်းအဝယ်များပြုလုပ်မည်ဖြစ်ကာ အဆိုပါကုမ္ပဏီသည် စတော့အိတ်ချိန်းတွင် အများပြည်သူသို့ ရှယ်ယာအသစ်များရောင်းချမည့် ပထမဆုံးစာရင်းဝင်ကုမ္ပဏီဖြစ်လာမည်ဖြစ်ကြောင်း ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ထံမှ သိရသည်။

လက်ရှိရောင်းချနေသည့် ကုမ္ပဏီများအားလုံးသည် ရှယ်ယာအဟောင်းများကိုသာ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး လက်ရှိအချိန်၌လည်း ရှယ်ယာအဟောင်းများဖြင့်သာ ဈေးကွက်အရောင်းအဝယ်ပြုလုပ်နေသည်။

"အများပြည်သူကို ရှယ်ယာ ဘယ်လောက်ကမ်းလှမ်းရောင်းချသွားမယ်ဆိုတဲ့ ရှယ်ယာပမာဏကတော့ မသိသေးဘူး၊ လာမယ့် ဒီဇင်ဘာ ၁၀ ရက်နေ့မှာ သိရမယ်" ဟု ၎င်းက ပြောဆိုသည်။

TMH ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းစတင်ချိန်၌ အဆိုပြုခဲ့သည့်ကုမ္ပဏီခြောက်ခု၌ ပါဝင်ခဲ့ခြင်းမရှိဘဲ ယင်းကာလက အဆိုပြုခဲ့သည့် မြန်မာ့လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (MAPCO)နှင့် ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီတို့ထက် ဆောလျင်စွာ ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့စတော့အိတ်ချိန်းသို့ ရှယ်ယာအသစ်ရောင်းချမည့် စာရင်းဝင်ကုမ္ပဏီသစ်ဝင်ရောက်လာခြင်းကြောင့် ဈေးကွက်အရောင်းအဝယ် သွက်လက်လာမည်ဖြစ်သော်လည်း ပြည်သူများသို့ စတော့အိတ်ချိန်းနှင့်ပတ်သက်သည့် ပညာပေးခြင်းများ ပိုမိုပြုလုပ်ပေးသင့်ကြောင်း စီးပွားရေးပညာရှင်များက မှတ်ချက်ပြုသည်။

လက်ရှိရန်ကုန်စတော့အိတ်ချိန်း၌ ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (FMI)၊ မြန်မာသီလဝါ အထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီ(MTSH)၊ မြန်မာနိုင်ငံသားများဘဏ်(MCB)နှင့် ပထမပုဂ္ဂလိကဘဏ်(FPB)တို့က ရှယ်ယာများ အရောင်းအဝယ်လုပ်ဆောင်နေပြီး မြန်မာ့လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (MAPCO)နှင့် ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီတို့ကလည်း စတော့အိတ်ချိန်းသို့ဝင်ရန် လုပ်ဆောင်နေကြသည်။

TMH တယ်လီကွန်းအများပိုင်ကုမ္ပဏီ သည် ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အခြေခံအဆောက်အဦ တည်ဆောက်ခြင်း၊ ဖုန်းငွေဖြည့်ကတ် ထုတ်လုပ်ခြင်း၊ အင်တာနက်ဖိုက်ဘာ ပြုပြင်ထိန်းသိမ်းခြင်းအပြင် အခြားဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေသည့်ကုမ္ပဏီတစ်ခု ဖြစ်သည်။

■ J-01



ဓာတ်ပုံ - The Voice

# ပြည်တွင်းကြက်သွန်ဈေးကောင်းသော်လည်း ပြည်ပမှ တင်သွင်းသူမရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

စံချိန်တင်ဈေးနှုန်းထိ မြင့်တက်နေသည့်အတွက် နိုဝင်ဘာ ၃၀ ရက်နေ့မှစ၍ ပြည်ပမှ ကြက်သွန်များ တရားဝင်တင်သွင်းခွင့်ပြုထားသော်လည်း ယခုအချိန် (ဒီဇင်ဘာ ၄ ရက်)ထိ တင်သွင်းမည့်သူမရှိသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ကြက်သွန်နီသစ်များ ထွက်ပေါ်နေပြီဖြစ်သော်လည်း ကြက်သွန်စိုက်ဒေသများတွင် မိုးကြီးခဲ့သည့်အတွက် ကြက်သွန်အပျက်များခြင်းကြောင့် သမိုင်းတစ်လျှောက် ဒုတိယမြောက် အမြင့်ဆုံးဈေးသို့ရောက်ရှိခဲ့သည့်အတွက် စီးပွားကူးသန်းဝန်ကြီးဌာနက ဒုတိယအကြိမ်မြောက် ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့ရသည်။

"အခုထိတော့ တင်သွင်းခွင့် လာလျှောက်တဲ့သူတော့ မရှိသေးဘူး" ဟု စီးပွားကူးသန်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

ပထမအကြိမ် ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့သည့် ၂၀၁၅ နိုဝင်ဘာလအတွင်းက ခွင့်ပြုပြီး ရက်ပိုင်းအတွင်း တင်သွင်းခွင့်လျှောက်ထားသူများရှိခဲ့ပြီး ယင်းကာလက မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယခုတင်သွင်းခွင့်လျှောက်ထားရာတွင် တစ်ဦးချင်း ကုန်သွယ်ခွင့်ကတ် (ITC) ကတ်များဖြင့် တင်သွင်းခွင့်ပြုသော်လည်း လာရောက်လျှောက်ထားသူ မရှိသေးခြင်းဖြစ်သည်။

"ပြည်ပက သွင်းဖို့မလိုသေးပါဘူး။ ဘယ်သူတွေက သွားတောင်းဆိုလည်း မသိဘူး။ ကြက်သွန်သစ်ကလည်း ဈေးတက်နေတော့ တောင်သူတွေက နုတ်ရရ၊ မရရ နုတ်ကြတော့မယ်။ ပြီးတော့ ကြက်သွန်နီအဟောင်း လက်ကျန်တွေလည်း ပိဿာချိန် သိန်းနဲ့ချီကျန်ပါသေးတယ်" ဟု မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်ဟန်က ပြောဆိုသည်။

ကြက်သွန်ဈေးသည် ယခုနှစ် ဇူလိုင်လအတွင်းမှစ၍ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ နောက်ဆုံးပတ်သို့ ရောက်ရှိချိန်တွင် ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ကျော်ဖြင့် စံချိန်တင်ဈေးသို့ ရောက်ရှိခဲ့သည်။

■ S-04

# ကြက်မွေးမြူထုတ်လုပ်မှုဆိုင်ရာ အချက်အလက်စင်တာ တည်ထောင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ကြက်နှင့် ကြက်ထွက်ပစ္စည်းပြည်ပသို့ တင်ပို့၊ တင်သွင်းခြင်းနှင့် ပြည်ပတွင်းမှ ထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများကို မေးမြန်းနိုင်မည့် ဒေတာစင်တာ(Data Base)တည်ထောင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံ တင်ပြထားကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အချက်အလက်စင်တာ မရှိသဖြင့် ပြည်တွင်းရှိဥစားကြက်၊ အသားစားကြက်ပမာဏ၊ ကြက်နှင့် ကြက်ထွက်ပစ္စည်း တစ်နှစ်တင်သွင်းသည့်ပမာဏ၊ ထွက်ရှိသည့်ပမာဏတို့ကို တိတိကျကျ မသိရှိကြောင်း တင်သွင်းသည့်ပမာဏနှင့် ထွက်ရှိသည့်ပမာဏများ တိတိကျကျသိရှိပါက ကြက်နှင့် ကြက်ထွက်ပစ္စည်းများ တရားမဝင် နယ်စပ်ဖြတ်ကျော်တင်သွင်းမှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောကြားသည်။

အဆိုပါအချက်အလက်စင်တာ တည်ထောင်ရန် တင်ပြမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ရန် မွေး/ကု ဦးစီးဌာနကသဘောတူထားသော်လည်း လက်ရှိအချိန်အထိ လုပ်ငန်းမစတင်နိုင်သေးကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အချက်အလက်စင်တာကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မလုပ်ဆောင်နိုင်ပါက တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာအသင်းအဖွဲ့များဖြင့် ပူးပေါင်းအကောင်အထည်ဖော်သင့်ပြီး ကြက်နှင့် ကြက်ထွက်ပစ္စည်းများ တရားမဝင်နယ်စပ်ဖြတ်ကျော် တင်သွင်း၊ ထုတ်လုပ်မှုများကိုလည်း တားဆီးရန်နှင့် စီးပွားဖြစ် ကြက်ဥဖောက်တင်သွင်းသည့်ပမာဏကို ထိန်းကျောင်းပေးရေးတို့ကိုလည်း ထည့်သွင်းတင်ပြထားကြောင်း ယင်းအဖွဲ့ချုပ် ထံမှ သိရသည်။

■ J-11

**ဒီဇင်ဘာလ ၄ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ**

| Name | Opening Price | 11(AM) Pirce | 1(PM) Price | Change | Trading Shares | TradingValue (MMK) |
|---|---|---|---|---|---|---|
| FMI | 12500 | 12500 | 12500 | - | 1415 | 17,687,500 |
| MTSH | 3150 | 3100 | 3150 | - | 12559 | 39,419,050 |
| MCB | 8800 | 8800 | 8800 | - | 0 | 0 |
| FPB | 26000 | 26000 | 25500 | -500 | 800 | 20,400,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 4.12.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၃ | ၁၆၀၅ | ၁၀၀၄ |
| ရောင်းဈေး(ကျပ်) | ၁၃၅၆ | ၁၆၀၈ | ၁၀၀၇ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 4.12.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၆၂၈,၀၀၀ (ဖွင့်) | ၆၂၈,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၇၅ (ဖွင့်) | ၁၂၇၁ (ပိတ်) |


ဓာတ်ပုံ-မောင်သန့်

မန္တလေးတိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အထူးအစည်းအဝေးကို ဒီဇင်ဘာလ ၄ ရက်နေ့က ကျင်းပနေစဉ်

# မန္တလေးတိုင်း ကုန်သည်စက်မှုအသင်း ပြင်ဆင်ထားသည့် သင်းဖွဲ့စည်းမျဉ်းကို အတည်ပြု

**မန္တလေး၊ ဒီဇင်ဘာ ၄**

မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)က ပြင်ဆင်ဖွဲ့စည်းလိုက်သော သင်းဖွဲ့စည်းမျဉ်းမူကြမ်းကို အတည်ပြုသတ်မှတ်နိုင်ခဲ့ကြောင်း ယင်းအသင်းသားအသင်းသူများထံမှ သိရသည်။

အသင်းသားစုံညီ အထူးအစည်းအဝေးကို ဒီဇင်ဘာလ ၄ ရက်နေ့က မန္တလေးတိုင်း MRCCI ရုံးခန်းတွင် ကျင်းပခဲ့ပြီး အသင်းသား ၂၀၀ နီးပါး တက်ရောက်ကာ သင်းဖွဲ့စည်းမျဉ်း အခန်း (၄)၊ အပိုဒ် (၂၂/ဃ) ပါ အလုပ်အမှုဆောင်ဟောင်း ၄၀ ရာခိုင်နှုန်းကို အလုပ်အမှုဆောင်သစ်အဖွဲ့တွင် ပြန်လည်ပါဝင်ရန် သတ်မှတ်ထားသည့်အပိုဒ်အား ၄၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်မှုကို အသင်းသူအသင်းသားက လက်ခံသည့်အတွက် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

"အသင်းရဲ့အခြေအနေကို အလုပ်အမှုဆောင်ဟောင်းတွေက ပိုသိတယ်။ မန္တလေးတိုင်းရဲ့ အင်အားအတောင့်ဆုံးအသင်းမှာ တကယ်အလုပ်လုပ်တဲ့အမှုဆောင်ဟောင်းတွေပါလာမယ်။ ညီနောင်အသင်းက အလုပ်အမှုဆောင်တွေ ပါလာမယ်။ အသင်းသားတွေရွေးချယ်လိုက်တဲ့ အမှုဆောင်သစ်တွေပါလာမယ်။ ဒီသုံးခုပေါင်းလိုက်ရင် အသင်းက အင်အားတောင့်တင်းပြီး မအောင်မြင်စရာမရှိဘူး။ ဒါကြောင့် ရာခိုင်နှုန်းတစ်ခုပါဝင်သင့်တယ်ဆိုပြီး ၂၀ ရာခိုင်နှုန်းကို ရွေးချယ်သတ်မှတ်လိုက်တာပါ" ဟု လက်ရှိ MRCCI အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ပြောကြားသည်။

MRCCI ၏ သင်းဖွဲ့စည်းမျဉ်း အခန်း (၄)၊ အပိုဒ်(၂၂/ဃ) တွင် အသင်း၏လုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်ရန် လက်ရှိအမှုဆောင်အဖွဲ့ဝင်များအနက် ၄၀ ရာခိုင်နှုန်းကို ရွေးချယ်တင်မြှောက်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်ပါ အလုပ်အမှုဆောင်ဟောင်း ၄၀ ရာခိုင်နှုန်း ပြန်လည်ထည့်သွင်းထားခြင်းကို အသင်းသားအချို့က လက်မခံသည့်အတွက် ယင်း ၄၀ ရာခိုင်နှုန်းအစား ၂၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ် ပြဋ္ဌာန်းသည့် ဥပဒေမူကြမ်းကို မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့မှာတော့ ပြင်ဆင်ထားတဲ့စည်းမျဉ်းကို အသင်းသားတိုင်းက သဘောတူလက်ခံတဲ့အတွက် ပြင်ဆင်နိုင်ခဲ့တယ်။ တကယ်လည်းကျေနပ်ပါတယ်။ ပြောင်းလိုက်တဲ့ ၂၀ ရာခိုင်နှုန်းက မျှတပါတယ်။ အရင်က ၄၀ ရာခိုင်နှုန်းသတ်မှတ်ထားတာ။ ၄၀ ရာခိုင်နှုန်းဆိုရင် လူငယ်မျိုးဆက်သစ်တွေကိုနေရာပေးဖို့ နည်းလွန်းလို့ တချို့က ကန့်ကွက်ပါတယ်။ လူဟောင်းလုံးဝမပါဖို့ ကန့်ကွက်သူလည်း ရှိခဲ့တယ်။ ဒီအပေါ်မှာ အလုပ်အမှုဆောင်နဲ့ အသင်းသားတွေပြန်လည်ဆွေးနွေးပြီး ၂၀ ရာခိုင်နှုန်းဆိုပြီး ပြောင်းလဲသတ်မှတ်လိုက်တယ်" ဟု MRCCI အသင်း၏ ညီနောင်အသင်းတစ်ခုဖြစ်သော မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်သွင်က ပြောကြားသည်။

MRCCI အသင်း၏ သင်းဖွဲ့စည်းမျဉ်းပြင်ဆင်နိုင်ရေးနှင့် ပတ်သက်၍ နိုဝင်ဘာလ ၉ ရက်နေ့က ပြုလုပ်ခဲ့ရာတွင် ၄၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်ခြင်းကို အတည်ပြုရန် မဲခွဲဆုံးဖြတ်ခဲ့သော်လည်း သင်းဖွဲ့စည်းမျဉ်းတွင် ပါဝင်ရမည့် အသင်းသားအရေအတွက်၏ ထောက်ခံမဲသုံးပုံနှစ်ပုံ မပြည့်သည့်အတွက် ဒုတိယအကြိမ်မြောက် အသင်းသားစုံညီ အထူးအစည်းအဝေးပြုလုပ်ကာ ၂၀ ရာခိုင်နှုန်းသို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ■

**M-04**

# မိတ္ထီလာဈေးကွက်သို့ ကြက်သွန်သစ်များ ဝင်လာသဖြင့် ဈေးကျ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၄**

မိတ္ထီလာကုန်စိမ်းဈေးကွက် အတွင်းသို့ ကြက်သွန်အသစ် (မိုးကြက်သွန်) များ နိုဝင်ဘာနောက်ဆုံးပတ်ကစ၍ ဝင်လာသည့်အတွက် ကြက်သွန်ဈေး ကျဆင်းသွားကြောင်း မိတ္ထီလာမြို့ခံ ကြက်သွန်ကုန်သည်များ၊ ကြက်သွန်ပွဲစားများနှင့် ကုန်စည်ဒိုင်တို့ထံမှ စုံစမ်းသိရှိရသည်။

မိတ္ထီလာဈေးကွက်သို့ နိုဝင်ဘာလကုန်ပိုင်းက ဝင်လာသော ကြက်သွန်အသစ် ပိဿာတစ်ရာလျှင် အရည်အသွေးကိုလိုက်၍ ၂၃၀,၀၀၀ မှ ၂၄၀,၀၀၀ ကျပ်ခန့်အထိ ဈေးရခဲ့သော်လည်း နိုဝင်ဘာလ ၄ ရက်နေ့ ပေါက်ဈေးအနေနှင့် ပိဿာတစ်ရာလျှင် ကျပ် ၂၀၀,၀၀၀ မှ ၂၁၀,၀၀၀ ဝန်းကျင်သာ ဈေးရတော့ကြောင်း မိတ္ထီလာကုန်စည်ဒိုင်သို့လာရောက်ကြသော ကြက်သွန်ကုန်သည်များက ပြောဆိုသည်။

"မိတ္ထီလာမှာက ကြက်သွန်အဟောင်း (အခြောက်) မရှိတော့ဘူး။ ဒါကြောင့် အသစ်ကိုသုံးလာတာ။ မိတ္ထီလာနယ်ကတော့ ကြက်သွန်မထွက်သေးဘူး။ မလှိုင်၊ ရေချို၊ ပျော်ဘွယ်၊ ဖွဲသင်းတို့ကနေဝင်လာတာ။ မြစ်သားဘက်က ကြက်သွန်ကလည်း စိုနေသေးတော့ အထားမခံသေးဘူး။ ဈေးကတော့ အတူတူလောက်ပါပဲ။ ဈေးကောင်းရနေတဲ့အချိန် စောစောထုတ်ရောင်းတဲ့ သဘောပေါ့။ မိတ္ထီလာပတ်ဝန်းကျင်ကထွက်တာကိုပဲ အရောင်းအဝယ်လုပ်နေကြတာ" ဟု မိတ္ထီလာမြို့မှ ကြက်သွန်ကုန်သည် ဦးကျော်ကျော်လင်းက ပြောကြားသည်။

မိတ္ထီလာဒေသထွက် ကြက်သွန်သစ်များမှာ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းမှသာ ဈေးကွက်ဝင်မည်ဖြစ်ကြောင်း၊ ယခုနှစ် အောက်တိုဘာလအတွင်းက မိုးရွာသွန်းမှုများ၍ ဒေသတွင်း ကြက်သွန်ခင်းများပျက်စီးသဖြင့် ပျိုးသစ်ပြန်စိုက်ရသောကြောင့် ကြက်သွန်သစ်ပေါ်ချိန် နောက်ကျနိုင်ကြောင်း၊ ယမန်နှစ်က မိတ္ထီလာဒေသထွက် ကြက်သွန်သစ်များ ဒီဇင်ဘာလတွင် ဈေးကွက်ဝင်လာကြောင်း ၎င်းကရှင်းပြသည်။

"ဒီနှစ်က မိတ္ထီလာနယ်မှာ ကြက်သွန်အထွက်နှုန်း လျော့နိုင်တယ်။ ပထမပျိုးက သီတင်းကျွတ်မိုးနဲ့ပျက်တော့ ပြန်စိုက်ရတယ်။ ကြက်သွန်မျိုးစေ့ ဈေးကလည်း နှစ်ဆ၊ သုံးဆလောက် ခုန်တက်သွားခဲ့တော့ တောင်သူထက်ဝက်လောက်က နောက်တစ်ကြိမ် ပြန်မရင်းနိုင်တော့တာတွေရှိတယ်" ဟု မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးကျော်မင်းက ပြောဆိုသည်။

မိတ္ထီလာမြို့ကို တစ်ဆင့်ခံ၍ ဖြန့်ဖြူးနေသော ကြက်သွန်များ၏ အဓိကဝယ်လက်များမှာ နေပြည်တော်၊ တပ်ကုန်း၊ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဒိုက်ဦးဘက်ကဖြစ်ပြီး အောင်ပန်း၊ တောင်ကြီး၊ ကလောဘက်ကလည်း အဝယ်လိုက်ကြောင်း၊ မိတ္ထီလာဈေးကွက်အတွင်း တရုတ်ကြက်သွန် အဝင်မရှိကြောင်း ကြက်သွန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

**R-01**


ဓာတ်ပုံ-ကျော်စိုးမိုး

# သပိတ်ကျင်းတွင် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**သပိတ်ကျင်း၊ ဒီဇင်ဘာ ၄**

သပိတ်ကျင်းမြို့နယ် တွင်းငယ်တိုက်နယ် တောင်လယ်ကျေးရွာမှ အမျိုးသားတစ်ဦး ဒီဇင်ဘာလ ၄ ရက်နေ့နံနက် ၄ နာရီအချိန်က ကြိုးဆွဲချသေဆုံးခဲ့ကြောင်း တောင်လယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ပြောကြားသည်။

သေဆုံးသူမှာ အသက် ၄၄ နှစ်အရွယ်ရှိ နေ့စားလုပ်ကိုင်သူ ဦးမင်းထွန်း (ခေါ်) မင်းသားဆိုသူ ဖြစ်ပြီး ၎င်းနေအိမ်ခြံဝင်းအတွင်းရှိ သနပ်ခါးပင်တွင် ကြိုးဆွဲချသေဆုံးနေသည်ကို ကာယကံရှင်မိသားစု၏ သတင်းပေးပို့ချက်အရ သွားရောက်ကြည့်ရှုကာ ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့သည်ဟု ၎င်းကဆိုသည်။

"အိမ်နောက်ဖေးက အမြင့်ခုနှစ်ပေလောက်ရှိတဲ့ သနပ်ခါးပင်ခွကြားကနေ သုံးလေးပေလောက်ရှိတဲ့ နိုင်လွန်ကြိုးနဲ့ လည်ပင်းကိုကြိုးကွင်းတပ်ပြီး သေဆုံးနေတာကို တွေ့ခဲ့ရတယ်" ဟု တွင်းငယ်ကျေးရွာရဲကင်းမှ ရဲအုပ်အေးထွန်းက ပြောကြားသည်။

သေဆုံးသူသည် ယင်းမတိုင်မီည ၇ နာရီခန့်က သွေးတိုးနေသောကြောင့် အိပ်ရာစောစောဝင်ခဲ့ကြောင်း၊ အိပ်ရာမှနိုးသည့် နံနက် ၄ နာရီခန့် အချိန်တွင် အိမ်ရှေ့ခန်းတွင် မတွေ့သောကြောင့် သားဖြစ်သူနှင့် အိမ်နောက်ဖေးသို့သွားရှာရမှ သေဆုံးနေသည်ကိုတွေ့ရကြောင်း သေဆုံးသူ၏ဇနီးဖြစ်သူ ဒေါ်လွင်မာခိုင်က ပြောဆိုသည်။

အဆိုပါလူသေမှုနှင့်ပတ်သက်၍ သေမှုသေခင်းအမှတ်စဉ် (၄၂/၂၀၁၇) ရေးဖွင့်ကာ သပိတ်ကျင်းမြို့နယ်ဆေးရုံတွင် ဆေးစာပီအာအမှတ် (၄၉/၂၀၁၇) ဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်က လက်ခံစစ်ဆေးနေသည်ဟု ရဲအုပ်အေးထွန်းက ထပ်လောင်းပြောကြားသည်။ ■

**R-05**

# စစ်ကိုင်းကျောက်ဝိုင်း ဒီဇင်ဘာလကုန် ဖျက်သိမ်းပေးရန် ဂေါပကအဖွဲ့ ညွှန်ကြား

**မန္တလေး၊ ဒီဇင်ဘာ ၄**

စစ်ကိုင်းမြို့ရှိ ရတနာစေတီ ဆင်များရှင်ဘုရား ပရိဝုဏ်အတွင်းရှိ ကျောက်စိမ်းဆိုင်ခန်းများ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား ဖျက်သိမ်းပေးရန် ညွှန်ကြားထားကြောင်း ရတနာစေတီဆင်များရှင်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်းက ဆင်များရှင်ဂေါပကအဖွဲ့နှင့် စစ်ကိုင်းကျောက်မျက်အသင်းဥက္ကဋ္ဌ ဦးတိုင်းအောင်တို့ ပူးပေါင်းကာ ဆင်များရှင်ဇာတ်ရုံအပါအဝင် ပေ ၃၆၀ အကျယ်ရှိ ကျောက်စိမ်းကျောက်မျက်ဈေး ဖွင့်လှစ်ရန်အတွက် ခြောက်နှစ်သက်တမ်းရှိသည့် စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ စာချုပ်တွင် ပထမတစ်နှစ်စာအတွက် ကျပ်သိန်းခြောက်ဆယ်ကို ဆင်များရှင်ဘုရားဘဏ္ဍာငွေအဖြစ် ပေးသွင်းခဲ့ကြောင်း၊ ယင်းနောက်ပိုင်းကစ၍ လက်ရှိအချိန်အထိ ကျန်နှစ်များအတွက် ငွေကြေးပေးချေခြင်း မရှိတော့ကြောင်း ယင်းဘုရားဂေါပကအဖွဲ့ဝင် ဦးအောင်မောင်းက ပြောကြားသည်။

"ကျန်တဲ့ငါးနှစ်စာ မရခဲ့ဘူး။ ပိုက်ဆံမရဘဲနဲ့ ဒါကြီးကရှိနေတယ်။ ဖျက်ရမယ့်အကြောင်းက ဆင်များရှင်ဘုရားကြီးကို ဘက်စုံပြင်တော့မှာဖြစ်တယ်။ ဆင်များရှင်ဘုရားမှာရှိတဲ့ ကျောက်စိမ်းဆိုင်ခန်းတွေအနေနဲ့ လုံခြုံရေးကိစ္စ၊ မီးဘေးစတဲ့ မလိုလားအပ်တဲ့ ကိစ္စတွေကြုံလာနိုင်တဲ့အတွက် ဖျက်သိမ်းဖို့စီစဉ်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းကပြောဆိုသည်။

ဆိုင်ခန်းရှင်များအနေနှင့် ကိုယ်ပိုင်အစီအစဉ်ဖြင့် ဒီဇင်ဘာ ၃၁ ရက်နေ့ နောက်ဆုံးထား ဖျက်သိမ်းရမည်ဖြစ်ပြီး မဖျက်သိမ်းပါက ဇန်နဝါရီလ ၁ ရက်နေ့တွင် စိုက်ကာ ကန်ထရိုက်စနစ်ဖြင့် လေလံတင် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ယင်းဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။



ဓာတ်ပုံ-မြတ်မင်း

ယခုလကုန်ပိုင်းတွင် ဖျက်သိမ်းပေးရမည့် ကျောက်မျက်ဆိုင်ခန်းများကို တွေ့ရစဉ်

"ဦးအနေနဲ့က နှစ်ခန်းဝယ်ထားတယ်။ သိန်း ၃၀ နဲ့ဝယ်ထားတာ။ တစ်ခန်းကတော့ ခွဲတမ်းရတယ်။ အန်ကယ်တို့အနေနဲ့ ဘယ်လိုမှ လုပ်လို့မရတဲ့အခြေအနေဖြစ်သွားပါပြီ။ ဆိုင်ခန်းဝယ်ထားတဲ့သူတွေအပေါ်မှာ တာဝန်ယူမှု တာဝန်ခံမှုမရှိတာပေါ့။ အန်ကယ်တို့အနေနဲ့က သိန်းဆယ်ချီဆုံးရှုံးပြီးမှတော့ သောင်းဂဏန်းလောက်တန်တာတွေ ဖျက်ပြီး မယူတော့ပါဘူး။ လှူတယ်လိုပဲ သဘောထားလိုက်ပါတယ်" ဟု ဆင်များရှင်ကျောက်ဝိုင်းတွင် ဆိုင်ခန်းဝယ်ယူထားသူ ဦးပိုက ပြောကြားသည်။

ဆင်များရှင်ကျောက်ဝိုင်းအတွင်း ဆိုင်ခန်းပေါင်း ၁၃၂ ခန်း တည်ဆောက်ခဲ့ရာတွင် ၁၁၅ ခန်းကို တစ်ခန်းလျှင် ကျပ် ၁,၃၁၀,၀၀၀ ဖြင့်ရောင်းချခဲ့ကြောင်း၊ ကျောက်ဝိုင်းဈေးမဖြစ်ခဲ့သည့်အတွက် ဂေါပကအဖွဲ့ထံ ငွေမသွင်းနိုင်ဖြစ်ခဲ့ကြောင်း စစ်ကိုင်းကျောက်မျက်အသင်း ဥက္ကဋ္ဌဟောင်း ဦးတိုင်းအောင်က ပြောကြားသည်။

"ဆိုင်ခန်းတစ်ခန်းကို အန်ကယ်တို့အနေနဲ့က ဆယ့်သုံးသိန်းတစ်သောင်းနဲ့ရောင်းခဲ့တာ။ နောက်ပိုင်းမှာတော့ သိန်း ၃၀ ဖြစ်သွားတာက အခန်းရတဲ့သူတွေ အရောင်းအဝယ်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ အခုဖျက်သိမ်းရမယ်ဆိုတော့ ဒါက တစ်ဦး တစ်ယောက်တည်းကိစ္စမဟုတ်ပါဘူး။ အသင်းအဖွဲ့နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။ အခုလည်း အသင်းအဖွဲ့က ပျက်သွားပါပြီ။ ဒီလိုဖြစ်တာနဲ့ပတ်သက်ပြီး ကျွန်တော်တစ်ဦး သဘောနဲ့ပြောလို့မရပါဘူး။ လုပ်ခဲ့တုန်းကလည်း အများအကျိုးအတွက် လုပ်ခဲ့တာဖြစ်ပါတယ်။ ဘုရားဘဏ္ဍာငွေရရှိရေးအတွက် လုပ်ခဲ့တာပဲ" ဟု ၎င်းကပြောဆိုသည်။ ■

M-05

# ဆင်ခြေထောက်ကာကွယ်ဆေးတိုက်ကျွေးမှု မအောင်မြင်သဖြင့် ဆယ်ကြိမ်မြောက် ဆက်တိုက်

**မန္တလေး၊ ဒီဇင်ဘာ ၄**

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆင်ခြေထောက်ကာကွယ်ဆေးကို ဆယ်ကြိမ်မြောက်အဖြစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တတိယအပတ်အတွင်း တိုက်ကျွေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်း ၄က်ဖျားရောဂါတိုက်ဖျက်ရေးဌာနထံမှ သိရသည်။

"မန္တလေးတိုင်းအတွင်းမှာတော့ ၂၀၀၄ ခုနှစ်ကစပြီး ဆေးတိုက်ခဲ့ပါတယ်။ ဒီနှစ်ကတော့ ဆယ်ကြိမ်မြောက်ဖြစ်ပါ့မယ်။ အမှန်တော့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ တိုက်ကျွေးမှာဖြစ်တယ်။ တစ်ခုရှိတာက ဆင်ခြေထောက်ရောဂါကင်းစင်သွားတဲ့ မြို့တွေရှိတယ်။ လုံးဝကို ဆင်ခြေထောက်နဲ့ပတ်သက်ပြီး ဘာလက္ခဏာမှမရှိတော့တဲ့ မြို့တွေရှိတယ်။ ဒီပိုးမရှိဘူးဆိုတာ သက်သေအထောက်အထားရှိထားပြီးတဲ့မြို့တွေပေါ့။ အဲ့ဒီမြို့တွေမှာတော့ မတိုက်တော့ဘူး" ဟု ယင်းဌာန မန္တလေးတိုင်းတာဝန်ခံ ဒေါက်တာတင့်ဝေက ပြောကြားသည်။

မန္တလေးတိုင်းအတွင်းရှိ ပြင်ဦးလွင်ခရိုင်အတွင်းမှ မြို့နယ်ငါးခုသည် ၂၀၁၅ ခုနှစ်၊ ညောင်ဦးမြို့ခရိုင်အတွင်းမှ မြို့နယ်များသည် ၂၀၁၆ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါပိုးကင်းဝေးရေးစီမံချက် အောင်မြင်ပြီးဖြစ်သည့်အတွက် ကာကွယ်ဆေးတိုက်ရန် မလိုတော့ကြောင်း ၄က်ဖျားရောဂါ တိုက်ဖျက်ရေးဌာနထံမှ ထပ်မံသိရသည်။

"ကျွန်တော်တို့က ဆေးတိုက်ပြီးတိုင်း အချိန်တစ်ခုသတ်မှတ်ပြီး ကွင်းဆင်းပြီးတော့ ဒီပိုးရှိမရှိကိုပြန်စစ်ဆေးပါတယ်။ ခုလည်း ဇန်နဝါရီမှာတိုက်ပြီးလို့ နောက်ငါးလခြောက်လလောက်မှာ ဆေးတိုက်ခဲ့တဲ့သူတွေကို ပြန်စစ်ဆေးမယ်။ အောင်မြင်သွားရင် ဆေးတိုက်ကျွေးတာ ရပ်လိုက်မယ်။ မအောင်မြင်ရင်တော့ ဆက်တိုက်ရမယ်။ အမှန်တကယ်တော့ ဒီဆေးကတော့ တစ်နှစ်ကို တစ်ကြိမ်နှုန်းနှင့် ငါးနှစ်ပဲတိုက်ရမှာ။ ကျွန်တော်တို့ဆီမှာတော့ ဆယ်နှစ်ထိဖြစ်နေပြီ မအောင်မြင်သေးပါဘူး" ဟု ဒေါက်တာတင့်ဝေက ရှင်းပြသည်။

ယင်းသို့ ဆေးတိုက်ကျွေးမှု အကြိမ်အရေအတွက် များပြားနေသော်လည်း သတင်းအမှားများကြောင့် ဆေးသောက်ရမည်ကို ကြောက်ရွံ့ကာ ဆေးသောက်ရမည့်လူထုက ဆေးမသောက်ခြင်း၊ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးသည် ညအိပ်ရာဝင်ချိန်တွင်သာ သောက်သုံးသင့်သည့် ဆေးတစ်မျိုးဖြစ်ခြင်းတို့ကြောင့် ပြည်သူများက ဆေးသောက်ရမည်ကို မေ့လျော့နေခြင်း၊ အချို့က ရောဂါပိုးရှိမရှိကို စစ်ဆေးရမည်ကိုကြောက်ရွံ့နေကြခြင်းကြောင့် မအောင်မြင်ရခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို မြို့နယ်တိုင်းတွင် အဖွဲ့ဝင်သုံးဦးခန့်ပါသည့် ဆေးတိုက်အဖွဲ့ ၂၀ ခန့်စီဖြင့် အိမ်တိုင်ရာရောက် လိုက်လံတိုက်ကျွေးမည်ဖြစ်သည်။

ဆင်ခြေထောက်ရောဂါသည် မြန်မာနိုင်ငံတွင် လျစ်လျူရှုထားသည့် ရောဂါတစ်မျိုးဖြစ်သော်လည်း ဆင်ခြေထောက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက်ခွဲဝေမှုမရှိခြင်း၊ နှစ်စဉ် လုပ်ငန်းသတ်မှတ်ချက်များမရှိခြင်းတို့ကြောင့် နှစ်စဉ် လူနာမည်မျှရှိသည်ကို မသိရဘဲ ဆေးရုံသို့ရောက်ရှိလာသည့် လူနာများ၏ ဆေးစစ်ချက်များအရ ပိုးတွေ့ရသည့်လူနာများ၊ ရောဂါလက္ခဏာများပေါ်လာသည့်အချိန်မှ လာရောက်သည့်လူနာများကိုသာ မှတ်တမ်းတင်နိုင်ကြောင်း ၄က်ဖျားတိုက်ဖျက်ရေးဌာနထံမှ သိရသည်။

ယင်းကဲ့သို့သောလူနာများကို မန္တလေးတိုင်းအတွင်း များစွာမတွေ့ရသော်လည်း တိုင်းနှင့်ပြည်နယ်အချို့တွင် တွေ့နေရဆဲဖြစ်ကြောင်း ဒေါက်တာတင့်ဝေက ပြောဆိုသည်။ ■

M-04

## NEWS PHOTO



ကျပ်သိန်းတစ်ထောင်ကျော်တန် ကျောက်စိမ်းထုပ်ကောက်ရပြီး ပိုင်ရှင်ထံ ပြန်လည်ပေးအပ်သူ (ယာ) ကို ကျောက်မျက်လုပ်ငန်းရှင်များက ဂုဏ်ပြုနေစဉ်။ မဟာအောင်မြေမြို့နယ် ကျောက်စိမ်းဝိုင်းအတွင်း ကျောက်ရောင်းဝယ်သူ ဦးဝင်းသူသည် ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းက ကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ ကျောက်စိမ်းထုပ်ကျပျောက်ခဲ့ရာ ကောက်ရခဲ့သည့် ကျောက်လုပ်ငန်းလုပ်ကိုင်သူ ဦးဆန်းမြင့်အောင်က ပိုင်ရှင်ထံပြန်လည်ပေးအပ်ခဲ့သည်။ ယင်းကြောင့် ဦးဆန်းမြင့်အောင်ကို ကျောက်ဝိုင်းအတွင်း လုပ်ကိုင်နေသည့် ဝိုင်းတော်သားများက ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ကျောက်ဝိုင်းအကျိုးတော်ဆောင်ရုံးခန်းတွင် ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။


သတင်းကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၂

# Test Lane ဖြင့် သက်တမ်းတိုးယာဉ်စစ်ရာတွင် တစ်ရက်လျှင် စီးရေဆယ်ဂဏန်းသာ စစ်နိုင်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ရန်ကုန်လိုင်စင်ရ သက်တမ်းတိုး မော်တော်ယာဉ်များကို ယခင်လူဖြင့် စစ်ဆေးရာတွင် တစ်ရက်လျှင် ယာဉ်စီးရေ ရာကျော်စစ်ဆေးနိုင်ရာမှ ဒီဇင်ဘာလ ၁ ရက်မှစ၍ ဂျာမနီနိုင်ငံထုတ် Multi Stage Test Lane စက်ဖြင့် စစ်ဆေးရာတွင် ဆယ်ဂဏန်းမျှသာ စစ်ဆေးနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မြင်သာ) ထံမှ သိရသည်။

“စက်က တစ်လုံးတည်းနဲ့ စလုပ်ရတာမို့ တစ်ရက်ကို ယာဉ်စီးရေ ၃၀ပဲစစ်နိုင်တာပါ။ အရင်က ယာဉ် ၆၀၀ ကနေ ၈၀၀ ကြားအထိ ရှိတယ်”ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်စစ်ဆေးရေးဌာန အင်ဂျင်နီယာမှူးကြီး ဦးမျိုးနိုင်က ဆိုသည်။

သက်တမ်းတိုးပြည့်ယာဉ်များ အခက်အခဲ မဖြစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး အသုံးပြုမှုများသည့် အငှားတက္ကစီ ယာဉ်များကို ဦးစားပေးစစ်ကာ လက်ရှိ လုပ်ငန်းအစပိုင်းဖြစ်၍ အရေအတွက်နည်းပါးသော်လည်း နောက်ပိုင်းတွင် ယာဉ်စီးရေ ၄၀ကျော်အထိ တိုးမြှင့်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

“စက်တွေ တိုးလာရင်တော့ တစ်ရက်ကို အရေအတွက်များများ စစ်ပေးမှာပါ။ လက်ရှိ လူနဲ့စစ်ဆေးတာ မလုပ်တော့ဘူး”ဟု ၎င်းကဆိုသည်။

ယာဉ်ပိုင်ရှင်များ သက်တမ်းတိုး ဆောင်ရွက်ရာတွင် သက်တမ်းပြည့်ရက် ၁၅၊ ၂၀ ရက်မတိုင်ခင် သွားရောက် သက်တမ်းတိုးပြီး တစ်ရက်လျှင် ယာဉ်စစ်ဆေးမှု အရေအတွက် နည်းပါးသွားသော်လည်း ကြီးမားသော အခက်အခဲမရှိနိုင်ကြောင်း အငှားယာဉ်မောင်း ကိုအောင်ဇော်မြင့်က ပြောကြားသည်။

ဂျာမနီနိုင်ငံထုတ် Multi Stage Test Lane စက်သည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဝယ်ယူအသုံးပြုခြင်းဖြစ်ပြီး ဂျပန်နိုင်ငံထုတ် Test Lane စက်မှာ JICA မှလှူဒါန်းခြင်းဖြစ်ကာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် သက်တမ်းတိုးယာဉ်များစစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

“ဂျပန်စက်က JICA က နှစ်လုံး လှူထားတယ်။ ဂျပန်ပညာရှင်တွေ ဒီဇင်ဘာလထဲမှာ သင်တန်းပေးဦးမှာ။ ဒါပြီးမှ စစ်ဆေးမှုစမယ်”ဟု ၎င်းက ဆိုသည်။

Test Lane စက်သည် Side Slip Tester၊ Brake Tester၊ Suspension Tester၊ Headlamp Tester၊ Sound Level Tester ၊ Axle Play & Pit Inspection ၊ Exhaust Emission Tester များပါဝင်ပြီး ယာဉ်စစ်ဆေးနေချိန် ယာဉ်မောင်းများ လိုက်နာရန် စည်းကမ်းသတ်မှတ်ချက် ၁၁ချက်ကို အသိပေးထုတ်ပြန်ထားကြောင်း ယာဉ်စစ်ဆေးရေးဌာနထံမှ သိရသည်။

အဆိုပါ စက်ဖြင့်စစ်ဆေးရာတွင် ယာဉ်၏ Safely ပိုင်းကို စစ်ဆေးခြင်းဖြစ်ပြီး ယာဉ်၏လိုအပ်ချက်၊ အားနည်းချက်များကို အတိအကျအဖြေထုတ်ကာ စစ်ဆေးမှုရလဒ်အဖြစ် ဆယ်မိနစ်အကြာတွင် Display ဖြင့် ပြသကြောင်း ဦးမျိုးနိုင်က ပြောကြားသည်။

သက်တမ်းတိုးသည့် မော်တော်ယာဉ်များကို Test Lane စက်ဖြင့် စစ်ဆေးခြင်းကို ၂၀၁၇ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေး၊ ထောက်ကြန့်၊ မော်လမြိုင်၊ မကွေး၊ ပဲခူး၊ မုံရွာ၊ ပုသိမ်နှင့် တောင်ကြီးမြို့တို့ရှိ ကညနရုံးတို့တွင် ဆောင်ရွက်လျက်ရှိပြီး ရွာသာကြီး ကညနရုံးတွင် ၂၀၀၅ခုနှစ်က စစ်ဆေးနေခြင်းဖြစ်ကြောင်း၊ ၂၀၁၈ခုနှစ်တွင် လားရှိုး၊ မိတ္ထီလာတို့တွင်လည်း စစ်ဆေးရန် စီစဉ်နေကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

တစ်နိုင်ငံလုံး လိုင်စင်ထုတ်ပေးပြီး မော်တော်ယာဉ်စီးရေ ကိုးသိန်းကျော် အနက် ရန်ကုန်တိုင်းတွင် မော်တော်ယာဉ် ငါးသိန်းသုံးသောင်းရှိကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။ ■ J-06

# မြောက်ဦးစေတီ ၅၀၀ ကျော် တရုတ်နည်းပညာ အကူအညီဖြင့် ယူနက်စကို တင်ရန်ပြင်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့သို့ တင်သွင်းမည့် မြောက်ဦးယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများကို ဒီဇင်ဘာလအတွင်း သုံးဖက်မြင်ရုပ်ကြွဓာတ်ပုံများ အပြီးသတ်ရိုက်ကူးရန် တရုတ်ပညာရှင်အဖွဲ့က စီစဉ်ထားကြောင်း မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဌာနထံ သိရသည်။

မြောက်ဦးရှေးဟောင်းအမွေအနှစ်ဇရိယာတွင် စေတီပုထိုး ၅၀၀ ကျော်ရှိသောကြောင့် တရုတ်ပညာရှင်အဖွဲ့က ယခုနှစ်ဆန်းမှစ၍ သုံးဖက်မြင်ရုပ်ကြွဓာတ်ပုံ (3D Scanning)နှင့်ပတ်သက်သော နည်းပညာကူညီမှုကို ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ယခုအကြိမ်တွင် အပြီးသတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသတာဝန်ခံ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က ပြောကြားသည်။

“ယူနက်စကို တင်တဲ့အပိုင်းမှာ ဒီကဏ္ဍက အရေးကြီးတယ်။ အတွေ့အကြုံရင့်ကျက်တဲ့ နည်းပညာရှင်တွေကိုယ်တိုင် သူတို့ အစိုးရဘတ်ဂျက်နဲ့ တကူးတက လာကူညီပေးကြတာ။ ယူနက်စကိုတင်ပြတဲ့အခါ ရှေးဟောင်းစေတီပုထိုးတွေရဲ့ တန်ဖိုးနဲ့သမိုင်းကို ဒီအချက်တွေနဲ့ မူတည်အကဲဖြတ်ကြတယ်” ဟု ၎င်းက ဆိုသည်။

တရုတ်နိုင်ငံပညာရှင်အဖွဲ့က သုံးဖက်မြင်ရုပ်ကြွဓာတ်ပုံနှင့်ပတ်သက်၍ ရိုက်ကူးပြီးစီးခဲ့သော စေတီပုထိုးများအနက် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမြင့်သည့် နန်းတော်ရာကုန်း၊ ရှစ်သောင်း၊ ရတနာပုံ၊ လေးမျက်နှာ၊ ညီတော်၊ လောင်ပန်းမြောက်၊ ထုပါရုံ၊ ပိဋကတ်တိုက်၊ သကျမာန်အောင်၊ ကိုးသောင်းပုထိုးတော်အပါအဝင် စေတီပုထိုး ၁၀၀ ခန့်မှတ်တမ်းတင်ထားကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရသည်။

ထို့အပြင် မြောက်ဦးရှေးဟောင်းဇုန်ထဲတွင် စေတီပုထိုး ၁၀၀ ခန့်ကို လေ့လာနိုင်မည့်ဇုန်တွင်းပတ်လမ်းများ ဖော်ဆောင်လျက်ရှိပြီး ရှေးဟောင်းယဉ်ကျေးအမွေအနှစ်ဒေသအနေနှင့် ကီလိုမီတာ ၅၀ ခန့် ကျယ်ဝန်းကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပထဝီဝင်ဆိုင်ရာ သတင်းအချက်တိုင်းတာရေးပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

“ယဉ်ကျေးမှုဒေသတစ်ခုလုံးကို ကောင်းကင်ဓာတ်ပုံနဲ့ မှတ်တမ်းတင်ဖော်ပြနိုင်ဖို့လည်း ဆောင်ရွက်ရတယ်။ နည်းပညာပိုင်း ခက်ခဲမှုရှိသလို ငွေကြေးကုန်ကျလည်း အရမ်းများတယ်။ ဝန်ကြီးဌာနအနေနဲ့တောင် ဘတ်ဂျက်စိုက်ထုတ်ဖို့ မလွယ်လှဘူးလေ” ဟု ၎င်းက မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံတွင် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း စသော ပျူခေတ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးဒေသအဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (ယူနက်စကို)က သတ်မှတ်ခဲ့ပြီးနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်၊ ၂၀၁၈ ခုနှစ်တွင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့် ၂၀၁၉ ခုနှစ်တွင် ရွှေတိဂုံစေတီတော်တို့ကို ယူနက်စကိုသို့ ဝင်ရောက်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ■

J-17

# တနိုင်ငံသို့ ဆန်နှင့်စက်သုံးဆီ လွတ်လပ်စွာ သယ်ယူတင်ပို့ခွင့်မရသေး

**မြစ်ကြီးနား၊ ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် တနိုင်းဒေသအတွင်း ဆန်နှင့် စက်သုံးဆီကုန်တင်ကားများကို လွတ်လပ်စွာ သယ်ယူတင်ပို့ ခွင့်ပြုရေးအတွက် အရေးကြီးအဆိုကို ကချင်ပြည်နယ်လွှတ်တော်၌ အတည်ပြုခဲ့သော်လည်း ၈ လကြာသည်အထိ လွတ်လပ်စွာတင်ပို့ခွင့်မရသေးကြောင်း ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ပြောကြားသည်။



ဓာတ်ပုံ-ရန်ကောင်း

တနိုင်းမြို့နယ်သို့ စက်သုံးဆီနှင့် ဆန်ကုန်တင်ယာဉ်များ လွတ်လပ်စွာ သယ်ယူပို့ဆောင်ချခွင့်ပြုပါရန် အရေးကြီးအဆို ပြည်နယ်လွှတ်တော်က မတ်လ ၃၁ ရက်က အတည်ပြုခဲ့ရာ အစိုးရအနေနှင့် မည်ကဲ့သို့ ဆောင်ရွက်နေကြောင်း စပ်လျဉ်းသည့် မေးခွန်းနှင့်ဆက်လျဉ်း၍ ဒီဇင်ဘာလ ၄ ရက် ကချင်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားသည်။

တနိုင်းမြို့နယ်နေသူများ စားသုံးနေရေးအတွက် ဆန်ကုန်တင်ယာဉ်များ၊ နေ့စဉ်သုံးစွဲရေးအတွက် စက်သုံးဆီကုန်တင်ယာဉ်များကို ၂၀၁၆ခုနှစ် နိုဝင်ဘာလ ၂၆ရက်မှ စတင်ကာ ယနေ့အထိ ပိတ်ပင်ထားကြောင်း၊ ပြီးခဲ့သော လွှတ်တော်တွင် တင်သွင်းခဲ့ရာ အဆိုကို အတည်ပြုခဲ့သော်လည်း အစိုးရအနေနှင့် အကောင်အထည်မဖော်နိုင်သေးကြောင်း ကချင်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းက ပြောကြားသည်။

တနိုင်းမြို့နယ်တွင် စက်သုံးဆီနှင့် ဆန်တင်ယာဉ်များကို တပ်မတော် စစ်ဆေးရေးဂိတ်များက တားမြစ်ကာ စိစစ်နေသဖြင့် ဒေသတွင်း နေထိုင်သူများ စားဝတ်နေရေး အခက်အခဲရှိနေကြောင်း ၎င်းကဆိုသည်။

တနိုင်းမြို့နယ်အတွင်းမှ စက်သုံးဆီနှင့် ဆန်များမှာ အမှန်တကယ် လိုအပ်သော ပမာဏထက် ပိုမို ဝင်ရောက်နေပြီး ပိုလျှံသော စက်သုံးဆီနှင့် ဆန်များကို ကေအိုင်အေ ကချင်အဖွဲ့ထံ နည်းလမ်းမျိုးစုံနှင့် ရောက်ရှိနေကြောင်း၊ စက်သုံးဆီနှင့် ဆန်တွေကို တရားဥပဒေစိုးမိုးနိုင်မှု မရှိသေးတဲ့နယ်မြေမှာ ၎င်းအဖွဲ့ထံကိုဆက်ကြေးများပေးဆောင်ပြီး ရွှေ၊ ကျောက်နှင့် ပယင်းများကို တရားမဝင် ထုတ်လုပ်မှုများရှိနေကြောင်း ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရ မျိုးတင်က ပြောကြားသည်။

ယင်းကဲ့သို့ကချင်ပြည်နယ်၏ အဖိုးတန်သဘာဝ တွင်းထွက်သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများရှိပြီး ဒေသခံများအတွက် အကျိုးခံစားခွင့်မရှိဘဲ ကေအိုင်အေ ကချင်အဖွဲ့၏ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေမှုကို အားပေးကူညီရာရောက်နေကြောင်း၊ ယင်းကြောင့် စက်သုံးဆီနှင့် ဆန်များကို လိုအပ်သည်ထက် ပိုမိုမဝင်ရောက်စေရန် ပြည်နယ်အစိုးရက ထိန်းသိမ်းကြပ်မတ်ပေးဖို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က အကြောင်းကြားလာသဖြင့် စိစစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကချင်ပြည်နယ် တနိုင်းဒေသ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းနှင့် ပန်ဆောင်ဒေသများရှိ လီဒိုလမ်းမကြီး တစ်လျှောက်မြစ်ကြီးနား-တနိုင်း-ပန်ဆောင် လမ်းမကြီးအတိုင်း သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေခြင်းဖြစ်သည်။

ဆန်နှင့် စက်သုံးဆီများကို စိစစ်ပိတ်ပင်မှုများကြောင့် တနိုင်းမြို့နယ်နှင့် ရှင်ဗွေယန်မြို့နယ်တွင် ဆန်နှင့် စက်သုံးဆီဈေးများ မြင့်တက်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။ ■

R-06

The VOICE Daily

ဝန်ထမ်းအမြန်အလိုရှိသည်

Designer - ကျား/မ (၂) ဦး

The Voice Daily သတင်းစာတိုက်
Marketing ဌာနတွင်တာဝန်ထမ်းဆောင်ရန်။

- Adobe PhotoShop, Micro SoftWord, Micro SoftExcel, Power Point အသုံးပြုနိုင်ရမည်။
- Adobe Illustrator အသုံးပြုနိုင်သူကို ဦးစားပေးမည်။

The Voice Daily သတင်းစာတိုက်
အမှတ် - ၁၅၇/၄၊ ဦးချစ်မောင်လမ်း(မြလမ်းမှတ်တိုင်အနီး)
ဗဟန်းမြို့နယ်၊ရန်ကုန်။
ဆက်သွယ်ရန် ဖုန်း - ၀၉ ၇၉၅၉၂ ၂၈၇၇၀၊ ၀၉ ၇၉၅၅၅၅ ၇၇၂

# မြန်မာရှေ့နေများကို ဒိန်းမတ်က သင်တန်းပေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံရှိ ရှေ့နေများကို တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သင်တန်းပို့ချရန် မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း (ILAM)နဲ့ ဒိန်းမတ်သံရုံးတို့ ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြောင်း ILAM မှ ဒုဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးနေလက ပြောကြားသည်။

မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း (ILAM) နှင့်ဒိန်းမတ်သံရုံးတို့ နားလည်မှုစာချွန်လွှာ ရေးထိုးပွဲကို ဒီဇင်ဘာလ ၄ ရက်၊ မွန်းလွဲ ၁ နာရီက ဒိန်းမတ်သံရုံးတွင် ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့နိုင်ငံမှာ ရှေ့နေတွေ အဆင့်တန်းက နိမ့်ကျနေတယ်။ တိုးမြှင့်ဖို့ပါ။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် သင်တန်းတွေလုပ်မှာပါ။ ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို သံအမတ်က ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းလာတဲ့အတွက် အခုလိုစီစဉ်ဖြစ်သွားတာပါ" ဟု ဦးနေလက ဆိုသည်။

နားလည်မှုစာချွန်လွှာ ရေးထိုးပြီးနောက် work plan လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ဒိန်းမတ်နိုင်ငံမှ စာချုပ်အရ သုံးနှစ်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့အပြင် ရှေ့နေများကိုတရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများအတွက် သုံးနှစ် ကုန်ကျငွေများ၏ ၈၀ ရာခိုင်နှုန်းကို ဒိန်းမတ်နိုင်ငံက ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒိန်းမတ်သံအမတ်ကြီး ပီတာဟန်ဆန်က "ရှေ့နေများအသင်းရဲ့အရည်အသွေး တိုးတက်ဖို့၊ ပိုမိုအင်အားတောင့်တင်းဖို့၊ တရားရေးဆိုင်ရာများ လွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့ လူ့အခွင့်အရေးဆိုင်ရာ မြှင့်တင်မှုတွေ လုပ်ဆောင်နိုင်ဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒိန်းမတ်သံရုံးကနေပြီးတော့ လက်တွဲကူညီဖို့ အခုလို လက်မှတ်ရေးထိုးတာဖြစ်တယ်" ဟုဆိုသည်။

မြန်မာနိုင်ငံတွင် လိုင်စင်ရရှေ့နေ သုံးသောင်းခန့်ရှိပြီး လွတ်လပ်သော ရှေ့နေများအသင်း (ILAM)ကို ၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တရားဝင်အဖွဲ့အစည်းဖြင့် မှတ်ပုံတင်နိုင်ခဲ့ပြီး အသင်းဝင် ၄၀၀၀ ခန့်ရှိကြောင်း ၎င်းကပြောကြားသည်။

■ J-18



CARTOON

# လားရှိုးခရိုင်တွင် အမှုကြီး ၁၀၇ မှုဖြစ်

**လားရှိုး၊ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးခရိုင်ရှိ လားရှိုး၊ သိန္နီ၊ မိုင်းရယ်နှင့် တန့်ယန်း၊ ကွမ်းလုံမြို့နယ်များတွင် နိုဝင်ဘာလက လူသတ်မှု ၃မှု အပါအဝင် အမှုကြီး ၁၀၇မှု ဖြစ်ပွားခဲ့ကြောင်း လားရှိုးမြို့မ ရဲစခန်းထံမှ သိရသည်။

လားရှိုးမြို့နယ်တွင် အမှုကြီး ၈၆ မှုအနက် လူသတ်မှု ၃မှု၊ လုယက်မှုတစ်မှု၊ မူးယစ်ဆေးဝါးမှု ၂၃မှု ပါဝင်ပြီး မှုခင်းကြိုတင်ကာကွယ်မှု အနေနှင့်အမှုပေါင်း ၃၆မှုလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ကြိုတင်ကာကွယ်မှုများတွင် ညအချိန် သွားလာနေသူများထံမှ တုတ်၊ ဓားနှင့် အန္တရာယ်ဖြစ်စေသော လက်နက်များ ရှာဖွေသိမ်းဆည်းရမိမှု ၁၁ မှုရှိခဲ့ကြောင်း အဆိုပါရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လားရှိုးမြို့ပေါ်တွင် ညအချိန်လုယက်ခြင်း၊ လူငယ်များအုပ်စုဖွဲ့ရိုက်နှက်ခြင်း၊ တုတ်ဓားများ ကိုင်ဆောင်သွားလာခြင်းများကြောင့် လားရှိုးမြို့ရှိ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့က စီမံချက်ရေးဆွဲကာ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မြို့တွင်းမြို့ပြင် လမ်းဆုံလမ်းခွများ၊ လူသွား လူလာပြတ်သော နေရာများတွင် လုံခြုံရေး တိုးမြှင့်ခြင်း၊ လမ်းပေါ်သွားလာနေသူများထံမှ ရှာဖွေစစ်ဆေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း လားရှိုးမြို့မရဲစခန်းထံမှ သိရသည်။

လားရှိုးခရိုင် သိန္နီမြို့နယ်တွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးပုဒ်မ ၆(၁) အရ အမှုပေါင်း ၁၉မှု ဖြစ်ပွားခဲ့ကြောင်း အဆိုပါအမှုများမှာ သိန္နီမြို့နယ် ရေပူစစ်ဆေးရေးဂိတ်နှင့်ပြည်ထောင်စုလမ်းပေါ်တွင် ဖမ်းဆီးရမိသောတရားမဝင်သစ်မှောင်ခိုသယ်သည့် အမှုများ ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအမှု ၁၁ မှုဖြစ်ပွားခဲ့ကြောင်း သိန္နီမြို့မရဲစခန်းထံမှ သိရသည်။

တန့်ယန်းမြို့နယ်တွင် မူးယစ်ဆေးဝါးမှု ၆မှုနှင့် အခြားမှု ၆မှု ဖြစ်ပွားခဲ့သည်။ ■




# ဓမ္မနီတိ (၃၅)

## ယောက်ျားလုံ့လ တိုင်းပြည်ရ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လုံ့လဝီရိယ နည်းသူတို့ကို ရှေးအတိတ်ဆောင် ပုံပြင်များဖြင့် ဟောပြောညွှန်ပြ ဆိုဆုံးမလေ့ရှိပါသည်။ တစ်နေ့တွင် လုံ့လဝီရိယနည်းသည့် ရဟန်းတစ်ပါးကို ဘုရားရှင်က အတိတ်တွင် ထီးနန်းကို စွန့်လွှတ်ခဲ့ရသော်လည်း လုံ့လဝီရိယကြောင့် ထီးနန်းပြန်ရသည့် မင်းအကြောင်းကို ဟောတော်မူခဲ့သည်။

ဗာရာဏသီတွင် မဟာသီလဝမင်း မင်းပြုစဉ်ကဖြစ်သည်။ မဟာသီလဝမင်းသည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရုံမက အကျင့်သီလကောင်းသည်။ ဥပုသ်သီတင်း ဆောက်တည်ပြီး အလှူကြီးများ ပေးလေ့ရှိသည်။ တိုင်းသူပြည်သားတို့အပေါ် မေတ္တာ၊ ကရုဏာ၊ ခန္တီတရားတို့ဖြင့် အုပ်ချုပ်သဖြင့် ပြည်သူကလေးစားမြတ်နိုးသော ဘုရင်တစ်ပါး ဖြစ်သည်။

မဟာသီလဝမင်းထံတွင် အကျင့်ယုတ်မာပြီး၊ မတရားပြုကျင့်တတ်သည့် အမတ်တစ်ဦးရှိသည်။ ထိုအမတ်၏ ယုတ်မာသော အကျင့်များကို မင်းကြီးကသိပြီး မိမိတိုင်းပြည်တွင် မနေရန် နှင်ထုတ်လိုက်လေသည်။ အမတ်မိုက်သည် ဗာရာဏသီကထွက်ပြီး ကောသလတိုင်းသို့သွားကာ ကောသလမင်းထံတွင် ခစားလေသည်။

မိမိကို နှင်ထုတ်ခဲ့သော မဟာသီလဝအပေါ်တွင် အမျက်ထားပြီး အမတ်မိုက်သည် ကောသလမင်း လူယုံဖြစ်ရန် ကြံဆောင်လေရာ ဘုရင်ကသဘောကျပြီး ချီးမြှောက်ခြင်းခံရလေသည်။ ကောသလမင်းထံခစားနေသော အမတ်မိုက်သည် တစ်နေ့တွင် -

"အရှင်မင်းကြီး ဗာရာဏသီမှ မဟာသီလဝမင်းသည် စိတ်ထား အလွန်နူးညံ့သူဖြစ်သည်။ ထိုတိုင်းပြည်ကို အလွယ်ပင် သိမ်းယူနိုင်ပါလိမ့်မည်" ဟုလျှောက်ထား လေသည်။ ကောသလမင်းက -

"အမတ်မင်း ဗာရာဏသီသည် စစ်သည်ဗိုလ်ပါ အင်အားကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ငါတို့တိုက်ရန် မဖြစ်နိုင်"

"အရှင်မင်းကြီး ကျွန်တော်မျိုး ပြောသည်ကို မယုံလျှင် မြို့အစွန်အဖျားကို စစ်သည်အနည်းငယ်ဖြင့် စေလွှတ်တိုက်ခိုင်းကြည့်ပါ။ ဗာရာဏသီမင်းသည် ဖမ်းမိသည့် စစ်သည်များကို မည်သို့ပြုမူကြောင်း စောင့်ကြည့်ပါ" ဟု ပြောလေသည်။

ကောသလမင်းသည် စစ်သည်အနည်းငယ်ကို စေလွှတ်ပြီး ဗာရာဏသီမြို့အစွန်ကို တိုက်ခိုက်ခိုင်းလေသည်။ ဗာရာဏသီမင်း၏ စစ်သည်များက ကောသလစစ်သည်များကို ဖမ်းမိသည်။ သို့သော် မင်းကြီးက ဖမ်းမိသော စစ်သည်များကို ဆုံးမပြီး ပစ္စည်းဥစ္စာများပေးကာ ပြန်လွှတ်လိုက်လေသည်။

ကောသလမင်းသည် နောက်တစ်ကြိမ် မြို့လယ်နှင့် မြို့တွင်းလမ်းများအထိ ကျူးကျော်ကာ သူ၏စစ်သားများကို စေလွှတ်တိုက်ခိုက်ခိုင်းပြန်သည်။ ဖမ်းမိသည့် စစ်သည်အားလုံးကို မဟာသီလဝမင်းသည် နူးညံ့စွာ ဆုံးမကာ ပစ္စည်းဥစ္စာများပေးပြီး ပြန်လွှတ်လိုက်သည်ချည်းဖြစ်သည်။

အမတ်မိုက်ပြောသည့်အတိုင်း မဟာသီလဝ၏ စိတ်ထားကို သိရှိပြီဖြစ်သဖြင့် ကောသလသည် ဗာရာဏသီပြည်ကို သိမ်းယူရန် စစ်သည်အင်အားအလုံးအရင်းနှင့် ချီတက်လာလေသည်။ ဗာရာဏသီပြည်သို့ရောက်လျှင် နိုင်ငံကို ဝိုင်းထားပြီး စစ်ပြိုင်ရန် အကြောင်းကြားသည်။

"တိုင်းပြည်ကို ပေးအပ်မည်လော၊ စစ်တိုက်မည်လော" ဟု ရာဇသံပေးလေသည်။

မဟာသီလဝ၏ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် အမတ်တစ်ထောင်က ရန်သူကောသလမင်းကို စစ်ပြိုင်ရန် ပြင်ဆင်ပြီး သွားဖမ်းမည်ဟု လျှောက်တင်သော်လည်း

"အမတ်တို့ စစ်ပြိုင်လျှင် တိုင်းသူပြည်သားများ သေကျေပျက်စီးမည်။ ငါသည် စစ်မပြိုင်။ ငါ၏ တိုင်းပြည်ကို လိုချင်လျှင် ယူသွားပါစေ" ဟု ပြောလိုက်လေသည်။

စစ်မတိုက်ဘဲ တိုင်းပြည်ကို ပေးအပ်ပါမည်၊ ပြည်သူတွေကို ဒုက္ခမရောက်ပါစေနှင့်ဟု အကြောင်းပြန်လိုက်သဖြင့် ကောသလဘုရင်သည် ဗာရာဏသီကို အလွယ်တကူ သိမ်းပိုက်ပြီး ထီးနန်းအုပ်ချုပ်လိုက်လေသည်။

မဟာသီလဝနှင့် အမတ် တစ်ထောင်ကိုဖမ်းပြီး သုသာန်တွင် အရှင်လတ်လတ် ခေါင်းများကိုဖော်ကာ ကျင်းများ အတွင်း မြှုပ်ထားကြလေသည်။ မင်းကြီးလည်း အမတ်တစ်ထောင်ကို မေတ္တာပွားကြရန်သာ ပြောဆိုဆုံးမလေသည်။

ညအချိန်ရောက်သော် မြေခွေးတို့သည် ဦးခေါင်းဖော်ထားသည့် ဘုရင်နှင့် အမတ်များထံ ဝန်းရံပြီး စားရန်ပြင်ကြသည်။ မဟာသီလဝ၏ လည်ပင်းကို ကိုက်ခဲရန် ပြေးလာသည့် မြေခွေးကို မင်းကြီးက မေးရိုးနှင့် ညှပ်ပြီး ဖိထားရာ မြေခွေးသည် ကြောက်ရွံ့ပြီး ပြင်းစွာ အော်လေသည်။ ခေါင်းဆောင်မြေခွေး၏ အော်သံကို ကြားရသဖြင့် ခွေးများ ပြေးကြလေသည်။

ခွေးနှင့် ရုန်းကန်ရင်းက မင်းကြီးလည်း ဖို့ထားသည့် မြေက လွတ်ထွက်ပြီး ကျင်းပေါ်တက်နိုင်သွားသည်။ မိမိ အမတ်တစ်ထောင်ကို ဖော်ယူပြီးနောက် သုသာန်တွင်နေထိုင်စဉ် ဘီလူးတို့ ရောက်လာသည်။ ဘီလူးတို့သည် လူသေကောင်ကို အဝေမတည့်ဘဲ လုနေကြသဖြင့် မဟာသီလဝက ဝေဖန်ပေးလိုက်ရာ ဘီလူးတို့က ကျေးဇူးတင်ပြီး မင်းကြီးကို ကျေးဇူးပြုပါရစေဟု လျှောက်တင်ကြသည်။

မင်းကြီးကလည်း အမတ်တို့နှင့်တကွ မိမိကိုနေရာဌာနများသို့ ပြန်ပို့ပေးရန် ပြောရာ ဘီလူးတို့လည်း စောင့်ရှောက်ပြီး ပြန်ပို့ပေးလေသည်။ မဟာသီလဝမင်းသည် နန်းတော်အတွင်း အိပ်ပျော်နေသော ကောသလမင်းထံပါးသို့ ဘီလူးတို့၏ တန်ခိုးဖြင့် ရောက်ရှိပြီး သန်လျက်ထောက်ကာနှိုးလေသည်။

လုံခြုံသော နန်းတော်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့သဖြင့် ကောသလမင်းကြီးသည် အံ့အားသင့်နေစဉ် ဘီလူးတို့လည်းပါလာသဖြင့် အဘယ်ကြောင့် ဘီလူးတို့ကို ခေါ်လာရသနည်းမေးလေသည်။ ဘီလူးတို့ကလည်း မဟာသီလဝ၏ ကျေးဇူးကိုပြောကြားလေရာ မင်းကြီး၏ ကျေးဇူးကို ဘီလူးတို့ပင် သိလေသည်ဟုသတ်မှတ်ပြီး ထီးနန်းကို ပြန်အပ်သွားရလေသည်။

ယောက်ျားမှန်လျှင် လုံ့လမလျှော့ အစဉ်အမြဲ ကြိုးစားအားထုတ်နေသောကြောင့် ထီးနန်းကိုပင် ပြန်လည်ရရှိနိုင်ခဲ့ကြောင်း ဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။

**(ရည်ညွှန်း - ငါးရာ့ငါးဆယ်နိပါတ်တော်၊ မဟာသီလဝဇာတ်)**

■ E01

## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ မော်လမြိုင်ကျွန်း ကံသာကျေးရွာက ဘက စာသင်ကျောင်းလေးကို ကုသိုလ်ပြုနိုင်ဖို့ပါ။ အဆိုပါ မူလွန် ဘကကျောင်းမှာ ကလေး ၁၀၇ ယောက်ကို ဆရာ ဆရာမ ခြောက်ဦးနဲ့ ပညာသင်ကြားပေးနေတာဖြစ်ပြီး လတ်တလောမှာ ဆရာ ဆရာမတွေအတွက် လစာငွေပေးအပ်ဖို့ အခက်ကြုံနေတယ်လို့ သိရပါတယ်။ တတ်အားသရွေ့ပါဝင်လှူဒါန်းဖို့ မေတ္တာရပ်ခံထားပြီး အသေးစိတ်သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် မနန်း & Nan Mwe (ဖြူစင်သောနှလုံးသား) ဖုန်း ၀၉ ၉၇၄၃၄၀၈၄၅ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### အာမခံတစ်နှစ်ပါဝင်တဲ့ ညောင်းညာကိုက်ခဲပျောက် အနှိပ်ထိုင်ခုံ

အသက်အရွယ်အရ ညောင်းညာကိုက်ခဲ ဝေဒနာ ခံစားနေရသူတွေနဲ့ အထိုင်များလို့ ခန္ဓာကိုယ်က ဇက်ကြောတက်ဝေဒနာခံစားနေရသူတွေအတွက် အနှိပ်ကုလားထိုင်ကို ညွှန်ပေးချင်ပါတယ်။ သာမန်အနှိပ်ထိုင်ခုံတွေနဲ့မတူဘဲ ဇက်၊ ကြောပြင်၊ ခါးနေရာတွေကို Roller နဲ့ ထိထိရောက်ရောက်နှိပ်နယ်ပေးပြီး ပေါင်နှင့်တင်ပါးတို့ကို တုန်ခါစနစ်နဲ့ နှိပ်ပေးလို့ ကြွက်သားများကို ပြေလျော့စေမယ်လို့ ရောင်းချသူက ဆိုထားပါတယ်။ အပူပေးစနစ်လည်း ပါဝင်ပြီး မနှိပ်ချင်တဲ့အခါမှာ သာမန်ထိုင်ခုံလို သုံးလို့ရလို နေရာမစားတဲ့အားသာချက် ရှိပါတယ်။ အာမခံတစ်နှစ်ပါဝင်ပြီး ဈေးနှုန်းက ၃၇၀,၀၀၀ ကျပ်ပါ။ ဝယ်ယူလိုတယ်ဆိုရင် Billionaire Two လိပ်စာ- အမှတ် (၁၁၂/၂)၊ မြေညီထပ်၊ မြင်သာ(၉)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (စီမံကိန်းမှတ်တိုင်အနီး)၊ ဖုန်း ၀၉၄၅၀၀၄၈၀၄၅ ကို ဆက်သွယ်ဝယ်နိုင်ပါတယ်။ ■



# အိန္ဒိယ

နိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့သို့ ရောက်ရှိစဉ် အခိုက် မြန်မာနိုင်ငံ ရခိုင်မြောက်ပိုင်းပဋိပက္ခနှင့်စပ်လျဉ်း၍ အိန္ဒိယ ဝါရင့်သတင်းစာဆရာကြီးအချို့က သူတို့သိချင်သည်များကို စပ်စုမေးမြန်းကြပါသည်။ ဘာ့ကြောင့် ရခိုင်ပဋိပက္ခဖြစ်ရသလဲ။ ဘာ့ကြောင့် ရခိုင်မြောက်ပိုင်းက မွတ်ဆလင်တွေကို 'ရိုဟင်ဂျာ' ဟုခေါ်ဆိုတာ မြန်မာတွေက လက်မခံကြသလဲ။ 'ရိုဟင်ဂျာ' ဝေါဟာရက ဘာ့ကြောင့်မြန်မာမီဒီယာတွေမှာ ထိလွယ်၊ ရှလွယ် စကားလုံးဖြစ်နေရသလဲ။ ဘာ့ကြောင့် 'ဘင်္ဂါလီ' လို့ သုံးနှုန်းခေါ်ဝေါ်ကြသလဲဆိုပြီး စပ်စုမေးမြန်းကြပါသည်။

ဤကိစ္စမှာ အတော်ခေါင်းခဲစရာ လွယ်လွယ်နှင့် ရှင်းပြလို့မရသောကိစ္စဖြစ်သည်။ ဘာ့ကြောင့် (ယခု) ပြင်ပကမ္ဘာမှာ နှုတ်ကျိုးလုနီးဖြစ်နေပြီဖြစ်သည့် အမည်နာမ၊ ဝေါဟာရတစ်ခုကို မြန်မာတွေက ခါးခါးတူးတူး သုံးစွဲဖို့ ငြင်းဆန်နေခြင်းကို သူတို့တစ်တွေ သဘောမပေါက်ကြပါ။

ယနေ့ နိုင်ငံတကာအရပ်ရပ်မှာ မြန်မာနိုင်ငံ၊ ရခိုင်အရေးကို ဆွေးနွေးပြောဆိုကြတိုင်း ထိုဝေါဟာရနှင့်ပတ်သက်ပြီး အငြင်းပွားစရာအမြဲဖြစ်သည်။ မကြာသေးမီက ရိုမန်ကက်သလစ် ခရစ်ယာန် သာသနာပိုင် ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ထိုဝေါဟာရကို လုံးဝမသုံးစွဲဘဲ ရှောင်ရှားသွားခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ အခြေအနေစိတ်ခံစားမှုကို စာနာထောက်ထားလျက် ထိုဝေါဟာရကို လုံးဝသုံးစွဲ ပြောဆိုသွားခြင်း မရှိခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိစဉ်တွင်မူ ဘာသာပေါင်းစုံ ညီညွတ်ရေးပွဲအခမ်းအနားတစ်ခု၌ ထိုဝေါဟာရကို ထုတ်ဖော်ပြောဆိုသွားခဲ့ရာ မြန်မာနိုင်ငံသားတို့ အောင့်သည်းအောင့်သက် ဖြစ်ခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီးကိုပင် ရှေ့နောက်မညီ စကားပြောသူအဖြစ် ဝေဖန်သူတို့က ဝေဖန်လာသည်။

အဓိကပြဿနာတစ်ရပ်မှာ အမည်နာမ 'အသုံးအနှုန်း' 'အခေါ်အဝေါ်' ကိစ္စဖြစ်သည်။ မြန်မာပြည်သူတွေ လက်မခံသော အမည်နာမတစ်ခု၊ လူမျိုးစုအမည်တစ်ခုကို ယနေ့နိုင်ငံတကာတွင် နှုတ်ကျိုးလုနီးဖြစ်နေရခြင်းကပင် 'ပြဿနာ' တစ်ခုဖြစ်လာသည်။ အချို့က ထိုဝေါဟာရ၏ ထိရှလွယ်မှုကို မသိရှိဘဲ သဘောရိုးနှင့် သုံးနှုန်းပြောဆိုသည်။ အများကပြောနေ၍ လိုက်ပြောခြင်းဖြစ်သည်။ ထိုအခါ မြန်မာနိုင်ငံသားတစ်ဦးတစ်ယောက်က မခံမရပ်နိုင်ဖြစ်သည်။ "ဟင်… မင်းတို့က ဒီဝေါဟာရလေးပြောတာနဲ့တင် ဆတ်ဆတ်ထိမခံ ဖြစ်နေပါလား" ဆိုပြီး သူတို့အံ့သြကြသည်။ တစ်ဆက်တည်း မသိစိတ်ကောက်ချက်က 'ဒါဟာလည်း Discriminated လုပ်တာပါပဲလား' ဆိုသည့် အမြင်တွေနှင့် ကြည့်လာသည်။

မြန်မာနိုင်ငံမှာ 'ရိုဟင်ဂျာ' ဝေါဟာရ မသုံးစွဲကြပါနှင့်၊ ရှောင်ရှားကြပါဆိုသည့် အယူအဆတွေ ရှိလာသည်။ မြန်မာလူမျိုးတစ်ဦးနှင့် မိတ်မပျက် ဆက်ဆံလိုလျှင် ထိုဝေါဟာရကို ရှောင်ရှားပါဟူ၍ ဖြစ်လာသည်။




ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ မလာရောက်မီ ကုလအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကိုယ်တိုင် ဗာတီကန်နန်းတော်သို့သွားရောက်ပြီး မြန်မာနိုင်ငံတွင် ထိုအသုံးအနှုန်း မသုံးစွဲဖို့ သတိပေးခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီးက မြန်မာနိုင်ငံတွင် မသုံးစွဲခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်ရောက်သောအခါ သုံးစွဲသွားသည်။ ထိုသို့ သုံးစွဲသည်မှာ ထိုအမည်နာမကို ထောက်ခံအသိမှတ်ပြုသောကြောင့် မဟုတ်ဘဲ လူမျိုးစု Identity တစ်ခုအဖြစ်သာ ခေါ်ဝေါ်ခြင်းဖြစ်သည်။

နိုင်ငံတကာမီဒီယာတွေမှာ ယခုနောက်ဆုံး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာညီလာခံတွေမှာ ထိုဝေါဟာရကိုပင် တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြသည်ကို တွေ့ရသည်။ ရခိုင်အရေးနှင့် စပ်လျဉ်း၍ မြန်မာဘက်က ထောက်ခံအားပေးသော ရုရှားဖြစ်စေ၊ တရုတ်ဖြစ်စေ ထိုဝေါဟာရကိုပင် မဖြစ်မနေသုံးစွဲနေရသည်။ ထိုသို့ သုံးစွဲလိုက်ရုံနှင့် ထိုအမည်နာမကို အသိအမှတ်ပြုသည့်သဘောကိုမဆောင်။ Identity တစ်ခုအနေနှင့် သုံးစွဲတာမျိုးပဲဖြစ်သည်။

နိုင်ငံရပ်ခြားမှာ…၊ သို့တည်းမဟုတ် ပြည်တွင်းမှာ နိုင်ငံခြားသား

**အင်ဖာတွင် နယူးဒေလီမှလာသော သတင်းစာဆရာကြီးအချို့နှင့် စကားပြောသည့်အခါ ထိုအခေါ်အဝေါ်၊ ဝေါဟာရကိစ္စ ပါလာသည်။ မိမိတို့က 'ဘင်္ဂါလီ' ဟု ခေါ်ဝေါ်လိုက်သောအခါ အိန္ဒိယသတင်းစာဆရာကြီးတွေက မျက်မှောင်ကြုတ်ကြသည်။**

တွေနှင့် စကားပြောကြသည့်အခါ မိမိတို့က ထိုအသုံးအနှုန်းကို ခါးခါးသီးသီး ငြင်းဆန်ကြသည်။ မီဒီယာတွေကလည်း ထိုဝေါဟာရကို ရှောင်ရှားကြသည်။ စိုးစဉ်းမျှ မတို့ထိရဲကြ။ ထိုဝေါဟာရအစား 'ဘင်္ဂါလီ' ဟု သုံးစွဲလာခဲ့သည်မှာ ၂၀၁၂ ခုနှစ် ရခိုင်အရေးအခင်း အပြီးကတည်းကဖြစ်သည်။ မည်သူက စတင်သုံးစွဲလိုက်သည်ဟု အမှတ်မထားမိသော်လည်း အဓိက မီဒီယာကြီးတွေက စတင်သုံးစွဲခဲ့တာ မှတ်မိသည်။ ယခုတော့ ပြည်တွင်းမှာ 'ဘင်္ဂါလီ' ဝေါဟာရက အသုံးတွင်ကျယ်လာပြီး ရခိုင်မြောက်ပိုင်းပဋိပက္ခကို ရေးသား၊ ဆွေးနွေးကြတိုင်း 'ဘင်္ဂါလီ' အခေါ်အဝေါ်က အသားကျသလောက်ဖြစ်နေပြီ။ နောက်ဆုံး နိုင်ငံတော်ထုတ်ပြန်ချက်တွေမှာလည်း ဘင်္ဂါလီ ဟူ၍သာ သုံးနှုန်းနေကြပြီ ဖြစ်သည်။ သို့သော် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ မီဒီယာတွေကတော့ ပြည်တွင်းမီဒီယာတွေမှာ သုံးစွဲနေသည့် ထိုဝေါဟာရကို မသုံးစွဲကြသေးပါ။

အင်ဖာတွင် နယူးဒေလီမှလာသော သတင်းစာဆရာကြီးအချို့နှင့် စကားပြောသည့်အခါ ထိုအခေါ်အဝေါ်၊ ဝေါဟာရကိစ္စ ပါလာသည်။ မိမိတို့က 'ဘင်္ဂါလီ' ဟု ခေါ်ဝေါ်လိုက်သောအခါ အိန္ဒိယ သတင်းစာဆရာကြီးတွေက မျက်မှောင်ကြုတ်ကြသည်။ ထိုအခါ မိမိတို့က ရခိုင်မြောက်ပိုင်းရောက် မွတ်ဆလင်များကို ဘာ့ကြောင့် သူတို့ဘာသာသူတို့ တီထွင်ထားသည့် လူမျိုးစုအမည်မသုံးဘဲ 'ဘင်္ဂါလီ' ဟု သုံးရခြင်းကို နားလည်အောင်ရှင်းပြရသည်။ ရှင်းပြပြီးနောက် နားလည်သဘောပေါက်သွားသည့်တိုင် သူတို့ဘဝင်မကျကြ။

ဘင်္ဂါလီတွေက ဘင်္ဂလားဒေ့ရှ်မှာသာမက အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်မှာလည်း အဓိက နေထိုင်ကြသည်။ ပါကစ္စတန်၊ သီရိလင်္ကာအပါအဝင် ကမ္ဘာအနှံ့ပျံ့နှံ့နေသည့် ဘင်္ဂါလီတွေလည်းရှိသည်။ ဘင်္ဂါလီတိုင်း ဘင်္ဂလားဒေ့ရှ် မွတ်ဆလင်မဟုတ်ကြ။ အိန္ဒိယ အနောက်ဘင်္ဂလားပြည်နယ်မှာကျတော့ ဟိန္ဒူဘာသာဝင် ဘင်္ဂါလီအများစု နေထိုင်ကြသည်။ ခရစ်ယာန် ဘင်္ဂါလီတွေရှိသလို ဗုဒ္ဓဘာသာ ဘင်္ဂါလီပင်ရှိသည်။ ဘင်္ဂါလီဟုခေါ်ဝေါ်သုံးနှုန်းလိုက်လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေကိုသာမက သန်းပေါင်းများစွာသော အိန္ဒိယနိုင်ငံသားတွေကိုလည်း ကိုယ်စားပြုနေသည်။ နာမည်ကျော် အိန္ဒိယစာဆိုကြီး ရာဘင်ဒြာနာ့သ် တဂိုးသည်ပင် ဘင်္ဂါလီစာဆိုကြီးဖြစ်သည်။ ထို့ကြောင့် ရခိုင်မြောက်ပိုင်းက မွတ်ဆလင်တွေကို 'ဘင်္ဂါလီ' ဟု မိမိတို့က ခေါ်ဝေါ်သုံးစွဲလိုက်ခြင်းအတွက် ရုတ်တရက် သူတို့ဇဝေဇဝါဖြစ်သွားပုံရသည်။ သို့သော် ထိလွယ် ရှလွယ် ဝေါဟာရတစ်ခုအတွက် သူတို့ အပြင်းအထန် အငြင်းမပွားခဲ့ကြပါ။

'ဘင်္ဂါလီ' ပြဿနာနှင့်ပတ်သက်၍ ဘဝင်မကျဖြစ်နေမိသည်မှာကြာပြီ။ နိုင်ငံတကာက အသားကျသလောက်ဖြစ်အောင် သုံးစွဲခေါ်ဝေါ်နေသည့် အမည်နာမတစ်ခုကို မိမိတို့က မရှိပါဘူးဟု အကျောက်အကန် ငြင်းနေတိုင်း မိမိတို့သည် ခွဲခြားဆက်ဆံတတ်သော လူမျိုးတစ်မျိုးပါလားဟု နိုင်ငံတကာက ထင်မြင်ယူဆသွားမှာကို စိုးရိမ်သည်။ ဒါဆိုလျှင် အခေါ်အဝေါ်ကိစ္စကို အမြဲတမ်း Sensitive ဖြစ်နေမည်လား။ နိုင်ငံတကာကပါ 'ဘင်္ဂါလီ' ဟု လိုက်ပါသုံးနှုန်းအောင် ကြိုးစားမည်လား။ မြန်မာနိုင်ငံတွင် အမှန်တကယ်မရှိသော လူမျိုးစုတစ်ခု၊ မိမိတို့ဘာသာ မိမိတို့ တီထွင်ဖန်တီးထားသည့် အမည်နာမတစ်ခု၏ အသုံးအနှုန်း အခေါ်အဝေါ် ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ တစ်ခုခုစဉ်းစားဖို့တော့ လိုမည်ထင်ပါသည်။

■ ချစ်ဝင်းမောင်

The VOICE Daily

CARTOON






**နိုဝင်ဘာ** လ ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် 'ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဖွဲ့စည်းရခြင်းအကြောင်းရင်း' ဟူသောခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည့် ဆရာသန်းဖြိုးနိုင်(ကညင်ကျိုး)၏ဆောင်းပါးကို ဖတ်ရှုလိုက်ရပါသည်။ အဆိုပါဆောင်းပါး၏တစ်နေရာတွင် ဆရာက 'ထို့ပြင် အခြားထူးခြားသောအချက်တစ်ချက်လည်း ရှိနေသေးသည်။ ၎င်းကိစ္စမှာ အလွန်အရေးကြီးသလို ပြောင်းလဲမှုကို လုပ်ဆောင်ရမည့်အချက်တစ်ခုလည်းဖြစ်သည်။ ထိုကိစ္စမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ခရိုင်၊ မြို့နယ်အသီးသီးတွင်ရှိနေကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်မှ နိုင်ငံ့ဝန်ထမ်းများဖြစ်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ထိုရုံးအဖွဲ့များကိုပါ တစ်ပါတည်း ယခုပြင်ဆင်ပြောင်းလဲမည့် ဖွဲ့စည်းပုံအသစ်ထဲသို့ လိုက်ပါပြောင်းလဲရေးပင်ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင်လည်း ရုံးခွဲများအသီးသီးရှိလာပြီး ဟန်ချက်ညီလာနိုင်မည်ဖြစ်သည်။ ယခုမူ ခေါင်းကတစ်မျိုး၊ ကိုယ်ကတစ်ဖုံဖြစ်နေသည်မှာ အားလုံးမြင်ကြမည်ထင်သည်' ဟူ၍ ရေးသားဖော်ပြခဲ့ပါသည်။

အဆိုပါရေးသားချက်နှင့်ပတ်သက်၍ ဝန်ထမ်းလောက အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းလောကတွင် စိတ်ဝင်စားမှုဖြင့်တက်လျက်ရှိပြီး ပြောဆိုဆွေးနွေးမှုများရှိလာကြကာ လူမှုကွန်ရက်တွင်လည်း အပြန်အလှန် မေးမြန်းမှုများရှိလာသည့်အတွက် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။ ဆရာသန်းဖြိုးနိုင်အနေနှင့် ကြေးမုံသတင်းစာ၏မူဝါဒဘောင်အတွင်း မိမိ၏သဘောထားအယူအဆကို ပွင့်လင်းစွာ သုံးသပ်ရေးသား ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော့်အနေနှင့်လည်း မိမိ၏ကိုယ်ပိုင်အတွေးအခေါ်အယူအဆကို ပြန်လည်တင်ပြဆွေးနွေးခြင်းသာ ဖြစ်ပါသည်။ မည်သည့်အစိုးရဌာန၊ အဖွဲ့အစည်း၏ အယူအဆသဘောထားအမြင်မျှ မဟုတ်ပါကြောင်း စကားပလ္လင်ခံအပ်ပါသည်။

## နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီး

ဦးစွာပထမ ရေးသားဖော်ပြလိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပါ ပြဋ္ဌာန်းချက်ပင်ဖြစ်ပါသည်။ အခြေခံဥပဒေ၏ အခြေခံမူများအခန်း၊ ပုဒ်မ ၁၆ တွင် 'နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်' ဟူ၍ ပြဋ္ဌာန်းထားသလို အခန်း(၃)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအခန်း၊ ပုဒ်မ (၅၈)တွင်လည်း 'နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိသည်' ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် အခြေခံဥပဒေ အခန်း (၅) အုပ်ချုပ်ရေးကဏ္ဍ/ပြည်ထောင်စုအစိုးရအဖွဲ့အခန်း၊ ပုဒ်မ ၁၉၉ တွင် (က) နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

(ခ) (၁) နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည် ဟူ၍လည်း ပြဋ္ဌာန်းထားပါသည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရဆိုသော် နိုင်ငံတော်သမ္မတသည်သာလျှင် နိုင်ငံတော်၏အကြီးအကဲ၊ နိုင်ငံတော်၏အထွတ်အထိပ်၊ နိုင်ငံတော်၏တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်ဆိုခြင်းမှာ အငြင်းပွားစရာအကြောင်း မရှိပါချေ။

တစ်ဖန် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ လေ့လာကြည့်မည်ဆိုပြန်လျှင်

ပုဒ်မ ၂၃၂(ခ)(၂)တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏အမည်စာရင်းကို ရယူရမည်။ ဤနေရာတွင် 'သင့်လျော်သည့်တပ်မတော်သား' ဟူသည့်အချက်ကို သတိပြုရမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတအနေနှင့် မည်သူသည် နယ်ဘက်ဆိုင်ရာ/မြို့ပြအုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်ရန် သင့်လျော်မှုရှိ မရှိကို သိရှိနိုင်မည် မဟုတ်ပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကသာလျှင် ကောင်းစွာသိရှိနိုင်မည်ဖြစ်၍ ၎င်းထံမှ အမည်စာရင်းကို ရယူရခြင်းဖြစ်ပါသည်။ ထို့အပြင် အဆိုပါအမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း၊ လွှတ်တော်၏အတည်ပြုချက်ရရှိပါက ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းတို့သည် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်သာဖြစ်ကြောင်း ပုဒ်မခွဲ(ဂ)နှင့်(စ)တို့တွင် အတိအကျပြဋ္ဌာန်းသတ်မှတ်ထားသကဲ့သို့ ထိုကဲ့သို့ ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုဝန်ကြီးတို့သည် 'နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်' ဟူ၍ ပုဒ်မခွဲ(ဇ) တွင် အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

> **...အဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် မည်သည့်ဝန်ကြီးဌာနလက်အောက်တွင် ရှိနေသည်ဖြစ်ပါစေ မိမိဌာန၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း ...**

ထို့ကြောင့် အချို့သောသူများပြောဆိုနေကြသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည်ဟူ၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတကို တာဝန်ခံစရာမလို၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုသာလျှင် တာဝန်ခံရမည်ဟူ၍လည်းကောင်း ပြောဆိုရေးသားမှုများသည် အခြေခံဥပဒေနှင့်မညီသော၊ အခြေခံဥပဒေနှင့်လွဲချော်နေသော ပြောဆိုရေးသားမှုများသာ ဖြစ်ကြပါသည်။

ထို့အပြင် ပုဒ်မ ၂၃၅(ဂ)တွင် နိုင်ငံတော်သမ္မတသည် -

(၁) ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးတစ်ဦးဦးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။

(၂) ရာထူးမှနုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှရပ်စဲခံရမည့် တပ်မတော်သား ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးနှင့် ပတ်သက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဟူသည့်ပြဋ္ဌာန်းချက်သည် အထက်ပြဋ္ဌာန်းချက်များပါ နိုင်ငံတော်သမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ပိုမိုလေးနက်စေပါသည်။ နိုင်ငံတော်သမ္မတ၏ညှိနှိုင်းချက်ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငြင်းဆိုလိမ့်မည်ဟု မထင်ပါ။

ထို့ကြောင့် အထက်ဖော်ပြပါ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို သုံးသပ်ခြင်းဖြင့် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အထွတ်အထိပ်၊ နိုင်ငံတော်၏အုပ်ချုပ်ရေးအကြီးအကဲ၊ ပြည်ထောင်စုဝန်ကြီးများကို ခန့်အပ်ပိုင်ခွင့်ရှိသူ၊ တာဝန်မှ ရပ်စဲပိုင်ခွင့်ရှိသူ ဆိုသည့်အချက်မှာ မည်သည့်အကြောင်းကြောင့်မှ အငြင်းပွားစရာအကြောင်းမရှိပါ။

## ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပုဒ်မ ၁၉၉(ခ)(၁)ပါ ပြဋ္ဌာန်းချက်တွင် 'နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်' ဟူ၍ ပြဋ္ဌာန်ထားသကဲ့သို့ ပုဒ်မ ၂၅၆ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမည်။

(ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုနိုင်သည် ဟူ၍ ပြဋ္ဌာန်းထားပါသည်။

အထက်ဖော်ပြပါ အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီပင် ယခုအခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အပါအဝင် ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများဆိုလျှင် လစာမှအစ အသုံးစရိတ်များအားလုံးကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းမှပင် ကျခံသုံးစွဲလျက်ရှိပါသည်။ အထွေထွေအုပ်

**စာမျက်နှာ 23 သို့**


The VOICE
ဒီဂျစ်တယ်ခေတ်မှာ
သတင်းအချက်အလက်တွေကို
အချိန်နဲ့တပြေးညီရယူဖို့.......
www.facebook.com/thevoicemyanmar.mm
The Voice Website ကို
အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ......
www. thevoicemyanmar.com
စီးပွားရေး
ပညာရေး
နိုင်ငံရေး
နည်းပညာ
မှုခင်း
အားကစား
အနုပညာ
နိုင်ငံတကာ

# iPhone X စမတ်ဖုန်းတိုင်း၏ အရည်အသွေး တူညီမှုမရှိ



Apple မှ နောက်ဆုံးထွက်ရှိထားသည့် iPhone X တိုင်း၏ ဖုန်းဆင်ဂနယ်သည် တူညီမှုမရှိကြောင်း လေ့လာဆန်းစစ်ရေးကုမ္ပဏီဖြစ်သည့် Cellular Insights အဖွဲ့က ဖော်ပြခဲ့သည်။

iPhone X စီးရီးတွင် Qualcomm နှင့် Intel Proessor အသုံးပြု ဖုန်းစီးရီး နှစ်မျိုးရှိရာ Qualcomm Processor အသုံးပြုထားသော စီးရီးသည် Intel ထက် LTE မြန်နှုန်း ပိုမိုမြင့်မားကြောင်း Cellular Insights က ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဖုန်းစီးရီးနှစ်မျိုး လုံးကို ကမ္ဘာ့မိုဘိုင်းလ်ဈေးကွက်ထဲတွင် ဖြန့်ချိရောင်း ချလျက်ရှိသော်လည်း Intel အခြေခံဖုန်းများကို အမေရိကန်ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရန် Qualcomm ကုမ္ပဏီက Apple ကိုတရားစွဲဆိုတောင်း ဆိုထားသည်။ Apple သည် Processor နှစ်မျိုးအသုံး ပြုမှုကို iPhone 7 မှ စတင်၍ အသုံးပြုခဲ့ခြင်းဖြစ်ပြီး Qualcomm မော်ဒယ်လ်များက စွမ်းဆောင်ရည် ပိုမိုသာလွန်ကြောင်း နည်းပညာ ဝက်ဘ်ဆိုက်များက ညွှန်းကြသည်။ Apple အနေနှင့် Qualcomm အခြေခံ iPhone X များ ရောင်းအားကောင်းနေသော်လည်း နည်းပညာမူပိုင်ခွင့်များနှင့် ပတ်သက်၍ ကုမ္ပဏီနှစ်ခုမှ အပြန်အလှန် တရားစွဲဆိုထားခြင်းကြောင့် လာမည့် iPhone စီးရီးများတွင် Qualcomm အသုံးပြုနိုင် ခြေမှာ မသေချာသော အနေအထားသို့ရောက်ရှိလာခဲ့သည်။

### အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီ၏ အချက်အလက်များပေါက်ကြား

အမေရိကန်အမျိုးသား လုံခြုံရေးအေဂျင်စီ (NSA) ၏ 100 GB ခန့်ရှိ အချက်အလက်များ ပေါက်ကြားမှု ဖြစ်ပွားခဲ့ပြီး အေဂျင်စီမှလည်း ပြန်လည်ပြင်ဆင်နိုင်ခြင်း မရှိသေးကြောင်း ZDNet သတင်းက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ၏ လုံခြုံမှုအရှိဆုံးနှင့် လျှို့ဝှက်မှုအရှိဆုံး အေဂျင်စီများအနက် တစ်ခုဖြစ်သည့် NSA ၏ အချက်အလက်များပေါက်ကြားမှုတွင် စစ်ဘက်ရေးရာ ပရောဂျက်အများအပြားပါဝင်သွားခဲ့သည်ဟု ZDNet က ဆိုသည်။

ဖောက်ထွင်းခံခဲ့ရသော Server ကို မဖော်ပြထားသေးသော်လည်း ယင်း Server တွင် Password မခံထားခြင်းကြောင့် Server ကို တွေ့ရှိသူမည်သူမဆို အစိုးရ၏ အရေးကြီးသော စာရွက်စာတမ်းများကို အလွယ်တကူရယူသွားနိုင်ကြောင်း သိရသည်။

ဆိုက်ဘာ လုံခြုံရေးအဖွဲ့ဖြစ်သည့် UpGuard မှ ယင်း Server နှင့်ပတ်သက်၍ ဖောက်ထွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စက်တင်ဘာအတွင်းက NSA ကိုသတိပေးခဲ့သော်လည်း အစိုးရအေဂျင်စီမှ တုံ့ပြန်မှု မရှိခဲ့ပေ။

### Windows 10 အသုံးပြု ကုန်ပစ္စည်းပေါင်း သန်း ၆၀၀ ကျော်ရှိလာ

ကမ္ဘာပေါ်တွင် Windows 10 ကိုနေ့စဉ်အသုံးပြုနေသည့် ကုန်ပစ္စည်းပေါင်း သန်း ၆၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း Microsoft ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Satya Nadella မှ ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ နှစ်စဉ် ရှယ်ယာရှင်များအစည်းအဝေးတွင် Nadella မှ ပြောကြားခဲ့ခြင်းဖြစ်သည်။

Windows 10 ကို ကုမ္ပဏီမှ မျှော်လင့်ချက်မြင့်မားစွာထားရှိထားပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် နည်းပညာများအတွက်လည်း Windows 10 ၏ အောင်မြင်မှုက အရေးပါကြောင်း ကုမ္ပဏီ၏ OS ပိုင်း ဒုတိယဥက္ကဋ္ဌ Terry Myerson က ဆိုသည်။ Microsoft မှ Windows 10 ကို အသုံးပြုမှု သန်း ၁၀၀၀ ဖြစ် လာရန် ရည်မှန်းထားသော်လည်း အခြားပြိုင်ဘက်ကုမ္ပဏီ Google ၏ Android သည် အသုံးပြုမှု ပေါင်း သန်း ၂၀၀၀ ကျော်လျက်ရှိနေသည်။



## N E W P R O D U C

# ပြည်တွင်းဈေးကွက်ထဲက Sony ရဲ့ ...

**ပြည်** တွင်းဈေးကွက်ထဲက စမတ်ဖုန်းတွေကို အပတ်စဉ်မိတ်ဆက်ခဲ့ရာက ဒီတစ်ပတ်မှာတော့ ပြည် တွင်းဈေးကွ... ပြည်တွင်းမှာ ဈေးကွက်အောင်မြင် မှုတွေရယူထားနိုင်ခဲ့တဲ့ Sony က သူတို့ရဲ့ ထုတ်ကုန်တစ်ခုဖြစ်တဲ့ Xperia...

### မျက်နှာပြင်အရွယ်အစားနဲ့ အရည်အသွေး

မျက်နှာပြင်အရွယ်စားက ၅ ဒသမ ၂ လက်မ အရွယ်အစားရှိပါတယ်။ မျက်နှာပြင်အရည်အသွေးက 1920 x 1080 pixels ရှိပါတယ်။ ပုံရိပ်သိပ်သည်းဆက 424 ppi ရှိပါတယ်။ IPS LCD capacitive touchscreen မျက်နှာပြင်ကို အသုံးပြုထားပါတယ်။ မျက်နှာပြင်ထိခိုက်မှုတွေကိုလည်း အကာအကွယ်ပေးနိုင်အောင် ဖန်တီးပေးထားပါတယ်။ မျက်နှာပြင်အရည်အသွေးကတော့ စိတ်ကျေနပ်စရာပါပဲ။

### ကင်မရာအရည်အသွေး

ကင်မရာအရည်အသွေး 19 MP ကင်မရာကို တပ်ဆင်ပေးထားပါတယ်။ ကင်မရာစွမ်းဆောင်ချက်တွေအနေနဲ့ Geo-tagging, touch focus, face detection, HDR, panorama စတာတွေပါဝင်ပါတယ်။ ရှေ့ကင်မရာက 13 MP ဖြစ်ပါတယ်။ ကင်မရာစွမ်းဆောင်ချက်တွေက စိတ်ဝင်စားစရာပါပဲ။ အရည်အသွေးမြင့်ဗီဒီယိုတွေလည်း ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။

### ဘက်ထရီအရည်အသွေး

ဘက်ထရီအရည်အသွေး Li-Ion 2900 mAh ပါဝင်ပါတယ်။ ဘက်ထရီကိုတော့ ဖြုတ်လို့ရမှာ မဟုတ်ပါဘူး။ ဖုန်းပြောဆိုမှုနဲ့ သီချင်းနားထောင်တာမျိုးတွေအတွက် တစ်ရက်တာ အသုံးပြုဖို့လိုအပ်တဲ့ပမာဏထက် ပိုပါတယ်။

### အခြားစွမ်းဆောင်ရည်များ

Android ဗားရှင်း 7.1 (Nougat) ကို အသုံးပြုထားပါတယ်။ Android 8 ကို အဆင့်မြှင့်တင်နိုင်ပါတယ်။ Quad-core (2x2.15 GHz Kryo & 2x1.6 GHz Kryo) CPU ကို အသုံးပြုထားပါတယ်။ RAM က 4 GB ပါဝင်မှာဖြစ်ပြီး ဖုန်းအတွင်းသိုမှီးနိုင်



မှုက 64 GB ဖြစ်ပါတယ်။ သိုမှီးနိုင်မှုကို 256 GB အထိ မြှင့်တ... (side-mounted, region dependent), acceleromet... barometer, compass, color spectrum စတဲ့ အာရုံခံစ...

## SMARTPHO...




### Vivo V7+

Screen - 5.99"
CPU - Octa-core 1.8 GHz Cortex-A53
RAM - 4 GB
Battery - Non-removable Li-Ion 3225 mAh battery
Storage - 64 GB (up to 256 GB)
Camera - 24 MP (front) & 16 MP (Back)

### Samsung Galaxy Note 8

Screen - 6.3"
CPU - Octa-core (4x2.35 GHz Kryo & 4x1.9 GHz Kryo) - USA & China
RAM - 6 GB
Battery - Non-removable Li-Ion 3300 mAh battery
Storage - 64 GB (Up to 256 GB)



T

## းချယ်သင့်တဲ့ စမတ်ဖုန်း Xperia Xzs

က်ထဲက ထိပ်တန်းစမတ်ဖုန်းအမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Sony ရဲ့ Xperia Xzs ကို ဖော်ပြပေးဖို့ ရွေးချယ်ထားပါတယ်။
Xzs မှာ ဘယ်လိုစွမ်းဆောင်ရည်ကောင်းတွေ ထည့်သွင်းပေးထားသလဲ ဆိုတာ ကြည့်ရအောင်။



င်နိုင်ပါတယ်။ Fingerprint
er, gyro, proximity,
နစ်တွေ ပါဝင်ပါတယ်။

ဈေးနှုန်းက ကျပ် ၅၉၉,၀၀၀ သတ်မှတ်ထားပါ တယ်။ Sony ပရိသတ်တွေအနေနဲ့ ရွေးချယ်ချင်တယ် ဆိုရင် ထည့်သွင်းစဉ်းစားနိုင်ဖို့အတွက် ဖော်ပြပေးလိုက် ပါတယ်။

## NE CHOICE





### OPPO A57

Screen - 5.2”
CPU - Octa-core 1.4 GHz Cortex-A53
RAM - 3 GB
Battery - Non-removable Li-Ion 2900 mAh battery
Storage - 32 GB (up to 256 GB)

### Huawei Y5 (2017)

Screen - 5.0”
CPU - Quad-core 1.4 GHz Cortex-A53
RAM - 2 GB
Battery - Li-Ion 3000 mAh battery
Storage - 16 GB (up to 128 GB)

## Android Games



### Give it up 3

ခဏလေး။ ဒီဂိမ်းက ခက်တယ်။ နိုင်ဖို့ မလွယ်ဘူး။ စိတ်တော့ပျက်မသွားပါနဲ့။ ဘယ်လောက်ခက်တယ်ပဲ ပြောပြော ဆော့ရတဲ့ပုံစံကတော့ ရိုးရှင်းပါတယ်။ လက်ချောင်းလေးတွေနဲ့ နှိပ်ရတာပါပဲ။

1 နဲ့ 2 မှာတော့ လူကြိုက်များခဲ့တဲ့ ဂိမ်းပါ။ ဘယ်လို ခက်ခက်ခဲခဲ ဆော့ရမလဲဆိုတာ ပြောမပြတော့ဘူး။ ကိုယ့်ဘာသာ စမ်းကြည့်လိုက်စမ်းပါ။

### Stick Fight: Shadow Warrior

ရုပ်ပုံတွေက ရယ်ရတယ်ဆိုပေမယ့် ခက်ခက်ခဲခဲကစားရမယ့်ဂိမ်းပါ။ မောင်းနှင်နေတဲ့ ရထားခေါင်မိုးပေါ်မှာ တိုက်ခိုက်ရတာပေါ့။ ဟိုတစ်လောက နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလိုမျိုး နာမည်ပေးရမယ်ဆိုရင် Train To BuTarGyi ပေါ့။

ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ဆော့ရမှာပါ။ တကယ်မိုက်တဲ့ ဂိမ်းပါပဲ။





### King of Shooter

ဒီဂိမ်းမှာက နာမည်ကျော် စနိုက်ပါသမားတစ်ယောက်အနေနဲ့ ဆော့ကစားရမှာပါ။ နာမည်ကြီးတစ်ယောက် ဖြစ်တဲ့အလျောက် အခက်အခဲတွေရှိတာပေါ့။

ဒီဂိမ်းမှာ မစ်ရှင်တွေက စိတ်ဝင်စားဖို့ကောင်းသလို အခက်အခဲတွေလည်း အများကြီးပါပဲ။ ဒါပေမဲ့ သေနတ်သမားတွေတော့ အကြိုက်တွေ့စေမယ့် ဂိမ်းပါပဲ။

### I am Archer

တကယ့်တိုက်ခိုက်သူတွေဆိုတာ တစ်ကိုယ်တော်ပဲ။ မြန်မြန်ပစ်ဖို့လိုတယ်။ ကိုယ့်ကို မထိခိုက်အောင်လည်း ကာကွယ်ဖို့လိုအပ်ပါတယ်။

သွေးတွေကို ဖော်ပြပေးထားတဲ့အတွက် မြန်မြန်ရှင်းသင့်တဲ့ ရန်သူကို အရင်ဆုံး ရှင်းပစ်နိုင်ပါတယ်။ တွက်ချက်ပါ။ မြန်မြန်ဆန်ဆန် တုံ့ပြန်ပါ။ ဒါဆိုရင် အနိုင်ရဖို့ သေချာပါပြီ။



# "ကျွန်တော့်အမြင်ကတော့ အထောက်အပံ့တွေ အများကြီးလိုအပ်ပါတယ်။ Phisically ရော Mentally ရောပေါ့"

## Coding Planet မိုဘိုင်းလ် App ရေးသားသူများနှင့် တွေ့ဆုံခြင်း

မောင်မန်း

**ပြည်တွင်းနည်းပညာကဏ္ဍအတွင်း တိုးတက်မှုများ အစပြုလာချိန်၌ နည်းပညာ ကျောင်းသူကျောင်းသားများက နည်းပညာတီထွင်မှုများကို ကြိုးစားဆောင်ရွက်လာကြသည်။ နည်းပညာတီထွင်မှုပြိုင်ပွဲများလည်း ရှိလာသည့်အလျောက် နည်းပညာထုတ်ကုန်များလည်း အများအပြား ထွက်ပေါ်လာကြသည်။ ယင်းတို့အနက်မှ Programming Coding များလေ့လာရာတွင် အထောက်အကူပြုနိုင်မည့် Coding Planet 2 မိုဘိုင်းလ် App ရေးသားသည့် ကျောင်းသားများနှင့် တွေ့ဆုံမေးမြန်းပြီး ပြန်လည်ဖော်ပြအပ်ပါသည်။**



**Voice ။ ညီလေးတို့အနေနဲ့ လုပ်ခဲ့တဲ့ Coding Planets 2 မိုဘိုင်းလ် App က ဘယ်လိုအမျိုးအစားမျိုးလဲ၊ ဘာတွေလုပ်ဆောင်နိုင်မလဲ၊ ဂိမ်းတစ်ခုလို့ ပြောနိုင်ပေမယ့်လို့ ဒီအပေါ်ကနေ ဘာတွေ လေ့လာနိုင်မလဲ ဆိုတာလေး ပထမဆုံးမိတ်ဆက်ပြောပြပေးပါဦး။**

**C P ။** ဒီ Coding Planets 2 မိုဘိုင်းလ် App က Educational, Brain Elevation, Brain Training အမျိုးအစားဖြစ်ပါတယ်။ ဒီ App မှာ Programming Language Basic နဲ့ Logic ကို Game လေးဆော့ရင်း လေ့လာလို့ မပျင်းသွားအောင် ရေးထားပေးပါတယ်။ ဒီ app မှာ လောလောဆယ်တော့ Hot ဖြစ်တဲ့ Programming Language ၃ မျိုးကို သင်ကြားပေးထားပါတယ်။

**Voice ။ Coding Planets 2 လို့ဆိုတဲ့အခါကျတော့ ရှေ့မှာ ထုတ်ထားတာ ရှိသေးတာလား။**

**C P ။** ရှေ့မှာ Coding Planets ဆိုပြီး Version 1 ရှိပါသေးတယ်။ Samsung Tech Institute ရဲ့ App Competetion က First နဲ့ Second Presentation ဆိုပြီး နှစ်ကြိမ်ရှိတော့ ပထမအကြိမ်မှာ Version 1 ကိုရေးပါတယ်။ Judge တွေက UI မလှတာတို့၊ ဆော့ပြီးရင် ဘာ Programming Language မှတတ်သွားတာမရှိဘူးဆိုပြီး Feedback ပေးတော့ Coding Planets 2 ဆိုပြီး အခုလို တကယ့် Programming Language တွေနဲ့ ဆော့လို့ရအောင် Minimal Design ဆန်ဆန် လုပ်ဖြစ်သွားတာပါ။

**Voice ။ ဒီ App က Samsung Tech Institute အဲ့ဒီမှာရော ဆုတွေရခဲ့တာ ရှိသေးလား။**

**C P ။** Samsung Tech Institute App Training and Competetion မှာတော့ 2nd Runner Up ပဲရခဲ့ပါတယ်။

**Voice ။ ဒီ App ကိုအဓိက ဘယ်လိုလူတွေအသုံးပြုနိုင်ဖို့ ရည်ရွယ်ထားသလဲ။ Coding တွေနဲ့ ပတ်သက်တာဆိုတော့ ဂိမ်းတစ်ခုလိုပုံစံဆိုပေမယ့် သာမန် ဒီ Coding ကို မလေ့လာထားဖူးတဲ့သူတွေအနေနဲ့ရော အသုံးပြုနိုင်မလား။**

**C P ။** ဒီ app ကို အဓိကအားဖြင့် Coding မတတ်တဲ့သူတွေ လွယ်လွယ်ကူကူ Game လေးနဲ့ လေ့လာနိုင်အောင်လုပ်ထားတာဆိုတော့ Coding မလေ့လာဖူးတဲ့သူတွေအတွက် ပိုကောင်းတယ်လို့ ပြောရမှာပေါ့။ Coding လေ့လာဖူးတဲ့သူတွေအတွက်ကတော့ ကိုယ်တတ်ထားတဲ့ပညာနဲ့ Game ဆော့ရတယ်ဆိုတဲ့ Feel ကို ခံစားသွားစေမှာဖြစ်ပါတယ်။

**Voice ။ ဒီလို App ကို လုပ်ဖြစ်တဲ့ရည်ရွယ်ချက်ကရော ဘာကြောင့်လဲ။**

**C P ။** Coding ဆိုတာကြီးက ဒီတိုင်းလေ့လာရင် ပျင်းဖို့ကောင်းပါတယ်။ ဒါကိုပျင်းဖို့မကောင်းအောင် သင်ပေးချင်တယ်။ Coding ရဲ့ Logical Thinking ကိုပါ တစ်ခါတည်းရသွားစေချင်တယ်။ မြန်မာတွေ ဆော့ရလွယ်အောင် လုပ်ချင်မိတယ်။ ဒီလိုရည်ရွယ်ပြီး ရေးဖြစ်သွားတာပါ။

**Voice ။ ဂိမ်းပုံစံမျိုးလေး ထုတ်ထားတော့ ဒါ Coding ပိုင်းကို လေ့လာသင်ကြားမယ့်သူတွေအတွက် အဆင့်ပြေပြေ လေ့လာနိုင်တာပေါ့။ ဂိမ်းရဲ့ တစ်ခန်းချင်းမှာ အဆင့်ဘယ်နှခုစီ သတ်မှတ်ထားသလဲ။ နောက်တစ်ဆင့်ချင်းမှာ ဘယ်လိုခက်ခဲလာမလဲပေါ့လေ။ ဒီဟာကို နည်းနည်းလေးပြောပြပေးပါဦး။**

**C P ။** အခုလက်ရှိမှာ Basic နဲ့ Loop ဆိုပြီး နှစ်ခုအခန်းနှစ်ခန်း ပါပါတယ်။ Basic အခန်းမှာ အဆင့် ၈ ဆင့်နဲ့ Loop အခန်းမှာ အဆင့် ၁၀ ဆင့်ပါပါတယ်။ အခန်းအလိုက် ဆော့ပုံဆော့နည်းတွေ များလာမယ် အဆင့်အလိုက် စဉ်းစားရပိုရှုပ်ပြီး ပိုခက်လာပါမယ်။

**Voice ။ ဒီ App က Coding စပြီးလေ့လာမယ့်သူတွေအတွက် ဘယ်လောက်အထိ အထောက်အပံ့ပေးနိုင်မယ်လို့ ထင်သလဲ။ ကြားရတာတော့ ပြည်တွင်းက ဆရာတွေတောင်မှကောင်းတယ်၊ကြိုက်တယ်လို့အားပေးတာတွေ မြင်ရကြားရတယ်။**

**C P ။** Coding လေ့လာမယ်ဆိုရင်ဘယ်Language နဲ့လို ရေးရမယ်ဆိုတာထက် ဘယ်လိုစဉ်းစားရမယ်ဆိုတာက ပိုပြီးအရေးကြီးပါတယ်။ ဒါကိုသာရသွားရင် ဘယ် Programmning Language နဲ့မဆို ရေးရလွယ်သွားမှာပါ။ ဒီ App မှာဆို Language ထက် Coder တစ်ယောက်လို ဘယ်လိုတွေးမလဲဆိုတာကို သင်ကြားပေးတဲ့အတွက် စတင်လေ့လာသူတွေအတွက် တော်တော်လေး ထောက်အပံ့ပေးမယ်လို့ ယုံကြည်ပါတယ်။ အခုလို အားပေးကြတဲ့ ဆရာသမားတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။

**Voice ။ ပြည်တွင်းနည်းပညာနယ်ပယ်မှာ ညီလေးတို့လို ကျောင်းသားလူငယ်တွေအနေနဲ့ နည်းပညာလေ့လာမှုတွေ၊ အခုလို ဖန်တီးမှုတွေလုပ်တဲ့နေရမှာ ဘယ်လိုအခက်အခဲတွေရှိသလဲ။ ဒါတွေကို ဘယ်လိုကျော်ဖြတ်ခဲ့သလဲ။**

**C P ။** အခက်အခဲတွေကတော့ အများကြီးပါ။ အရင်ထက်စာရင် ပျောက်သွားတဲ့အခက်အခဲတွေ ရှိသလို ထက်တိုးလာတဲ့အခက်အခဲတွေလည်း ရှိပါတယ်။ တစ်ယောက်တစ်မျိုး အခက်အခဲမတူကြတော့ ပြောပြဖို့ခက်မယ်လို့ ထင်ပါတယ်။

**Voice ။ အစုအဖွဲ့လိုက် ဖန်တီးတဲ့နေရာမှာရော။ အခုဆို ၃ ယောက်ပေါင်းပြီး ဒီ App ကို ထုတ်တဲ့အခါကျတော့ ဘာတွေအဆင်ပြေလာသလဲ၊ ဘာတွေကရော ညှိရနိုင်းရခက်သွားသလဲ။ နောက်ပြီးတော့ ဒီအဖွဲ့က ရေရှည်ဆက်ပြီး လက်တွဲသွားဖို့ ရှိမလား။**

**C P ။** ကျွန်တော်တို့အတွက် ပထမဆုံးအခက်အခဲကတော့ Team Chemistry ပေါ့။ ဒါကလည်း တစ်ယောက်နဲ့တစ်ယောက်သိသွားတဲ့အခါ မရှိတော့သလောက်ဖြစ်သွားပါတယ်။ နောက်တစ်ချက်ကတော့ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မလုပ်ဖူးတာမျိုးကို ပြိုင်ပွဲကာလအတွင်း အချိန်မီလုပ်ရတာမျိုးပေါ့။ ဥပမာ - အခု App မှာ သူများကို Programming Language သင်ပေးဖို့ကိုယ်တိုင် Programming Language အသေးလေးတစ်ခု ရေးလိုက်ရတယ်။ ကျွန်တော်တို့ကတော့ Coding Planets Game Language လို့ ခေါ်ပါတယ်။ isometric(2.5d) ဆိုတာမျိုးလည်း တစ်ခါမှ မလုပ်ဖူးတော့ အဲ့ကျမှ လိုအပ်တဲ့ Math ကိုလေ့လာပြီး လုပ်တာမျိုး။ Level တွေကိုလည်း လွယ်လွယ်ကို Create လုပ်လို့ရအောင် Level editing tool တစ်ခု ရေးလိုက်ရတာတို့ ရှိပါတယ်။ ဒါမျိုးတွေလုပ်ရတဲ့အခါ ၁၀ ခါလုပ်ကြည့်ရင် ၉ ခါလောက်က မရတွေရှိလာတယ်။ အဲ့ကျ အချိန်မမီတော့ဘူး လုပ်မနေနဲ့ အရှုံးပေးလိုက်တော့လိုမျိုးတွေအပြင် စကားများ ရန်ဖြစ်တာမျိုးတွေတော့ ရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှေ့ဆက်သွားဖို့ရှိပါသေးတယ်။ အခုဆို App က လုံးဝကြီး Complete လည်း မဖြစ်သေးဘူး။ စိတ်တိုင်းလည်း မကျသေးဘူး။ ဆိုတော့ ရှေ့ဆက် 3D ဖြစ်အောင် ရေးမယ်၊ Level တွေထပ်ထည့်မယ်၊ Level တွေ Create လုပ်ပြီး တစ်ယောက်နဲ့တစ်ယောက် Share ပြီး Challenge လုပ်လို့ရအောင် Online Feature နဲ့ Leaderboard လိုမျိုးလည်းထည့်ဖို့ စဉ်းစားထားရာထားပါတယ်။

**Voice ။ လူငယ်တွေအနေနဲ့ နည်းပညာတီထွင်မှုတွေ၊ လေ့လာမှုတွေ လုပ်နေနိုင်ဖို့ ဘယ်လိုအထောက်အပံ့တွေ လိုအပ်ဦးမလဲ။**

**C P ။** ကျွန်တော့်အမြင်ကတော့ အထောက်အပံ့တွေ အများကြီး လိုအပ်ပါတယ်။ Phisically ရော Mentally ရောပေါ့။ အခုမှ မြန်မာ့နည်းပညာလောကက ဦးမော့လာခါစ အခြေအနေဆိုတော့ အခက်အခဲတွေအများကြီးရှိသလို လိုအပ်တာကတော့ ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ။

**Voice။ ညီလေးတို့အနေနဲ့ ဖြည့်စွက်ပြီးတော့ပေါ့လေ ပြည်တွင်းနည်းပညာနယ်ပယ်က ကျောင်းသူကျောင်းသား ညီအစ်ကိုတွေကို ဘာအကြံပြုချင်သလဲ။**

**C P ။** အကြံပြုချင်တာကတော့ ကျောင်းတွေက သင်ပေးနိုင်တာရှိသလို သေချာမသင်ပေးနိုင် မပေးလိုက်နိုင်တာတွေလည်း အများကြီးပါ။ ဒါကို ကျေနပ်မနေဘဲ ကိုယ်တိုင်လေ့လာပြီး တိုးတက်ရာတိုးတက်ကြောင်း ရှာကြပါလို့။ ရှာပြီးရင်တော့ ဖြစ်နိုင်ရင် နောက် Generation ကို သင်ပေးကြပါ။ ကိုယ့်ထက်တော်အောင် လက်စောင်းထက်အောင် သင်ပေးကြပါလို့ ပြောချင်ပါတယ်။

■ **မောင်မန်း**

# ရှေ့တန်းလက်သည်များ

ကျော်ဗလ

ရှိမန်ရော်ဂျာသည် မက္ကဆီကို၊ တီယွာနာလမ်းများပေါ်တွင် ကားမောင်းနေသည်။ သူ့ကားလေးက စတေရှင် ဝက်ဂွန်ကားအိုလေးတစ်စီးဖြစ်ပြီး လိုအပ်လျှင် မိုဘိုင်းလ်လူနာတင်ကားလည်း ဖြစ်သွားတတ်သည်။ ရော်ဂျာသည် လမ်းမကြာမကြာ ပျောက်သွား တတ်သည်။ သို့သော်လိုအပ်သူများဆီသို့ သူရောက် သွားတတ်သည်သာ ဖြစ်သည်။

ရော်ဂျာသည် အသက် ၃၅ နှစ်အရွယ် ဝမ်းဆွဲဆရာမလေးဖြစ်သည်။ ဆံပင်ရှည်ကို ဖွတ်မီးထိုးထားသည့် ကြိုးဖြင့် စည်းနှောင်ထားတတ်ပြီး စကားပြောလျှင်လည်း တိုးတိုးညင်သာ ပြောတတ်သည်။ မက္ကဆီကို ပင်လယ်ကွေ့ဆိပ်ကမ်းမြို့ဖြစ်သော ဗာရာကတ်ဇာတိဖြစ်ပြီး သူနာပြုသင်တန်းနှင့် သားဖွားအတတ်ကို UMAM (National University of Mexico City) တွင် တက်ရောက် ပညာသင်ကြားခဲ့သည်။ ၂၀၁၀ ပြည့်နှစ်က စတင်ပြီး အိမ်များတွင် လှည့်လည်ပြီး ကလေးများကို မွေးဖွားပေးရသော တာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ရော်ဂျာသည် မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စု၏ နယ်စပ်မြို့လေးဖြစ်သော ဘာဂျာ ကာလီဖိုးနီးယားကို ပြောင်းရွှေ့အမှုထမ်းရသည်။ ထိုမြို့တွင် လိင်ပညာရေးဆိုင်ရာ သဘောတရားများကို လေ့လာရန် ရောက်ရှိလာခြင်းဖြစ်သော်လည်း သူက ထိုမြို့တွင်ပင် နေထိုင်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

"နယ်စပ်က ကျွန်မကို ဆွဲဆောင်သွားတယ်။ ဒီနေရာတွေက အလွန်ရှုပ်ထွေးတဲ့ နေရာတွေပါ။ ဒီနေရာတွေမှာ ကျွန်မတို့လို သူနာပြုတွေကို အလွန်လိုအပ်နေတဲ့ နေရာလည်းဖြစ်ပါတယ်" ဟု သူကဆိုသည်။

ရော်ဂျာကို ဒေသခံတွေက ပါတီရာဟု ခေါ်ကြသည်။ ပါတီရာဆိုသည်မှာ ဝမ်းဆွဲလက်သည် ဆရာမကို ဆိုလိုခြင်းဖြစ်သည်။ သူ့တာဝန်က ထိုဒေသတွင် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်နေချိန်တွင် စောင့်ရှောက်ပေးရန် ဖြစ်သလို၊ မွေးဖွားချိန်တွင်လည်း အနားတွင် ရှိနေရန်ဖြစ်သည်။

ဝမ်းဆွဲဆရာမများကို မက္ကဆီကို နိုင်ငံတွင် တရားဝင်အသိအမှတ်ပြုခဲ့သည်မှာ ၂၀၁၁ ခုနှစ်ကမှဖြစ်သည်။ သို့သော် ရော်ဂျာစိတ်ဓာတ်ကတော့ တစ်မျိုးဖြစ်သည်။ ဝမ်းဆွဲလက်သည်အဖြစ်လုပ်နေကြသည့် ဆရာမများသည် မွေးဖွားခန်းထဲတွင်သာ တာဝန်ထမ်းဆောင်ရန်မဟုတ်ဟု ခံယူထားသည်။ အစိုးရဆေးရုံကြီးများတွင် မွေးဖွားမည့် လူနာအမျိုးသမီးများ အနီးတွင် မည်သည့်ဆွေးမျိုးသားချင်းကိုမှ လက်မခံဘဲ မောင်းထုတ် ထားတတ်သည်။ ရော်ဂျာကတော့ ဆွေမျိုးသားချင်းတွေကြား ပျော်ပျော်ပါးပါး မွေးဖွားပေးရသည်ကို သဘော ကျသည်။

ယခုဆိုလျှင် ရော်ဂျာမွေးဖွားပေးသည့် အမျိုးသမီးပေါင်း ၃၅၀ ကျော်ရှိနေပြီဖြစ်သည်။ သူက ဆေးရုံသို့ မသွားရောက်နိုင်လောက်အောင် အခက်အခဲဖြစ်နေသည့် အမျိုးသမီးများကို အိမ်တွင်ပဲ မွေးဖွားပေးသည်။ သူနေသည့်နေရာ တီယွာနာဝန်းကျင်တွင် များသောအားဖြင့် အမျိုးသမီးကိုယ်ဝန်ဆောင်များသည် ဆေးရုံကိုသွားရန် အကျောက်အကန် ငြင်းဆန်တတ်ကြသည်။ ထိုဒေသတစ်ဝိုက်တွင် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ခွင့် ရရှိရေးအတွက် စောင့်ဆိုင်းနေကြသည့် ဟေတီအမျိုးသမီးပေါင်းများစွာတွင်လည်း သားဖွားပေးရန် လိုအပ်ချက် များစွာရှိနေသည်။

တီယွာနာရှိ ပြည်သူ့ဆေးရုံများတွင် အမျိုးသမီးများကို ကြီးမားသည့် အခန်းကျယ်ကြီးထဲတွင် ထည့်ထားလေ့ရှိ သည်။ ခန်းမကြီးထဲတွင် အမျိုးသမီး ၁၁ ဦးအထိရှိသည်။ အလွန်လူများသောနေ့တွင် တစ်ခန်းတည်း၌ အယောက် ၂၀ အထိ ထည့်ထားတတ်သည်။



Ted Soqui

ထိုအမျိုးသမီးများသည် ရှေးဦးပြုစုခန်းတွင် နေကြရပြီးနောက် သားဖွားပြီးပါက နောက်ထပ်အခန်းတစ်ခန်းကို ပြောင်းကြရပြန်သည်။ မွေးဖွားပြီး ၆ နာရီကြာသည်အထိ မည်သည့်ကုသစောင့်ရှောက်မှုမှလည်း ရောက်မလာ။ မိခင်များသည် သူတို့သဘောနှင့်သူတို့ ဆေးရုံမှ ဆင်းသွားကြသည်ကများသည်။

ရော်ဂျာကိုယ်တိုင်က အခက်အခဲများကြားမှ မွေးဖွားရခြင်းအတတ်ပညာများကို လေ့လာဆည်းပူးခဲ့သည်။ သူက အဘယ်ကြောင့် ထိုသို့ မွေးဖွားရခြင်းပေါ်တွင်စိတ်ဝင်စားရခြင်းကို -

"ကျွန်မ ၁၆ နှစ်သမီးဘဝက အရပ်လက်သည်နဲ့ ကလေးတစ်ယောက်ကို ကိုယ်တိုင်မွေးဖွားဖူးပါတယ်။ ကျွန်မကို မွေးဖွားပေးတဲ့သူတွေက ကျွန်မအနီးကို အမေ့ကိုတောင် လာခွင့်မပြုခဲ့ပါဘူး" ဟု ပြန်ပြောပြရှာသည်။

ယမန်နှစ်က ထုတ်ပြန်သည့် မက္ကဆီကိုနိုင်ငံ အမျိုးသားစစ်တမ်းတစ်ခုဖြစ်သော ENDIREH အစီရင်ခံစာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အသက် ၁၅ နှစ်မှ ၄၉ နှစ်အရွယ် အမျိုးသမီးများ၏ ၃၃ ဒသမ ၄ ရာခိုင်နှုန်းသည် အရပ်လက်သည်များနှင့်ပင် မွေးဖွားပေးနေမှုများကို တွေ့ကြုံခံစားနေရကြောင်း ဖော်ပြထားသည်။

ရော်ဂျာသည် သူတာဝန်ယူထားရသည့် ရပ်ကွက်များအတွင်းမှ အမျိုးသမီးများကို ဆေးရုံတွင် မွေးဖွားခြင်းနှင့် ဈေးကြီးသည့် ပုဂ္ဂလိကဆေးခန်းများတွင် မွေးဖွားခြင်းများကို ရှောင်ရှားခိုင်းသည်။ အဘယ်ကြောင့်ဆိုသော် ဆေးရုံနှင့် ဆေးခန်းများက မလိုအပ်ဘဲ မိခင်များကို ဗိုက်ခွဲပြီး မွေးဖွားရန် ပြောဆိုလေ့ရှိကြသောကြောင့် ဖြစ်သည်။ ထိုသို့ ဗိုက်ခွဲမွေးမှ ဆေးရုံဆေးခန်းများက ပိုက်ဆံအများကြီးရသည်။ လက်တင်အမေရိကတွင် ပုဂ္ဂလိက ဆေးရုံများသို့ရောက်လာသည့် မွေးလူနာတိုင်းကို ခွဲမွေးမည်ဆိုခြင်းမှာ မထူးဆန်းသည့် ကိစ္စတစ်ခုလို ဖြစ်နေသောကြောင့် ရော်ဂျာက မလိုအပ်ဘဲ ငွေကုန်များနိုင်သည့်အဖြစ်ကို ရှောင်ရှားနိုင်ရန် အိမ်တွင်ပဲ မွေးဖွားပေးရခြင်းကို အားပေးနေခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗိုက်ခွဲမွေးဖွားမှု အများဆုံးနိုင်ငံဖြစ်နေသည်။ အမျိုးသမီး ၁၀၀ တွင် ၄၅ ဦးခန့်ကို ဗိုက်ခွဲမွေးဖွားပေးနေကြောင်း ၂၀၁၅ ခုနှစ် ကျန်းမာရေးစစ်တမ်းတွင် ဖော်ပြထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်ထားသည့် နှုန်းထက်ပင် မက္ကဆီကိုနိုင်ငံသည် ပျမ်းမျှ သုံးဆပိုပြီး ခွဲစိတ်မွေးဖွားနှုန်း မြင့်တက်နေသည့် နိုင်ငံဖြစ်နေသည်။

ခွဲစိတ်မွေးဖွားရန် လို၊ မလိုဆိုသည်မှာ မည်သူမှ တိကျစွာမသိနိုင်ပေ။ သို့သော် ရော်ဂျာကတော့ ဆရာဝန်ကြီးတွေက မွေးဖွားမည့် လူနာရောက်လာလျှင် ပုံမှန်အတိုင်းမမွေးဘဲ ခွဲစိတ်မွေးရမည်ဆိုသည့် အကြောင်းပြချက် ပေါင်းများစွာကို ပေးရန် အဖြေရှိနေသည်ဟုဆိုသည်။ ဥပမာ အဝလွန်၊ သွေးတိုး၊ ဆီးချိုစသည့် ရောဂါများ ဖြစ်သည်။

၂၀၁၆ ခုနှစ်က ထုတ်ပြန်သည့် ENDIREH စစ်တမ်းတွင် မက္ကဆီကို နိုင်ငံအတွင်း ဗိုက်ခွဲမွေးဖွားသည့် အမျိုးသမီးပေါင်း ၃ ဒသမ ၇ သန်းရှိကြောင်း သိရသည်။ သူတို့အထဲက ၁၀ ဒသမ ၃ ရာခိုင်နှုန်းခန့်မှာ အဘယ် ကြောင့် ခွဲစိတ်မွေးဖွားခဲ့သည်ကို မသိခဲ့ကြပေ။

မက္ကဆီကိုနိုင်ငံ၊ တီယွာနာရှိ Mexican Social Institute တွင် တာဝန်ထမ်းဆောင်နေသော ကလေးအထူးကု ဆရာဝန် မော်နီကာ မယ်ဒိုနာဒို မီလန်ကလည်း နေ့စဉ်ဆေးခန်းများတွင် မွေးဖွားနေကြသူပေါင်း ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ၁၂၀ ခန့်မှာ ဗိုက်ခွဲကာ မွေးဖွားခြင်း ခံနေရသူများဖြစ်ကြောင်း ထောက်ပြထားသည်။ ထိုသို့ ဖြစ်နေရခြင်းမှာ ကိုယ်ဝန်ဆောင်နေချိန်ကတည်းက ကျွမ်းကျင်နားလည်သည့် ကျန်းမာရေးဝန်ထမ်းများ၏ အကြံပေး ပြောစကားများကို မကြားရ၊ မခံယူရ၍ဖြစ်ကြောင်း သူကထောက်ပြထားသည်။ မက္ကဆီကို နိုင်ငံတွင် အမျိုးသမီးကိုယ်ဝန်ဆောင်များအတွက် ကြိုတင်ဆွေးနွေးကုသခြင်းများကို ပြုလုပ်ပေးရန် လိုအပ်နေသော် လည်း ယနေ့အထိ မလုပ်ဆောင်ခဲ့ဟုလည်း ထောက်ပြဝေဖန်ထားသည်။

အသက် ၃၄ နှစ်အရွယ် ဝမ်းဆွဲဆရာမ မာကာဒိုသည်လည်း ဝမ်းဆွဲဆရာမတာဝန်ထမ်းဆောင်စဉ်ကတည်းက နယ်စပ်တွင် လုပ်ကိုင်ခဲ့ရသူဖြစ်သည်။ သူကလည်း တီယွာနာမှ ပုဂ္ဂလိကဆေးခန်းများသည် သူတို့ဆီရောက်လာသည့် ကိုယ်ဝန်ဆောင်များကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေကြသူများဖြစ်ကြောင်းသာ လက်ခံထားကြသည်။ ဆရာဝန်များက ခွဲမွေးမည်ဟု ပြောလိုက်လျှင်လည်း သူတို့မှာ ငြင်းဆန်နိုင်သည့် အင်အားမရှိသူများပမာဖြစ်သွားကြသည်က များကြောင်း မာကာဒိုကပြောပြသည်။

မာကာဒိုနှင့် ရော်ဂျာတို့က သူတို့ကိုယ်သူတို့ "ရှေ့တန်းလက်သည်များ" ဟု အမည်ပေးထားကြသည်။ အဘယ် ကြောင့်ဆိုသော် သူတို့သည် နယ်စပ်ကိုဖြတ်သန်းကြမည့်သူများအတွက် နေ့စဉ်ဆောင်ရွက်ပေးနေသူများဖြစ် သောကြောင့်ပင်။ သူတို့နှစ်ယောက်တည်းနှင့် မက္ကဆီကိုမှ အမျိုးသမီးများကို မကယ်တင်နိုင်သော်လည်း သူတို့နည်း သူတို့ဟန်နှင့် တတ်စွမ်းသလောက် ၂၀၁၆ ခုနှစ် မေလကတည်းက ဆောင်ရွက်ပေးနေကြသူများ ဖြစ်သည်။

လွန်ခဲ့သောနှစ်များကတည်းက ဟေတီလူမျိုးတို့သည် ဘရာဇီးမှ တီယွာနာကို ရောက်လာခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ်ကတည်းက ငလျင်ဒဏ်ကို ခံစားရပြီးနောက် သူတို့သည် အမေရိကန်ပြည်ထောင်စုကို ဝင်ခွင့်ရရေးအတွက် မက္ကဆီကိုနိုင်ငံသို့ နည်းမျိုးစုံနှင့် ရောက်ရှိလာကြခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံကလည်း ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် ၂၀၁၆ ခုနှစ် အိုလံပစ်ပွဲအတွက် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အလုပ်သမားများစွာ လိုနေသောကြောင့် ငြိမ်ပြီးလက်ခံနေခဲ့သည်။ ၂၀၁၆ ခုနှစ် ကစတင်ပြီး ဘရာဇီးနိုင်ငံသည်ပွဲပြီး မီးသေ သဘောမျိုးဖြစ်ကာ စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများကို စတင်ရင်ဆိုင်လာခဲ့ရတော့သည်။

ထို့ကြောင့် ဟေတီလူမျိုးတွေက ပြန်လည်ထွက်ခွာရန် ပြင်ဆင်ပြီး နိုင်ငံပေါင်း ၇ နိုင်ငံသို့ ခြေလျင်တစ်မျိုး၊ ကားတွေနှင့် တစ်ဖုံထွက်ခွာလာခဲ့ကြသည်။ သူတို့အများဆုံး ဦးတည်လာသည်က အမေရိကန်ပြည်ထောင်စု ဘက်သို့ဖြစ်ပြီး လူမှောင်ခိုများကို ငွေဒေါ်လာ ထောင်ပေါင်းများစွာပေးကာ လွတ်လမ်းရှာခဲ့ကြသည်။

၂၀၁၀ တွင်ဖြစ်ပွားခဲ့သည့် ဟေတီငလျင်ကြောင့် အမေရိကန်ပြည်ထောင်စုက Temporary Protected Status (TPS) စနစ်ဖြင့် ယာယီလက်ခံရန် ကတိပြုထားခဲ့သည်။ သို့သော် နယ်စပ်များတွင် လက်မခံရသေးသူတွေ များစွာ ကျန်နေသေးသည်။ သို့သော် သမ္မတဒေါ်နယ်ထရမ့်တက်လာပြီး TPS အစီအစဉ်ကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အဆုံးသတ်မည်ဟု ကြေညာလိုက်တော့သည်။

မက္ကဆီကိုသို့ရောက်လာကြသည့် ဟေတီများသည် နယ်စပ်များတွင် နေထိုင်ရင်းက အမေရိကန်ပြည်ထောင်စု သို့ ဝင်ခွင့်ရမည့်အချိန်ကို ၂၀၁၆ ခုနှစ်ကတည်းက စောင့်စားနေကြသည်။ သူတို့ကို မက္ကဆီကိုနိုင်ငံတွင် အလုပ်လုပ်ခွင့်လည်း ပြုထားကြသည်။ ထိုရွှေ့ပြောင်းနေထိုင်သူများထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးကင်းစကလေးငယ်ပေါင်းများစွာပါလာကြသည်။ ထိုကလေးနှင့် မိခင်များကိုလည်း လက်ရှိအနေအထားတွင် မက္ကဆီကိုနိုင်ငံကပင် တာဝန်ယူ စောင့်ရှောက်ပေးနေရသည့် အနေအထားတွင်ရှိနေသည်။

မာကာဒိုနှင့် ရော်ဂျာတို့လို ဆရာမလေးတွေရှိနေသဖြင့် တော်သေးသည်။ သူတို့က ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များ၏ လိုအပ်ချက်များကို မနားတမ်းလိုက်ကာ ဖြည့်ဆည်းပေးဖော်ရသည်။ တီယွာနာတွင် ရောက်နေသည့် လူပေါင်းက စာရင်းအရ ၁၄၂၅ ဦးရှိသည်။ ယင်းတို့အထဲတွင် ကိုယ်ဝန်ဆောင် ၁၂ ဦးပါလာ သည်။

သူတို့ကို ကူညီနေသူက မာရီဟုခေါ်သည့် ဟေတီအမျိုးသမီးတစ်ယောက်ဖြစ်သည်။ မာရီက စပိန်စကားလည်း ပြောတတ်သဖြင့် အမျိုးသမီးများကို ပညာပေးရန် လှည့်လည်သည့်အခါတွင် လိုက်ပါပြီး စကားပြန်လုပ်ပေးနေ သောကြောင့် ခရီးရောက်သည်။

တီယွာနာဒေသသည် အိုးမဲ့အိမ်မဲ့တွေ ပြည့်နေသည်။ ပြည့်တန်ဆာတွေနှင့် မူးယစ်ဆေးစွဲသူတွေလည်း ပြည့်နေသည်။ ထိုနေရာတွင် အနယ်နယ်က ရောက်လာသည့် ဟေတီနိုင်ငံသားတွေ ခိုလှုံနေကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့တွင် အခြားပြေးစရာ မြေမရှိဘဝကို ရောက်နေကြသောကြောင့်ဖြစ်သည်။

ထိုနေရာမျိုးတွင် ရော်ဂျာနှင့် မာကာဒိုတို့လို ဆရာမလေးတွေက "ရှေ့တန်းလက်သည်"လေးများအဖြစ် ရှိနေခြင်းကပင် သူတို့အတွက် ဘုရားမသလိုဖြစ်နေသည်။

"သူတို့ကို မွေးပေးလိုက်တဲ့ ကလေးတွေ ကြီးလာပြီး၊ သူတို့လည်း အမေရိကန်ပြည်ထောင်စုထဲကို ဝင်ချင်မှလည်း ဝင်ခွင့်ရမှာပါ။ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ လက်ရှိအနေအထားမှာ သူတို့အတွက် တစ်ခုခုကို လုပ်ပေး လိုက်နိုင်တာက အကောင်းဆုံးစတင်မှု တစ်ခုပါ" ဟု မာကာဒိုကပြောရှာသည်။

မရေရာမှု မသေချာမှုများတွင် ရှေ့တန်းလက်သည်လေးများကတော့ သူတို့တာဝန်ကို အကောင်းဆုံးကျေပွန်အောင် လုပ်နေမည်ပင်။

■ **(Ref: Frontier Midwives from Mexico, Claudia Bellante)**

# ရိုက်ကွင်းတွေမှာ မီဒီယာတွေနဲ့ အနုပညာရှင်တွေအကြား နားလည်မှုတည်ဆောက်စေချင်တဲ့ ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်)

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မီဒီယာတွေကို ရိုက်ကွင်းတွေမှာ သတင်းယူခွင့် ပိတ်ပင်ကြတာမျိုးတွေ ရှိလာတဲ့အပေါ်မှာ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) က လောလောဆယ်မှာ ဘယ်ဘက်မှာမှ မပါသေးဘဲ နှစ်ဦးနှစ်ဖက် အကျိုးရှိတာကြောင့် နားလည်မှုတည်ဆောက်တာက မျှတပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်တို့အနေနဲ့ကတော့ လောလောဆယ်မှာ ဘယ်ဘက်မှာမှ မပါသေးဘူး။ ဒါပေမဲ့ ကိုယ်သုံးသပ်တာကတော့ နှစ်ဦးနှစ်ဖက် နားလည်မှုလေးတည်ဆောက်တာက မျှတပါတယ်။ အင်တာဗျူးဖြေတာကတော့ ကျွန်တော်တို့လည်း အလုပ်မအားတဲ့ကြားကနေ အချိန်ပေးပြီး ဖြေပေးနေတာပါပဲ။ အဲ့ဒါကြောင့် ဇာတ်ဝင်ခန်းတွေကို ဗီဒီယို ရိုက်မယ်ဆိုရင်လည်း ဖော်ပြတဲ့အခါမှာ ရုပ်ရောအသံပါ ဖော်ပြတာမျိုးတော့မလုပ်ကြဖို့ ကျွန်တော့်ဘက်ကလည်း မေတ္တာရပ်ခံပါတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

မီဒီယာတွေအနေနဲ့လည်း ဇာတ်ဝင်ခန်းတွေကို ပါစေချင်လို့ ရိုက်မယ်ဆိုရင် အသံကိုပိတ်ပြီး ရိုက်တာမျိုးလောက်ပဲ ရိုက်ပြစေချင်ကြောင်း၊ ဇာတ်ကားတစ်ကားကို မြုပ်ကွက်၊ လှည့်ကွက်လေးတွေနဲ့ ရိုက်ကူးနေရတဲ့အချိန်မှာ ဇာတ်ဝင်ခန်းတစ်ခန်းလုံးကို ဗီဒီယိုရိုက်ပြီးပြတာမျိုးတွေ ရှိလာတာကြောင့် ဇာတ်ဝင်ခန်းတွေက ပရိသတ်အမြင်မှာ ရိုးသွားနိုင်ကြောင်း ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်) က ပြောပါတယ်။

"လက်ရှိအချိန်မှာက ထုတ်လုပ်သူပိုင်းမှာရော၊ ဒါရိုက်တာပိုင်းမှာရော၊ သရုပ်ဆောင်ပိုင်းမှာပါ တစ်ယောက်နဲ့ တစ်ယောက်က အပြိုင်အဆိုင်လေးတွေ လုပ်နေကြရတယ်။ အဲ့ဒါကြောင့် ကိုယ်လုပ်တဲ့အလုပ်ကို သူများကို မသိစေချင်ကြဘူး။ ရိုက်ကွင်းပေါ်မှာ ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့ ဇာတ်ရံ စတဲ့ အနုပညာရှင်တွေကို အင်တာဗျူးလုပ်တာကပြဿနာမရှိဘူး။ ဒါပေမဲ့ တချို့တွေကျတော့ ဇာတ်ဝင်ခန်းတစ်ခန်းလုံးကို ဗီဒီယို ရိုက်သွားပြီး ပြတာမျိုးတွေရှိတော့ တစ်ဖက်မှာ ထိခိုက်မှုတွေ ဖြစ်သွားနိုင်တာပေါ့နော်" လို့ ၎င်းက ပြောထားပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

# မိန်းမလျာ မဟုတ်ကြောင်းကို တစ်နေ့နေ့၊ တစ်ချိန်ချိန်ကျရင် အိမ်ထောင်ပြုတာနဲ့ သက်သေပြမယ့် ရဲလေးမ

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မိန်းမလျာဇာတ်ရုပ်တွေ အရိုက်များသလို မိန်းမလျာဘဝ ခံယူလိုက်ပြီဆိုပြီး ပရိသတ်တွေရဲ့ အထင်လွဲမှားခြင်းကို ခံနေရတဲ့ သရုပ်ဆောင် ရဲလေးမက လက်ရှိမှာ ချစ်သူမိန်းကလေးရှိနေပြီဖြစ်တာကြောင့် အမြင်မှားနေတဲ့ ပရိသတ်တွေကို တစ်နေ့နေ့၊ တစ်ချိန်ချိန်ကျရင် အိမ်ထောင်ပြု တာနဲ့ သက်သေပြမယ်လို့ The Voice ကို ပြောကြားပါတယ်။



ဓာတ်ပုံ- ဝင်းထွန်းနိုင်

"ကိုယ်က မိန်းမလျာ ဇာတ်ရုပ်တွေကို ဆက်တိုက်ရိုက်နေရတော့ ဒီဘဝကို သာယာလားမေးလို့ သာယာတယ်ဆိုပြီး အင်တာဗျူးဖြေလိုက်တဲ့အပေါ်မှာ အမြင်လွဲသွားကြတယ်။ ကိုယ်ပြောတာက တစ်မျိုး၊ အဖြေကောက်ယူတာက တစ်မျိုးဖြစ်နေတာပေါ့နော်။ ကျွန်တော်လည်းပုထုဇဉ်လူသားတစ်ယောက်ပဲ ဆိုတော့ ချစ်တတ်သလို ဒေါသထွက်စရာလေးတွေ၊ ခံစားစရာ လေးတွေရှိတော့လည်း ခံစားရတာပေါ့နော်။ အဲ့ဒါကြောင့် ကျွန်တော်က တစ်နေ့နေ့၊ တစ်ချိန်ချိန်ကျရင် အိမ်ထောင်ပြုတာနဲ့ သက်သေပြပ့်မယ်" လို့၎င်းက ထပ်လောင်းပြောပါတယ်။

လက်ရှိမှာ ချစ်သူသက်တမ်းက တစ်နှစ်နီးပါးလောက်ရှိပြီဖြစ်ပြီး ကိုယ့်ထက် အသက်ရှစ်နှစ်ကျော် လောက်ငယ်ကြောင်း၊ ချစ်သူက အသက်ငယ်တယ်ဆိုပေမယ့် အများကြီးနားလည်ပေး တာကြောင့် အချစ်ရေးက အေးအေးဆေးဆေးဖြစ်နေပြီး နောက်ထပ် သုံးနှစ်လောက်နေရင်တော့ အိမ်ထောင်ပြုမှာဖြစ်ကြောင်း သရုပ်ဆောင်ရဲလေးမ က ပြောထားပါတယ်။

"အစ်ကိုနဲ့ သူ စတွေ့တာကလည်း မိန်းမလျာဇာတ်ရုပ်တွေ ရိုက်တော့မှတွေ့တာလေ။ ကိုယ်က မိန်းမလျာဇာတ်ရုပ်တွေ ရိုက်နေရင်းမှ သူနဲ့စပြီး သံယောဇဉ်တွယ်လာတာဆိုတော့ သူက အစ်ကို့အနေနဲ့ မိန်းမလျာဇာတ်ရုပ်တွေ ရိုက်တဲ့အပေါ်မှာလည်း နားလည်မှုအပြည့်ရှိပါတယ်။ သူက အစ်ကို့ရဲ့ အနုပညာအလုပ်ကို အကြံဉာဏ်လည်း မပေးဘူး၊ ကန့်လည်းမကန့်ကွက်ဘူး။ ချစ်သူက မန္တလေးကပါ" လို့ ၎င်းကပြောပါတယ်။



# ၂၀၁၈ နှစ်ဦးမှာ ပရိသတ်ကို ခြောက်လှန့်မယ့် Insidious ဇာတ်ကားသစ်

အောင်မြင်တဲ့ သရဲတစ္ဆေဇာတ်ကားတွဲဖြစ်တဲ့ Insidious ဇာတ်ကားသစ် တစ်ကားတော့ နှစ်သစ်ဦး ဇန်နဝါရီလမှာ ရုံတင်ပါတော့မယ်။

ဇာတ်ကားရဲ့နာမည်ကိုတော့ Insidious: The Last Key လို့ အမည်ပေးထားပြီး ဒါရိုက်တာအဒမ်ရိုဗစ်တယ်ရဲ့ လက်ရာဖြစ်ပါတယ်။

စတုတ္ထမြောက် ဇာတ်ကားလည်း ဖြစ်ပြီးတော့ လင်းရှေး၊ အန်းဂတ်စ်ဆမ်ဆန်၊ ဂျော့ရှ် စတီးဝပ်၊ ကိတ်လင်းဂျရတ်တို့က ဦးဆောင်ပါဝင်ထားပါတယ်။

Universal Picture က ထုတ်လုပ် တာဖြစ်ပြီးတော့ ဇန်နဝါရီ ၅ ရက်နေ့မှာ စတင်ပြီး ရုံတင်မှာဖြစ်ပါတယ်။

ဒေါက်တာအဲလစ်ဆီရိန်နီယာဟာ နောက်ဆုံးအမှုကို ကိုင်တွယ်ပြီးတဲ့နောက်မှာ နယူးမက္ကဆီကိုပြည်နယ်မှာ သူမငယ်ငယ်တုန်းက နေထိုင်ခဲ့တဲ့ အိမ်တစ်အိမ်က ခြောက်လှန့်နေတဲ့ ကိစ္စတွေကို သွားရောက်ကိုင်တွယ်ခဲ့ပါတယ်။

အမှုလာအပ်သူတွေရဲ့အိမ်မဟုတ်ဘဲ ကိုယ့်မိသားစုအိမ်မှာ ဖြစ်နေတဲ့ ခြောက်လှန့်မှုတွေကို ကိုင်တွယ်ရတဲ့အခါ အရင်လို လုပ်နိုင်ပါဦးမလား။

အမှောင်ကမ္ဘာထဲကိုဝင်ပြီး စုံစမ်းထောက်လှမ်းစွန့်စားမှုတွေကို ယူခဲ့ရသူတစ်ဦးရဲ့နေရာက ခံစားချက်တွေကို ပေါ်လွင်အောင် ရိုက်ပြတဲ့ ဇာတ်ကားရဲ့ထုံးစံအတိုင်း ကျောချမ်းရဦးမှာပါ။

F-02

# ထိုင်း ရုပ်ရှင်ဇာတ်ကား Brother & Sister မှာ ပါဝင် သရုပ်ဆောင်မယ့် နစ်ခ်ှုန်း

**ဆိုးလ်၊ ဒီဇင်ဘာ ၄**




တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော်အမျိုးသားဂီတအဖွဲ့ 2PM ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ နစ်ခ်ှုန်းဟာ ထိုင်းရုပ်ရှင်ဇာတ်ကား Brother & Sister မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း kpop herald .com မှာ ဖော်ပြထားပါတယ်။

ဒီ ရုပ်ရှင် ဇာတ်ကားကို ထိုင်းရုပ်ရှင် ကုမ္ပဏီ GDH559 က ထုတ်လုပ်မှာဖြစ်ပြီး၊ ထိုင်းသရုပ်ဆောင် Sunny Suwan-methanon၊ Urassaya Sperbund တို့နဲ့အတူ နစ်ခ်ှုန်းက ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သူ့ရဲ့အနုပညာ အေဂျင်စီဖြစ်တဲ့ JYP Entertainment က သတင်းထုတ်ပြန်ခဲ့ပါတယ်။

အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ နစ်ခ်ှုန်းက ထိုင်းရုပ်ရှင်ဇာတ်ကား 'Seven Something' မှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ဖူးပြီး၊ မကြာမီ ရိုက်ကူးမယ့် 'Brother & Sister' ကတော့ ခေါင်းဆောင်နေရာက ရိုက်ကူးခွင့်ရတဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။

လက်ရှိမှာတော့ နစ်ခ်ှုန်းက 'Khunvitation' လို့ အမည်ပေးထားတဲ့ Fan Meeting တွေကို အာရှဒေသတွင်းနိုင်ငံတွေမှာ လှည့်လည်ပြုလုပ်နေပါတယ်။ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာတော့ ဆိုးလ်မြို့နဲ့ ဒီဇင်ဘာလ ၁၃ ရက်နေ့နဲ့၁၄ ရက်နေ့တွေမှာ တော့ ဂျပန်နိုင်ငံ အိုဆာကာမြို့မှာ Fan Meeting တွေ ပြုလုပ်သွားဖို့ ရှိပါတယ်။




ဓာတ်ပုံ- ဝင်းထွန်းနိုင်

## 'High Skool' ရဲ့ ကိုယ်ပိုင် Fashion Brand တစ်ခုကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ မိတ်ဆက်မယ်ဆိုတဲ့ လွှမ်းပိုင် နဲ့ Bobby Soxer

ရန်ကုန်၊ ဒီဇင်ဘာ ၄

ဆယ်ကျော်သက်လူငယ်ရိသတ်တွေရဲ့ အားပေးမှုကို ရရှိထားတဲ့ Hip Hop တေးသံရှင်လွှမ်းပိုင်နဲ့ ထက်ထက် (Bobby Soxer) တို့က 'High Skool' ဖက်ရှင်ဆိုင်ကို ဒီဇင်ဘာလ ၃ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး High Skool ရဲ့ကိုယ်ပိုင် Fashion Brand တစ်ခုကိုတော့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ မိတ်ဆက်ပေးသွားမှာဖြစ်ကြောင်း တေးသံရှင် လွှမ်းပိုင်က ပြောကြားပါတယ်။

"ဒီဆိုင်ဖွင့်ဖို့ ကျွန်တော်တို့ ပြင်ဆင်နေတာက သုံးနှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့က ဆယ်ကျော်သက်လူငယ်တွေအတွက် ရည်ရွယ်ပြီး ဒီဆိုင်ကိုဖွင့်ဖြစ်တာပါ။ ဖက်ရှင်က အမြဲတမ်းပြောင်းလဲပြီး အသစ်တွေက ထပ်ထပ်ထွက်နေတာဆိုတော့ ကိုယ်တွေလည်း သဘောကျတယ်၊ လူငယ်အားလုံးနဲ့လည်း အဆင်ပြေနိုင်လောက်မယ့် အဝတ်အစားတွေပဲရောင်းချသွားမယ်။ ဒီဆိုင်မှာ Made In China တွေကများပါတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

'High Skool' ဖက်ရှင်ဆိုင်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်နေ့ မွန်းလွဲ ၁ နာရီက ဆိုင်တည်ရှိရာ အမှတ် (၁၃၀)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်မှာ ကျင်းပပြုလုပ်ခဲ့ပြီး ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေနဲ့ ဆိုင်ဖွင့်ချိန် နံနက် ၁၀ နာရီကနေ ည ၈ နာရီအထိ မည့်သည့် Item မဆို ဝယ်ယူအားပေးတဲ့ Customer များကို တစ်ဆယ် ရာခိုင်နှုန်းဈေးလျှော့ရောင်းချပေးခဲ့ပါတယ်။

"ဒီဆိုင်နာမည်ကို ကိုလွှမ်းပိုင် စဉ်းစားပေးထားတာပါ။ လောလောဆယ်မှာတော့ ညီမတို့ထုတ်တဲ့ Brand တွေ မပါသေးဘူး။ ညီမတို့ကိုယ်တိုင်ထုတ်တဲ့ 'High Skool' Brand ကိုတော့ ၂၀၁၈ ဇန်နဝါရီလ လောက်မှာ ပရိသတ်လက်ထဲကို ထည့်ပေးသွားဖို့ ရှိပါတယ်။ ညီမတို့က အဓိက ဆယ်ကျော်သက်အရွယ် လူငယ်တွေဝတ်လို့ရမယ့် အဝတ်အစားမျိုးကိုပဲ စဉ်းစားပြီး ထုတ်သွားမှာပါ။ ဒီဆိုင်ကိုတော့ ပရိသတ်တွေကို လာကြည့်စေချင်ပါတယ်" လို့ တေးသံရှင် ထက်ထက် (Bobby Soxer) က ပြောပါတယ်။

## Recap

❍ သရုပ်ဆောင် ဇင်မိုး ၊ ဖြိုးဇော်လင်း ရတနာဗိုတို့ပါဝင်တဲ့ 'သန်းခေါင်ယံ မိတ်ဆုံစားပွဲ' လို့အမည်ရတဲ့ ဗီဒီယို ဇာတ်ကားကို ရိုက်ကူးထားပါတယ်လို့ ဒါရိုက်တာ သားညီက The Voice ကို ပြောကြားပါတယ်။

"ဇာတ်လမ်းကတော့ သားထိုက် ရေးတာပါ။ သရဲကား ပုံစံလေးပါပဲ။ ရှေ့မှာ ကျွန်တော်က ကိုဇင်မိုး၊ ဖြိုးဇော်လင်းတို့နဲ့ ဇာတ်ကားတစ်ကား ရိုက်ထားတယ်။ ကျွန်တော် မဟုတ်တဲ့ တခြားဒါရိုက်တာတွေ ရိုက်တဲ့ ဇာတ်ကားတွေမှာလည်း သူတို့နှစ်ယောက်က သူငယ်ချင်း၊ ညီအစ်ကိုလို ပုံစံမျိုးတွေပဲ သရုပ် ဆောင်ကြရ တယ်။ ဒီကားမှာ တော့ သူတို့ နှစ်ယောက်ကို မတည့် တဲ့ သမီး ယောက်ဖ ပုံစံမျိုးလေး သရုပ်ဆောင်ခိုင်းထားပါတယ်။ ဇာတ်လမ်းလေးကလည်း ဆန်းပါတယ်" လို့ ၎င်းက ဆိုပါတယ်။

❍ ဒါရိုက်တာ သားညီ ရိုက်ကူးတဲ့ 'သန်းခေါင်ယံ မိတ်ဆုံစားပွဲ' ဗီဒီယို ဇာတ်ကားမှာ ဝိညာဉ် ကောင်မလေးတစ်ယောက် အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်လို့ သရုပ်ဆောင် ရတနာဗိုက The Voice ကို ပြောကြားပါတယ်။

"ဒီကားမှာတော့ ညီမတို့သူငယ်ချင်း တစ်စုရှိကြတယ်။ ညီမကကျတော့ အိမ်မှာ သူခိုးဝင်တော့ အသတ်ခံလိုက်ရတယ်။ ကိုယ်က သူငယ်ချင်းတွေကို ကိုယ့်အိမ်ကို အလည်လာဖို့ခေါ်တယ်ပေါ့နော်။ ကိုယ်က သေသွားပြီး ဝိညာဉ် ဖြစ်နေတာကို သူငယ်ချင်းတွေကလည်း မသိကြဘူး။ အဲ့ဒီတော့ အိမ်ကို အလည်လာကြတယ်။ သရဲအခြောက်ခံကြရတယ်ပေါ့။ ဇာတ်လမ်းဆန်းဆန်းလေးပါပဲ။ ပရိသတ်တွေ သဘောကျကြမှာပါ။ ညီမက သရဲကားတွေတော့ အများကြီး မရိုက်ဖူးပါဘူး။ ဒီကားရိုက်ရတာ ကိုယ်တိုင်လည်း စိတ်လှုပ်ရှားပါတယ်" လို့ ၎င်းကဆိုပါတယ်။

## "Pre စနစ် မလုပ်နဲ့၊ RC ( မူပိုင်စနစ် ) ပဲ သွားဆိုရင် ခွေငှားရမ်းဆိုင်လေးတွေကလည်း သိပ်သက်ဆိုးရှည်မှာ မဟုတ်ပါဘူး"

ဇင်ဝိုင်းနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

ဗီတိ ဗီဒီယိုထုတ်လုပ်ရေးက ဇာတ်ကားတွေကို တစ်ခွေကို ၃၅၀ ကျပ်နဲ့ Pre စနစ်ကို သုံးပြီး ဖြန့်ချိလာတဲ့အပေါ် အနုပညာလောကသားအချို့က ကန့်ကွက်ခဲ့တာကြောင့် ဖြန့်ချိမှု ရပ်ဆိုင်းခဲ့ပါတယ်။ ဗီတိ ဗီဒီယိုထုတ်လုပ်ရေးရဲ့ ဖြန့်ချိရေးလမ်းကြောင်းသစ်နဲ့ ပတ်သက်ပြီး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ သရုပ်ဆောင်ဇင်ဝိုင်းရဲ့ သဘောထားအမြင်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။

**Voice: ဗီတိ ဗီဒီယို ထုတ်လုပ်ရေးက ဇာတ်ကားတစ်ကားကို ၃၅၀ ကျပ်နဲ့ ဖြန့်ချိပြီး လမ်းသစ်ဖောက်လာတဲ့အပေါ်ကို ဘယ်လို မြင်မိလဲ။**

**ZW:** ဒါက အချိန်ပြောရမှာတော့ စောပါသေးတယ်။ သို့သော် ဗီဒီယိုလောကရဲ့ အရှေ့ဦးလို့တော့ ကျွန်တော့် တစ်ယောက်တည်း အမြင်နဲ့ မျှော်လင့်ပါတယ်။ ဗီဒီယို တစ်ကားကို ခေါင်မင်းသားက ချပ်ရေ တစ်သောင်း၊ တစ်သောင်းခွဲလောက်ပဲ ဖြန့်ချိနိုင်တဲ့ အခြေအနေကနေ ချပ်ရေ တစ်သိန်းလောက်အထိ ဖြန့်ချိလာနိုင်တယ်။ ဒါတောင်မှ ဈေးကွက်က အကုန် မဟုတ်သေးပါဘူး။ တရားဥပဒေတွေ စိုးမိုးလာပြီး၊ ထိရောက်တဲ့ ပြစ်ဒဏ်တွေ ချမှတ်လာနိုင်ပြီဆိုရင်တော့ ချပ်ရေ နှစ်သိန်းလည်း ရောင်းရနိုင်သလို၊ သုံးသိန်းလည်းဖြစ်နိုင်တယ်။ ဒါက တနင်္ဂနွေတစ်ရက်ပဲ ဖြန့်သေးတဲ့ အခြေအနေပေါ်မှာ ကြည့်ပြီး ပြောတာပါ။ တစ်ပတ်မှာ နှစ်ရက် ဖြန့်နိုင်ရင် သူ့ရဲ့ရောင်းအားက ဘယ်လောက် ဖြစ်လာမလဲ။ တစ်ပတ်မှာ ငါးရက် ဖြန့်နိုင်ရင် ရောင်းအားက ဘယ်လောက် ဖြစ်လာမလဲ။ ဒါကတော့ တကယ်လုပ်ကြည့်တော့မှ သိနိုင်မှာပါ။

**Voice: ဒီစနစ်သစ်က ယိုင်နဲ့နေတဲ့ ဗီဒီယိုဈေးကွက်ကိုရော ဘယ်လောက်အထိ ပြန်လည်ကောင်းမွန်လာအောင် လုပ်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ထားလဲ။**



ဓာတ်ပုံ- သန့်ဇင်ဦး

**ZW:** ဒီဖြန့်ချိရေးစနစ်ကြောင့် အကျိုး ရှိသူတွေကို ပြောရမယ်ဆိုရင်တော့ ကျန်တဲ့သူတွေကို ဘေးဖယ်ထားပါဦး၊ အရင်ဆုံး အကျိုးရှိမှာက ပရိသတ်ပါပဲ။ ပရိသတ်တွေက အရည်အသွေးမြင့်တဲ့ မြန်မာဗီဒီယို ဇာတ်ကားတွေကို သက်သာသောနှုန်းထားနဲ့ ဝယ်ယူ ကြည့်ရှုနိုင်ခွင့်ရကြမယ်။ ဒီလို ပရိသတ်အတွက် အကျိုးရှိတာတစ်ခုတည်းနဲ့တင် ဖြန့်ချိရေးစနစ်သစ်ကို စမ်းသပ်ကြည့်ဖို့က လုံလောက်နေပါပြီ။

**Voice: ဒီစနစ်က မြန်မာ့ရုပ်ရှင် အများပိုင်ကုမ္ပဏီကရှယ်ယာရှင်တွေရဲ့ ကိုယ်ကျိုးစီးပွားအတွက် ဖော်ဆောင်တာလို့ အနုပညာလောကသားအချို့က ဝေဖန်ကြတဲ့ အပေါ်မှာရော ဘာပြောချင်လဲ။**

**ZW:** အများပိုင် ဆိုတဲ့ နေရာမှာလည်း နှစ်ပိုင်း ခွဲပြောပါမယ်။ ကျွန်တော် အများပိုင်ကုမ္ပဏီမှာ ရှယ်ယာ မပါထားပါဘူး။ သို့သော် အများပိုင်မှာ ရှယ်ယာ ပါဝင်ကြတဲ့သူများဟာ သူဌေးတွေချည်းပဲ၊ လူတစ်စုတည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ရုပ်ရှင်လောကက အနုပညာရှင်၊ အတတ်ပညာရှင် လူပေါင်းလေးရာကျော် ပါဝင်ကြပါတယ်။ တချို့ဆို ရှယ်ယာငါးသိန်း၊ ဆယ်သိန်းဖိုးလောက်ပဲ ပါဝင်ကြတာပါ။ ဒီ့အတွက် အများပိုင်ဆိုသည်မှာ လူတစ်ဦးတစ်ယောက်တည်းက အုပ်စိုးထားသော အဖွဲ့အစည်းလည်း မဟုတ်ပါဘူး။

**Voice: ဇာတ်ကားတွေကို Pre စနစ်နဲ့ပဲ ဖြန့်တော့မယ်ဆိုရင် ဗီဒီယိုခွေငှားဆိုင်တွေရဲ့ရပ်တည်မှုကရော ဘယ်လို ဖြစ်သွားနိုင်မလဲဗျ။**

**ZW:** ဗီဒီယိုခွေငှားဆိုင်လေးတွေဟာ လက်ရှိမှာ ဘယ်လိုရပ်တည်နေကြလဲ ဆိုတာကို အရင် စဉ်းစားရမှာပါ။ RC ( မူပိုင်စနစ် ) နဲ့ ဆက်လက် သွားနေရင်ရော ငှားရမ်းဆိုင်လေးများက ဆက်လက်ရပ်တည်နိုင်သေးသလားဆိုတာကို စဉ်းစားဖို့လိုပါတယ်။ အပေါ်ကား လို့ခေါ်တဲ့ နာမည်ကြီးမင်းသားတွေနဲ့ ဒါရိုက်တာတွေ ရိုက်တဲ့ဇာတ်ကားတွေ ရိုက်ကူးမှု လုံးဝရပ်ဆိုင်းသွားတာကြာပါပြီ။ အလယ်အလတ် ဇာတ်ကားတွေကျတော့လည်း နယ်ကိုယ်စားလှယ်တွေက ပြန်ပေးလာတဲ့ ငွေကြေးပေါ်မူတည်ပြီးတော့ စရိတ်ချုံ့ပြီး ရိုက်ကြရပါတယ်။ မတတ်နိုင်တဲ့ တစ်နေ့မှာ အလယ်အလတ်ကားတွေလည်း ရိုက်ကူးမှု ရပ်သွားပါလိမ့်မယ်။ အဲ့ဒီအခါမှာ အောက်ကားလေးတွေပဲ ကျန်မှာပါ။ အဲ့ဒီအောက်ကားတွေကလည်း အခုတောင် အလယ်ကားတွေ၊ အပေါ်ကားတွေနဲ့ တွဲရောင်းနေရတာပါ။ ဒီအပေါ်ကားတွေ၊ အလယ်ကားတွေမရှိရင် အောက်ကားတွေ ဘယ်လို ရပ်တည်မလဲ။ အဲ့ဒီတော့ ဗီဒီယိုလောကကြီး ဗုန်းဗုန်းလဲမှာပါ။ အပေါ်ကားတွေ မရှိလို့တောင် ခွေငှားဆိုင်တွေက ငှားရမ်းမှုကျလာပြီ။ အလယ်ကားတွေ ရပ်သွားပြီဆိုရင် ငှားရမ်းဆိုင်တွေက ရပ်တည်နိုင်ပါဦးမလား။ ဒါကိုလည်း စဉ်းစားစေချင်ပါတယ်။

**Voice: အရင်က ဖြန့်ချိခဲ့တဲ့ မူပိုင် စနစ်မှာရော Pre စနစ်နဲ့ ယှဉ်ရင် ဘယ်လိုအားနည်းချက်၊ အားသာချက်တွေရှိမလဲ။**

**ZW:** Pre စနစ် မလုပ်နဲ့၊ RC ( မူပိုင်စနစ် ) ပဲ သွားဆိုရင် ခွေငှားရမ်းဆိုင်လေးတွေကလည်း သိပ်သက်ဆိုးရှည်မှာ မဟုတ်ပါဘူး။ ခွေငှားရမ်းဆိုင်တွေကို သူတို့အတွက် အထောက်အကူဖြစ်စေဖို့ အရောင်းဆိုင်လေးတွေအဖြစ်အသွင်ပြောင်းလို့မရဘူးလား။ ဒါကိုလည်း စဉ်းစားကြစေချင်ပါတယ်။ တကယ်တမ်း ဒီလောကမှာ သစ္စာရှိရှိနဲ့ လုပ်ကိုင်ခဲ့ကြတဲ့ ငှားရမ်းဆိုင်လေးတွေက အရောင်းဆိုင်အဖြစ် အသွင်ပြောင်းကြမယ်။ သူတို့သည် အောက်ခြေမှာ Pre စနစ်နဲ့ရောင်းချပေးရင် အကျိုးအမြတ်တွေရလာကြမယ်။ Pre စနစ်နဲ့ ဖြန့်ချိတဲ့ အချပ်များကို မည်သည့်နေရာမှာမဆို လွတ်လပ်စွာ ရောင်းချခွင့်ဆိုတဲ့ ဥပဒေတစ်ရပ်ရှိ ဖို့တော့ လို မယ်။ လွတ်လပ်စွာ ရောင်းချခွင့်မရှိဘူးဆိုရင်လည်း အလွန်နည်းပါးတဲ့ လိုင်စင်ကြေးနဲ့ ငှားရမ်းဆိုင်တွေကို အရောင်းဆိုင်တွေအဖြစ် အသွင်ကူးပြောင်းပေးရမယ်။ ဒါမှလည်း ငှားရမ်းဆိုင်လေးတွေက စနစ်တစ်ခုကနေ နောက်တစ်ခုကို လွယ်ကူချောမွေ့စွာ ကူးပြောင်းသွားမှာ ဖြစ်ပါတယ်။

# ပျောက်ဆုံး အာဂျင်တီးနားရေငုပ်သင်္ဘောရှာဖွေမှု ရပ်ဆိုင်း၊ သင်္ဘောသားများ၏ မိသားစုများ ဆန္ဒပြ

**ဗျူနိုအေးရီးစ်၊ ဒီဇင်ဘာ ၄**

အတ္တလန်တိတ် သမုဒ္ဒရာ တောင်ပိုင်းတွင် ပျောက်ဆုံးသွားခဲ့သော အာဂျင်တီးနားရေငုပ်သင်္ဘောကို ရှာဖွေမှုအား ရပ်ဆိုင်းလိုက်ခြင်းကြောင့် အစိုးရကို သင်္ဘောသားများ၏မိသားစုဝင်များက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

သင်္ဘောသား မိသားစုဝင်များသည် မာဒယ်ပလာတာ ဆိပ်ကမ်း၏ လမ်းများပေါ်တွင် ချီတက်ဆန္ဒပြခဲ့ကြပြီး ကယ်ဆယ်ရေး အစီအစဉ်များ ပြန်လည်စတင်ရန် တောင်းဆိုခဲ့ကြသည်။

ရေတပ်ကမူ သင်္ဘောသားများအား အသက်ရှင်လျက် ပြန်လည်တွေ့ရှိရန် မျှော်လင့်ချက် မရှိတော့ဟု ပြောကြားထားသည်။

ရေငုပ်သင်္ဘော တင်နေနိုင်သော ပင်လယ်ကြမ်းပြင်ရှိ အချိုးအကွေ့များကို ရုရှား ရှာဖွေရေးအဖွဲ့က ပိုက်စိတ်တိုက် ရှာဖွေနေသည်။

အချို့မိသားစုများက သမ္မတမော်ရစ်ဆီယိုမက်ကရီအား ဆိပ်ကမ်းသို့ လာ၍ ၎င်းတို့နှင့်တွေ့ဆုံပြောဆိုရန် တောင်းဆိုကြသည်။ ရှာဖွေရေးအစီအစဉ် ရပ်ဆိုင်းလိုက်ခြင်းကို အများပြည်သူထံ အသိမပေးမီ ၎င်းတို့အား ဆွေးနွေးပြောဆိုခြင်းမရှိဟု သင်္ဘောသားမိသားစုများက ထောက်ပြကြသည်။

ထို့ပြင် ရေငုပ်သင်္ဘော၏နောက်ဆုံး မှတ်တမ်းတင်နိုင်သော တည်နေရာအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် သတင်းများနှင့် ပတ်သက်၍ အဘယ်ကြောင့် ၎င်းတို့အား သတင်းအမှောင်ချထားခဲ့သည်ကို သိရှိလိုသည်ဟု မိသားစုများက ပြောကြားသည်။

သမ္မတ မက်ကရီကမူ သင်္ဘောသား မိသားစုများ၏သောကများကို ဖြေသိမ့်ရန်အတွက် မည်သို့ဖြစ်ပျက်ခဲ့သည်ကို အပြည့်အဝ စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဟု ကတိပြုထားသည်။

အတ္တလန်တိတ် သမုဒ္ဒရာတောင်ပိုင်းတွင် ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်ဟု ရေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လူမပါသော ရုရှား ရေအောက်ရှာဖွေရေးယာဉ်က ပင်လယ်ကြမ်းပြင်တွင် ဆိုနာဖြင့် ထောက်လှမ်းတွေ့ရှိသော အရာဝတ္ထုများကို ရှာဖွေနေသည်ဟုလည်း သိရှိရသည်။

ယခုဖြစ်ရပ်ကြောင့် တောင်အမေရိကတွင် စီးပွားရေးပမာဏနှင့် နှိုင်းယှဉ်လျှင် ကာကွယ်ရေးဘတ်ဂျက် နည်းပါးသော အာဂျင်တီးနားစစ်တပ်၏ အခြေအနေအပေါ် မေးခွန်းထုတ်မှုများ ထွက်ပေါ်လာခဲ့သည်။

ယခုဖြစ်ရပ်ကြောင့် ရေတပ်ဌာနချုပ်မှ တာဝန်ရှိသော အရာရှိများကို ထုတ်ပယ်မည့် အလားအလာ ရှိသော်လည်း သင်္ဘောပေါ်တွင် မည်သို့ဖြစ်ပျက်ခဲ့သည်ကို သိရှိနိုင်ရန်အတွက် ရေငုပ်သင်္ဘောပျက်ကို ရှာတွေ့ရန် လိုအပ်သည်ဟုသတင်းထောက်များက ပြောကြားသည်။

ရေငုပ်သင်္ဘောသည် ပျောက်ဆုံးမသွားမီ သင်္ဘောလေပြွန်အတွင်းသို့ရေများဝင်ရောက်လာမှုကြောင့် ဘက်ထရီ သက်တမ်းတိုသွားစေခဲ့သည်ဟု ရေတပ်က နိုဝင်ဘာလ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အဆက်အသွယ် ပြတ်တောက်သွားသည့်နေ့မှာပင် ရေငုပ်သင်္ဘောမှ ပေါက်ကွဲမှုဖြစ်နိုင်သော ပေါက်ကွဲသံတစ်ခုကို နိုင်ငံတကာ အဖွဲ့အစည်းများက ထောက်လှမ်းသိရှိခဲ့သည်ဟု ရေတပ်က အစောပိုင်းက ပြောကြားခဲ့သည်။

■ F-04







မဲပြန်လည်ရေတွက်မှုများပြုလုပ်နေစဉ်

# ဟွန်ဒူရပ်စ် သမ္မတရွေးပွဲ မဲပြန်လည်ရေတွက်မှု စတင်

**တီဂူစီဂါပါ၊ ဒီဇင်ဘာ ၄**

ဟွန်ဒူရပ်စ်နိုင်ငံမှ ရွေးကောက်ပွဲခုံရုံးသည် ယခင်အပတ် သမ္မတရွေးပွဲမှ အငြင်းပွားဖွယ်မဲပြားများအား တစ်စိတ်တစ်ပိုင်း ပြန်လည်ရေတွက်မှုကို စတင်လုပ်ဆောင်နေပြီဟု BBC သတင်းတွင် ဖော်ပြထားသည်။

မဲလိမ်မှုရှိသည်ဟု သံသယရှိသော သမ္မတရွေးပွဲတွင် လက်ရှိအာဏာရ သမ္မတ ဂျူအန်းအော်လန်ဒိုဖာနန်ဒက်ဇ်က မဲအရေအတွက် ထောင်ဂဏန်းအသာဖြင့် အနိုင်ရရှိသွားသည့် ကနဦးရလဒ်များ ထွက်ပေါ်လာပြီးနောက် မဲ ပြန်လည်ရေတွက်ရန် အတိုက်အခံများက တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ရွေးကောက်ပွဲခုံရုံးက မဲ ၆ ရာခိုင်နှုန်းမျှကိုသာ စစ်ဆေးခဲ့သည့်အတွက် အတိုက်အခံပါတီများက သပိတ်မှောက်ခဲ့ကြသည်။

ဟွန်ဒူရပ်စ်တွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနိုင်သည်ဟူသော စိုးရိမ်မှုများ ကြီးထွားနေပြီး မဲများ ပြန်လည်ရေတွက်သည့်လုပ်ငန်းစဉ်တွင် နှစ်ဖက် နိုင်ငံရေးအုပ်စုများ တက်ရောက်ကြရန် နိုင်ငံတကာ အကဲခတ်လေ့လာသူများက တောင်းဆိုထားသည်။

အတိုက်အခံများ ဦးဆောင်သော ဆန္ဒပြပွဲများအတွင်း အနည်းဆုံး သုံးဦးသေဆုံးခဲ့ပြီး ရာပေါင်းများစွာ ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် ဟွန်ဒူရပ်စ်တွင် ညမထွက်ရ ကာဖျူးအမိန့် ထုတ်ပြန်ထားသည်။

သို့တိုင်အောင် နိုင်ငံတစ်လွှားရှိ မြို့ကြီးများတွင် ဟွန်ဒူရပ်စ်ပြည်သူ ထောင်ပေါင်းများစွာက အတိုက်အခံ သမ္မတလောင်း ဆယ်လ်ဗေဒါနာဆရယ်လာကို ထောက်ခံကြောင်း ပြသရန်အတွက် တနင်္ဂနွေနေ့က ထပ်မံချီတက်ခဲ့ကြသည်။

ရုပ်သံတင်ဆက်သူတစ်ဦးဖြစ်ခဲ့သည့် အတိုက်အခံ သမ္မတလောင်း နာဆရယ်လာက ၎င်း၏ပြိုင်ဘက် လက်ရှိအာဏာရ သမ္မတသည် ရွေးကောက်ပွဲရလဒ်ကို ပြင်ဆင်ခဲ့ကြောင်း စွပ်စွဲထားသည်။

အမေရိကန် တာဝန်ရှိသူများနှင့် အမေရိကနိုင်ငံများအဖွဲ့ဥက္ကဋ္ဌတို့ကလည်း ဟွန်ဒူရပ်စ်ပြည်သူများအား အကြမ်းဖက်မှုများကို ရှောင်ရှားကြရန်နှင့် ရွေးကောက်ပွဲတာဝန်ရှိသူများကို မဲပြန်လည်ရေတွက်ခွင့် ပေးကြရန် တိုက်တွန်းခဲ့သည်။

အငြင်းပွားဖွယ် ကနဦးရလဒ်များအရ မဲ ၉၅ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် လက်ရှိသမ္မတ ဟာနန်ဒက်ဇ်က ၄၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် အတိုက်အခံ သမ္မတလောင်း နာဆရယ်လာက ၄၁ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ရရှိထားသည်။

■ F-04

# အယ်ဘေးနီးယားရေဘေးကြောင့် နေအိမ်နှင့်လမ်းတံတား ထောင်ပေါင်းများစွာပျက်စီး

**တီရာနာ၊ ဒီဇင်ဘာ ၄**

အယ်ဘေးနီးယားနိုင်ငံတွင် နေရာအနှံ့ဖြစ်ပွားလျက်ရှိသော ရေလွှမ်းမိုးမှုများကြောင့် လူတစ်ဦးသေဆုံးကာ နေအိမ်နှင့် လမ်းတံတားထောင်နဲ့ချီပြီး ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း Weather Channel သတင်းတစ်ရပ်က ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးမှုများ ပြင်းထန်ခဲ့ကာ ရာပေါင်းများစွာသောမိသားစုများကို အရေးပေါ်နေရာရွှေ့ပြောင်းမှုများ ပြုလုပ်နေရသည်။

နေအိမ်အလုံးပေါင်း ၃၃၃၄ လုံးသည် ရေအောက်သို့နစ်မြုပ်ခဲ့ရပြီး စိုက်ခင်းဧက ၇၅၀၀ ကို ရေလွှမ်းမိုးထားသည်။

ခရိုင်နှစ်ခုမှ ဒေသခံပြည်သူ လေးသောင်းခွဲခန့်သည်လည်း လျှပ်စစ်မီးမရှိဘဲ နေထိုင်ရလျက်ရှိသည်။

ကျောင်း ၅၆ ကျောင်းနှင့် လမ်းတံတား ၂၈ စင်းတို့လည်း ဆိုးရွားစွာထိခိုက်ပျက်စီးသွားခဲ့သည်။

အယ်ဘေးနီးယားတစ်နိုင်ငံလုံးတွင်လည်း ကျောင်းများ အရေးပေါ်ပိတ်ထားခဲ့ရသည်။

အယ်ဘေးနီးယားစစ်တပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် ရေကြီးဒေသများတွင် ပိတ်မိနေသူ ပြည်သူများကို ရဟတ်ယာဉ်များဖြင့်ကယ်ထုတ်လျက်ရှိသည်။

အဝေးပြေးလမ်းပေါင်းများစွာလည်း ရေလျှံနေသဖြင့် သွားလာပို့ဆောင်ရေးကလည်း ကုန်းလမ်းပိုင်းအဆင်မပြေပေ။

ဈေးဝယ်စင်တာကြီးတစ်ခုလည်း ပိတ်ထားခဲ့ရပြီး လူ ၁၀၀ ခန့်အထဲတွင် ပိတ်မိနေ၍ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အရေးပေါ်ကယ်ထုတ်ခဲ့ရသည်။

ပြည်သူများအနေနှင့် အစိုးရက ထုတ်ပြန်သော အန္တရာယ်ကင်းရှင်းရေး အကြံပေးချက်များအတိုင်း လိုက်နာကြပါရန် အစိုးရက တိုက်တွန်းထားပြီး ရက်ပိုင်းအတွင်း တိုင်းပြည်တောင်ပိုင်းတွင် အခြေအနေများ ပိုဆိုးလာလိမ့်မည်ဟုသတိပေးထားသေးသည်။



■ F-02

# ပြင်သစ်ဒေသဆိုင်ရာရွေးကောက်ပွဲ ကော်စီကာအမျိုးသားရေးဝါဒီများ ထောက်ခံမဲအများအပြားရရှိ

**ပဲရစ်၊ ဒီဇင်ဘာ ၄**

ပြင်သစ် နိုင်ငံကော်စီကာကျွန်းဒေသဆိုင်ရာရွေးကောက်ပွဲတွင် ကော်စီကာအမျိုးသားရေးဝါဒီများ ထောက်ခံမဲထက်ဝက်နီးပါး ရရှိခဲ့သဖြင့် ပဲရစ်အုပ်ချုပ်မှုထံမှ ပိုမိုလွတ်လပ်ခွင့်တောင်းဆိုလာနိုင်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အသစ်ဖွဲ့စည်းလိုက်ပြီး လုပ်ပိုင်ခွင့်များပြားသည့် ဒေသဆိုင်ရာညီလာခံအတွက် ရွေးကောက်ပွဲကျင်းပရာတွင် ကိုယ်ပိုင်အုပ်ချုပ်မှု လိုလားသည့် ခေါင်းဆောင် ဂီလတ်စီမီယိုနီက ထောက်ခံမဲ ၄၅ ဒသမ ၃၆ မဲရရှိခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဒုတိယအကျော့ ရွေးကောက်ပွဲကိုလာမည့် တနင်္ဂနွေနေ့တွင် လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါရွေးကောက်ပွဲတွင် ပြင်သစ်သမ္မတအီမန်နျူရယ် မတ်ခွန်၏ ပါတီမှာ ကော်စီကာကျွန်းရွေးကောက်ပွဲတွင် ၁၁ ဒသမ ၂၆ ရာခိုင်နှုန်းသာ ရရှိထားသည်။

ပြီးခဲ့သည့် ဇွန်နှင့် မေလသမ္မတရွေးကောက်ပွဲတွင်လည်း မတ်ခွန်၏ပါတီမှာ ကော်စီကာကျွန်းတွင် ထောက်ခံမဲများပြားခဲ့ခြင်းမရှိပေ။




ယင်းကဲ့သို့ ထောက်ခံမဲကျဆင်းနေခြင်းသည် ပဲရစ်ဗဟိုအစိုးရအပေါ် ကော်စီကာကျွန်းသားတို့၏ယုံကြည်ချက် ကျဆင်းနေခြင်းကို ဖော်ပြမှုဖြစ်ပြီး ပြင်သစ်နိုင်ငံတစ်ဝန်းယုံကြည်မှု တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း မတ်ခွန်၏ Republic On the Move ပါတီက ထုတ်ပြန်ထားသည်။ ■ F-05

## တောင်ကိုရီးယားငါးဖမ်းလှေ လောင်စာသယ်သင်္ဘောနှင့်တိုက်ပြီး တိမ်းမှောက်၊ ၁၃ ဦးသေဆုံး

**ဆိုးလ်၊ ဒီဇင်ဘာ ၄**

တောင်ကိုရီးယားငါးဖမ်းလှေတစ်စင်းမှာ ၃၃၆ တန် လောင်စာသယ်သင်္ဘောနှင့်တိုက်မိပြီး အနောက်ဘက်ကမ်းလွန်တွင် တိမ်းမှောက်ခဲ့သောကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

နှစ်ဦးပျောက်ဆုံးနေပြီး ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ကမ်းခြေစောင့် တပ်ဖွဲ့ကပြောကြားသည်။

Seonchang-1 စင်းလုံးငှားငါးဖမ်းလှေပေါ်တွင် ခရီးသည် ၂၀ ဦးနှင့် အမှုထမ်းနှစ်ဦးတို့ လိုက်ပါလာပြီး ငါးဖမ်းရာသီတွင် အပျော်ငါးဖမ်းသူများကို တင်ဆောင်လာသည့် လှေမျိုးဖြစ်သည်။

ထွက်ပေါ်လာသော ဗီဒီယိုဖိုင်များသည် ဇောက်ထိုးလန်သွားသောလှေအနီး ရေငုပ်သမားများ ရှာဖွေနေကြပုံများ ပါရှိခဲ့သည်။ ယောင်ဟွမ်ကျွန်းအနီးအင်ချွန်အနောက်တောင်ဘက် တိမ်းမှောက်သည့်နေရာတစ်ဝိုက်တွင် ရေတပ်ရဟတ်ယာဉ်များသင်္ဘောများဖြင့် ရှာဖွေနေဆဲဖြစ်သည်။




လူခုနစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံတင်ထားသည်။ ၁၀ တန် ငါးဖမ်းလှေ၏ ကက်ပတိန်မှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

၃၃၆ တန်လေးသည့် လောင်စာဆီသယ်သင်္ဘောကြီးဘက်တွင်မူ ထိခိုက်ဒဏ်ရာရသူမရှိပေ။

ကမ်းခြေမှ ငါးဖမ်းလှေထွက်ခွာပြီး ကိုးမိနစ်အကြာတွင် တိုက်မိခြင်းဖြစ်ပြီး သင်္ဘောနှစ်စင်းမှာ တံတားအောက်မှ ဖြတ်စဉ် တိုက်မိခြင်းဖြစ်နိုင်သည်ဟု တောင်ကိုရီးယားသတင်း အေဂျင်စီယွန်ဟပ်က ဖော်ပြသည်။

"ရာသီဥတုကလည်း ပြဿနာမရှိပါဘူး။ သင်္ဘောခရီးမှတ်တမ်းနဲ့ အခြားထွက်ခွာဖို့ ပြင်ဆင်မှုတွေမှာလည်း ဘာပြဿနာမှမရှိပါဘူး။ ဘယ်လိုဖြစ်တာလဲဆိုတာ စုံစမ်းနေဆဲပါ" ဟု ကမ်းခြေစောင့်အရာရှိတစ်ဦးကပြောကြားသည်။

ရာသီဥတု အေးမြလွန်းခြင်းမှာ အသေအပျောက်များရခြင်း၏ အဓိကအကြောင်းရင်းဖြစ်နိုင်သည်ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ယခုဖြစ်စဉ်မှာ ၂၀၁၅ ခုနှစ်က ဂျေဂျူးအနီးယခုကဲ့သို့ အပျော်ငါးဖမ်းခရီးထွက်စဉ် လူ ၁၅ ဦးသေဆုံးပြီးနောက်ပိုင်း အဆိုးရွားဆုံးဖြစ်စဉ်ဖြစ်သည်။

ရှေ့တစ်နှစ်ကလည်းခရီးသည်တင်စက်လှေမှောက်ပြီး လူ ၃၀၀ ကျော်သေဆုံးခဲ့ကာ အများစုမှာအပျော်ခရီးထွက်သည့် ကျောင်းသားငယ်များဖြစ်သည်။ ■ F-03

**စာမျက်နှာ 14 အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေမြဲ မှအဆက်**

ချုပ်ရေးဦးစီးဌာန၏ တိုင်းဒေသကြီး/ပြည် နယ်အုပ်ချုပ်ရေးမှူးသည်ပင်လျှင် အခြေခံဥပဒေပုဒ်မ ၂၆၀ အရ၊ ရာထူးအလျောက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည့်အပြင် ဌာန၏ရုံးသည်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးဖြစ်ရာ အဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများနှင့် ရုံးအဖွဲ့များသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိနေသည်ဆိုခြင်းမှာ အငြင်းပွားစရာအကြောင်းမရှိပါချေ။

ပြည်ထဲရေးဝန်ကြီးဌာနအနေနှင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အရာရှိငယ်အဆင့်များ ရွေးချယ်ခန့်ထားခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အရာရှိဝန်ထမ်းများ၏ ပြည်နယ်/တိုင်းကျော်ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ တိုင်း/ပြည်နယ်များကတင်ပြလာသည့် အဂတိလိုက်စားမှုများအတွက် စစ်ဆေးအရေးယူခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စများကိုသာ ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ပတ်သက်ခြင်းမရှိပါ။ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ်များတွင်လည်း လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ များ၏ လမ်းညွှန်ချက်များအရသာ ဆောင်ရွက်ကြပြီး ဝန်ကြီးဌာနနှင့်ရုံးချုပ်များမှာ ဝန်ထမ်းရေးရာကိစ္စများကိုသာ ဆောင်ရွက်ကြရပါသည်။ (ထိုစဉ်က အခြေခံဥပဒေမရှိသဖြင့် အချို့သောဝန်ကြီးများနှင့် ဒေသအာဏာပိုင်တို့ လုပ်ပိုင်ခွင့်များမကွဲပြားဘဲ ဝင်ရောက်စွက်ဖက်ခြင်းများရှိပါသည်။ ထိုအခါ အောက်ခြေဝန်ထမ်းများမှာ ကြားညပ်ပြီး အရေးယူခံရခြင်းနှင့် ပြောင်းရွှေ့ခံရခြင်းများ ရှိခဲ့ပါသည်)။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေမြဲ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင် 'ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်' ဟူ၍ ပြဋ္ဌာန်းထားသကဲ့သို့ ပုဒ်မ ၂၅၀ တွင်လည်း 'တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်' ဟူ၍ အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

တစ်ဖန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်မှာလည်း (၁) တရားဥပဒေစိုးမိုးရေး၊ (၂) ရပ်ရွာအေးချမ်းသာယာရေး၊ (၃) ဒေသဖွံ့ဖြိုးရေးနှင့် (၄) ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည်တို့ဖြစ်ရာ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တစ်ထပ်တည်းကျနေပါသည်။

အခြေခံဥပဒေပုဒ်မ ၂၆၂(ဌ)(၁)တွင် 'တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်' ဟူ၍ ပြဋ္ဌာန်းထားပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့်သော်လည်းကောင်း သို့မဟုတ် ဝန်ကြီးချုပ်က သီးခြားတာဝန်ပေးအပ်ထားသူမှ တစ်ဆင့်သော်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်ကိုတာဝန်ခံ၍ လုပ်ငန်းတာဝန်များကိုဆောင်ရွက်သည်ဆိုလျှင် တစ်နည်းအားဖြင့် နိုင်ငံတော်သမ္မတကိုတာဝန်ခံ၍ လုပ်ငန်းတာဝန်များကို တာဝန်ခံ၍ ဆောင်ရွက်ခြင်းမည်ပါသည်။

ထို့ကြောင့် အဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် မည်သည့်ဝန်ကြီးဌာနလက်အောက်တွင် ရှိနေသည်ဖြစ်ပါစေ မိမိဌာန၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေခြင်းသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ ဝန်ထမ်းများသည် 'နေမြဲ'ပင် ဖြစ်ပါသည်။

■ **သိန်းထက်အောင်**

# ကိုရီးယားတွင် ဓာတ်ပေါင်းဖိုပေါက်မှုကြောင့် သေဆုံးသူ မြန်မာလုပ်သားအတွက် လျော်ကြေးရရန် ဆောင်ရွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

တောင်ကိုရီးယားနိုင်ငံ ဂျွန်ဘူခ်မြို့ ဂျောင်းအုပ်မြို့နယ်ခွဲမြောက်ပိုင်းရှိ ပစိဖိတ် အထည်ပေါင်းစက်ရုံမှ ဓာတ်ပေါင်းဖို ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည့် မြန်မာ လုပ်သားအတွက် လျော်ကြေးရရှိရန် ဆက်လက်ဆောင်ရွက်နေကြောင်း ဖူဆန် အလုပ်သမားကူညီရေးစင်တာမှ အလုပ်သမား အတိုင်ပင်ခံ အကြံပေးအရာရှိ ဦးထက်နေကြည်တိုးက ပြောကြားသည်။

"အလုပ်သမား သေဆုံးမှုက သူ့ ဥပဒေမှာ ပါတယ်။ သူ့ အခြေခံလစာ တစ်ရက်ပျမ်းမျှလုပ်အားခ ၁၄၇၄ ရက် စာကို လျော်ကြေးပေးရမယ်။ နောက် ဒါက အလုပ်သမားပေ့ါဆတာ မဟုတ်ဘူး။ စက်ရုံ ဘက်က ချို့ယွင်းချက်ဖြစ်တာကြောင့် စက်ရုံဘက်က လျော်ရမယ်။ ကရုဏာကြေး၊ နာရေးစရိတ်တွေ ထပ်ပေးရမယ်။ အဲဒါ တွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆိုသည်။

ကိုရီးယားနိုင်ငံဥပဒေအရ လုပ်ငန်းခွင် ထိခိုက်နစ်နာသေဆုံးသူကို အခြေခံ လစာပေါ်မူတည်ကာ လစာ၏ အဆတစ်ထောင် ပေးလျော်ရမည်ဖြစ်သည်ဟု ကိုရီးယားနိုင်ငံမှ မြန်မာအလုပ်သမားများ အရေးကူညီဆောင်ရွက်ပေးသူ ဦးဝိုင်းက ပြောကြားသည်။

ဖြစ်စဉ်မှာ ယင်းစက်ရုံတွင် နိုဝင်ဘာ လ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် လုပ်ငန်းခွင်အတွင်း အထည်ပေါင်းသည့် ဓာတ်ပေါင်းဖို ပေါက်ကွဲမှုကြောင့် မြန်မာနိုင်ငံသား အလုပ်သမားတစ်ဦး သေဆုံးခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူမှာ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်နေသူ အသက် ၃၀ နှစ်ရှိ ကိုကျော်ထွန်းလှိုင်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ ၂၀၁၄ ခုနှစ်မှ တရားဝင်သွားရောက် လုပ်ကိုင်နေသူဖြစ်သည်။

"သူက ကံဆိုးလွန်းတယ်။ အဲဒီနေ့က သူ အလုပ်လုပ်တဲ့နေရာက ပေါက်ကွဲတာ မဟုတ်ဘူး။ သူက အဲဒီဘက်ကို လမ်းလျှောက်လာတဲ့အချိန်မှာ ထဖြစ်သွားတာ ကျန်တဲ့သူတွေက အကုန်ထွက်ပြေးတာ မထိလိုက်ဘူး။ သူ တစ်ယောက်ပဲ ထိသွားတာ၊ မျက်နှာမှာ နှာခေါင်းတို့ မျက်လုံးတို့ မရှိတော့ဘူး။ သူ့အမေက မသိလို့ viber ကနေ စာတွေ ပို့နေတယ် ခုချိန်ထိ မသိသေးဘူး။ အစ်ကိုကတော့ ဒီကိုရောက်နေပြီ" ဟု သေဆုံးသူ ဈာပနအခမ်းအနားကို လိုက်ပါပို့ဆောင်သူ မြန်မာအလုပ်သမား ကိုအောင်ခန့်က ဆိုသည်။

ယင်းစက်ရုံတွင် မြန်မာအလုပ်သမား ရှစ်ဦး၊ ကိုရီးယားနိုင်ငံသား ၈ ဦး စုစုပေါင်း ၁၆ ဦးရှိသည်။

■ J-18

# ခွေးဟောင်သည်ကိုအကြောင်းပြု၍ဝမ်းကွဲညီအစ်ကိုနှစ်ဦးရိုက်ပွဲဖြစ်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ မြို့သစ်(၇)ရပ်ကွက်၊ တမာလမ်းပေါ်တွင် ဒီဇင်ဘာလ ၃ ရက် မွန်းလွဲ ၁၁ နာရီခန့်က ခွေးဟောင်သည်ကို အကြောင်းပြု၍ အသက် ၃၁ နှစ်အရွယ် အစ်ကိုဖြစ်သူကို ဝမ်းကွဲညီတော်စပ်သူက ဆဲဆိုကာ သစ်သားတုတ်နှင့်ရိုက်နှက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ မြို့သစ်၊ အမှတ်(၆)ရပ်ကွက်တွင် နေထိုင်သူ အသက် ၅၂ နှစ်အရွယ် ဒေါ်ငွေငွေရီသည် ယင်းနေ့က အလုပ်မှ နေအိမ်သို့ပြန်လာစဉ် သားဖြစ်သူ ရိုက်နှက်ခံရကြောင်း သိရသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ တမာလမ်းရှိ အမက(၄၂)ကျောင်းဘေး၌ ခွေးများဟောင်နေသဖြင့် သားဖြစ်သူက ဆဲဆိုအော်ဟစ် မောင်းထုတ်ရာ ညီဝမ်းကွဲတော်စပ်သူက "မင်းဘာလို့ဆဲတာလဲ" ဟုမေးမြန်းပြီး ဆဲဆိုကာ သစ်သားတုတ်ဖြင့် ရိုက်နှက်ခဲ့ကြောင်း သိရသဖြင့် အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ခွေးတွေဟောင်နေလို့ ဆဲတာကို မကျေနပ်တာနဲ့ရန်ဖြစ်ကြတာ၊ တစ်ရပ်ကွက်တည်းအတူနေကြတဲ့ ဝမ်းကွဲညီအစ်ကိုတွေ၊ ဖြစ်သွားတဲ့ကိစ္စက ကြီးကြီးကျယ်ကျယ်မဟုတ်ပါဘူး၊ ဒဏ်ရာက လည်း မစိုးရိမ်ရဘူး၊ ပေါက်ပြဲထိခိုက်ဒဏ်ရာလောက်ပဲရတာ၊ ရိုက်နှက်တဲ့သူကိုတော့ စုံစမ်းရှာဖွေနေတုန်းပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ရိုက်နှက်ခံရမှုကြောင့် အသက် ၃၁ နှစ်အရွယ် အမျိုးသားတွင် ဦးခေါင်းစုတ်ပြဲဒဏ်ရာ၊ ညာလက်ဖျံပွန်းပဲ့ဒဏ်ရာနှင့် ဘယ်လက်ဖဝါးဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံကြီးတွင် ပြင်ပလူနာ(မစိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့သဖြင့် ရိုက်နှက်မှုကျူးလွန်သည်ဟုဆိုသော အမျိုးသားကို ဝေဘာဂီနယ်မြေရဲစခန်းက(ပ)၁၃၉၈/ ၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၂၃/၂၉၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

■ J 16

# သာကေတတွင် အကြွေးမဆပ်သူကို ဓားဖြင့်ထိုး

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

သာကေတမြို့နယ်၊ ရတနာပုံ ၈ လမ်းတွင် ဒီဇင်ဘာလ ၃ ရက် ညပိုင်းက အကြွေးပြန်မဆပ်သည့် အမျိုးသားတစ်ဦးကို အကြွေးရှင်က ဓားဖြင့်ထိုးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဝမ်းဗိုက်ကို ဓားဖြင့် ထိုးခံရသူ အသက် ၅၄ နှစ် အမျိုးသားမှာ ယင်းည ၈ နာရီဝန်းကျင်က ၎င်းအကြွေးငွေပြန်ဆပ်ရမည့် အသက် ၃၁ နှစ် အရွယ် လိုတရဆိုသူနှင့်တွေ့ဆုံပြီးနောက် အကြွေးမဆပ်သည့်ကိစ္စဖြင့် နှစ်ဦး အချင်းများရာမှ ဓားဖြင့်ထိုးခံရကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။

"အကြွေးရှင်က ဓားနဲ့ထိုးလိုက်တာလို့ ကနဦးစစ်ချက်အရ သိရတယ်။ သူတို့နှစ်ယောက် ငွေကြေးကိစ္စ ဘယ်လိုပတ်သက်မှုရှိတယ်ဆိုတာတော့ အသေးစိတ် မစစ်ဆေးရသေးဘူး။ ဒဏ်ရာရသူရဲ့ အခြေအနေက စိုးရိမ်ရတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဓားဖြင့်ထိုးခံရသူ အမျိုးသားမှာ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် မျက်နှာတွင် ဖူးရောင်ဒဏ်ရာများ ရခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် တင်ပို့ထားရကြောင်း၊ အပြင်းအထန်နာကျင်ဒဏ်ရာများ ရရှိအောင်ပြုလုပ်မှုဖြင့် လိုတရကို သာကေတမြို့နယ်မြေရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့်အမှုဖွင့်ဖမ်းဆီးအရေးယူစစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■S-03

# မှုခင်းသတင်းတိုများ

■ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာ၊ မြစိမ်းရောင်ဘက်စုံစိုက်ပျိုးရေး ကြက်မွေးမြူရေးခြံတွင် ဒီဇင်ဘာလ ၃ ရက် နံနက် ၆ နာရီခန့်က စွပ်ကျယ် အင်္ကျီချိုင်းပြတ်ဝတ်ဆင်၍ အိပ်ပျော်နေသော အသက် ၃၀ အရွယ် အမျိုးသား တစ်ဦး နိုးမရဘဲ သေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ယင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင် ကာ လှည်းကူးမြို့မရဲစခန်းက သေမှုသေခင်း ရေးဖွင့် စစ် ဆေးနေသည်။

■ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ် (၄၅/၁) နှင့်(၄၅/၂)ကြားတွင် ဒီဇင်ဘာလ ၂ ရက် ည ၈ နာရီခန့်က နက်ပြာရောင် ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကျောက်တိုင်ဝင်တိုက်တိမ်း မှောက်ခဲ့ရာ အသက် ၂၅ နှစ်အရွယ် ဆိုင်ကယ်စီးနင်းသူအမျိုးသားတစ်ဦး ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိပြီး မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့တင် ပို့ကုသစဉ် သေဆုံးသွားသည်။

■ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက်လမ်းပေါ်တွင် ဒီဇင်ဘာလ ၃ ရက် ည ၇ နာရီခွဲခန့်က လောင်းကစား သတင်းအရ ရှာဖွေဖမ်းဆီးရာ နိုင်ငံခြား ဘောလုံးလောင်းကစားရာတွင် အသုံးပြုသောစာရွက်စာတမ်းများ၊ ဆက်စပ် ပစ္စည်းများနှင့်အတူ အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)ဖြင့် အမှုဖွင့်ထားသည်။

■ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ်(၁၁) လမ်းထိပ်တွင် ဒီဇင်ဘာလ ၃ ရက် ည ၈ နာရီခွဲ ခန့်က နောက်ပြောင်စကား ပြောဆိုသည့်ကိစ္စနှင့်ပတ်သက်၍ အသက် ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို တစ်ရပ်ကွက်တည်းနေထိုင်သူ အမျိုးသားတစ်ဦးက ကတ်ကြေးဖြင့်ထိုးရာ ညာနားထင်ထိုးသွင်းဒဏ်ရာ၊ ဘယ်ပခုံးထိုးသွင်းဒဏ်ရာများရရှိပြီး သဃ်န်းကျွန်း(စံပြ)ဆေးရုံကြီးတွင် အတွင်းနာ(စိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့ရသည်။

■ ပိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ ကုန်တင် ယာဉ်တစ်စီးပေါ်တွင် ဒီဇင်ဘာလ ၃ ရက် ည ၁၀ နာရီခန့်က လောင်းကစား သတင်းအရ ရှာဖွေဖမ်းဆီးရာ ခြောက်ကောင်ဂျင်လောင်းကစားနေသည့် အသက် ၁၇ နှစ်မှ ၂၅ နှစ်ကြားရှိ အမျိုးသား ၆ ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မ ရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၂ (က) ဖြင့် အမှုဖွင့်ထားသည်။

J 16

# အုတ်ဖုတ်ရန် တွင်းအတွင်းဆင်း၍ မြေသယ်ရာက အမျိုးသမီးတစ်ဦး မြေပိသေဆုံး

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

တိုက်ကြီးမြို့နယ်၊ ဆင်စခန်းကျေးရွာအနီးရှိ အုတ်ဖုတ်တွင်းတစ်ခုတွင် ဒီဇင်ဘာလ ၄ ရက် နံနက် ၆ နာရီခွဲခန့်က အသက် ၃၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး အုတ်ဖုတ်ရန်တွင်းကိုဆင်း၍ မြေသယ်ရာက မြေစာပုံပြိုကျကာပိ၍ သေဆုံးသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

မြေပိသေဆုံးသူမှာ ပေါင်းတည်မြို့နယ်၊ စပါးကြွယ်ကျေးရွာတွင်နေထိုင်သူ မညွန့် ညွန့်စန်းဖြစ်ပြီး အစ်ကိုဝမ်းကွဲတော်စပ်သူနှင့်အတူ အုတ်ကွင်းအတွင်း အုတ်ရိုက်ရန် စုပုံထားသည့် အမြင့် ၁၂ ပေခန့်ရှိ မြေစာပုံမှ မြေများသယ်ယူစဉ် ပြိုကျကာ ပိ၍ သေဆုံးသွားခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်တန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

"မြေစာပိသေဆုံးတယ်ကြားလို့ သွားစစ်ဆေးပြီး အလောင်းကို တိုက်ကြီး ဆေးရုံကြီးကို ပို့ဆောင်ထားတယ်၊ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရအောင် သေမှုသေခင်းဖွင့် စစ်ဆေးနေပါတယ်၊ တိုက်ကြီးမြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် ၂၅/၁၇ နဲ့ဖွင့်ထားတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

မြေပိ/တိုက်ပြိုသေဆုံးမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလက တစ်ဦးရှိခဲ့ပြီး သေမှုသေခင်းပေါင်း ၂၆ မျိုးတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ တစ်ထောင်ကျော်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းသေမှုသေခင်းများတွင် ရောဂါဖြင့် သေဆုံးမှုမှာ အများဆုံးဖြစ်ခဲ့ပြီး ဒုတိယအများဆုံးမှာ ရေနစ်သေဆုံးမှုဖြစ်ကြောင်း၊ တတိယအများဆုံးမှာ အရက်အမူးလွန်သေဆုံးမှုနှင့် ကြိုးဆွဲချအဆုံးစီရင်မှုဖြစ်သည်။

■ J 16

# ပုသိမ်-မော်တင်ကားလမ်းဘေးတွင် တောဆင်ရိုင်းများဝင်ရောက်

**ပုသိမ်၊ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်-မော်တင်ကားလမ်း မိုင်တိုင် ၆၈ အနီးတွင် ဒီဇင်ဘာ ၃ ရက် ည ၈နာရီခန့်က တောဆင်ရိုင်းများ ဝင်ရောက်လာပြီး အနီးရှိ လူနေတဲတစ်လုံးကို ဖျက်ဆီးခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

တောဆင်ရိုင်းများကို တွေ့ရှိသဖြင့် ဒေသခံများက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံ အကြောင်းကြားခဲ့ကြောင်း၊ ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ပုသိမ်-မော်တင်ကားလမ်း အနောက်ဘက်တွင် တောဆင်ရိုင်း ၈ ကောင်ခန့်နှင့် စိုက်ခင်းများလည်း ပျက်စီးနေကြောင်း၊ သူတို့ကိုမောင်းထုတ်ရန် ပြင်ဆင်နေစဉ် စွယ်စုံဆင်တစ်ကောင်အပါအဝင် တောဆင်ရိုင်း ၆ ကောင်ကို ထပ်မံတွေ့ရှိပြီး အိမ်တစ်လုံးလည်း ပျက်စီးနေကြောင်း၊ တင်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ထွန်း က ရှင်းပြသည်။

ယင်းတောဆင်ရိုင်းအုပ်စုကို မဲခရဲ သစ်တောကြိုးဝိုင်းထဲကို မောင်းထုတ်ခဲ့ကြောင်း တောထဲတွင် ဘေးအန္တရာယ်တစ်ခုခုတွေ့သောကြောင့် လည်းကောင်း၊ အစာရေစာ ပြတ်လပ်မှုကြောင့်လည်းကောင်း၊ စပါးခင်းများ ရိတ်သိမ်းပြီး စပါးပေါ်ချိန်ကြောင့်လည်းကောင်း၊ တောဆင်ရိုင်းများသည် ရွာအနီးသို့ကပ်လာနိုင်ကြောင်း၊ ပုသိမ်-မော်တင် ကားလမ်းပေါ်တွင် သွားလာကြမည့် ယာဉ်များအနေနှင့် ညအချိန်ကို ရှောင်ရှားမောင်းနှင်သင့်ကြောင်း ၎င်းက ပြောပြသည်။

တောဆင်ရိုင်းများ ဝင်ရောက်မှုကြောင့် ပုသိမ်-မော်တင်ကားလမ်းမိုင်တိုင် အမှတ်(၆၈/၃) ဒီပါကွက် သစ်တောစပ်အနီးတွင်နေထိုင်သည့် ဦးအေးလှိုင်၏ နေအိမ်တစ်လုံး ဖျက်ဆီးခံရပြီး စိုက်ခင်းအချို့လည်း ပျက်စီးခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■

**R-11**

# ရော်ဘာစက်ရုံပြောင်းရွှေ့ရန် လွှတ်တော်တွင်အတည်ပြုထားသော်လည်း ပြောင်းရွှေ့ရန်မဖြစ်နိုင်ဟု မွန်ဝန်ကြီးချုပ်ပြော

**မော်လမြိုင်၊ ဒီဇင်ဘာ ၄**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ရော်ဘာစက်ရုံများ ပြောင်းရွှေ့ပေးရန် အဆိုနှင့် ပတ်သက်၍ လွန်ခဲ့သည့် သတ္တမအကြိမ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အတည်ပြုထားသော်လည်း လက်တွေ့တွင် ပြောင်းရွှေ့ရန် မဖြစ်နိုင်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

"မွန်ပြည်နယ်က ထွက်ရှိတဲ့ရော်ဘာ ၃၀ ရာခိုင်နှုန်းလောက်ကို ဝယ်ယူကာ ကြိတ်နေတဲ့ စက်ရုံဖြစ်ပါတယ်၊ ဒီရော်ဘာ စက်ရုံကို ပိတ်ပြီး အခြားတစ်နေရာကို ပြောင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒီလုပ်ငန်းကို ပိတ်သိမ်းလိုက်မယ်ဆိုရင် မွန်ပြည်နယ်ရဲ့အဓိက စီးပွားရေးလုပ်ငန်းကို တစ်ခဏနဲ့ ရပ်ဆိုင်းလိုက်တဲ့ အခြေအနေမျိုးကို ဖြစ်နေတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာအေးဇံကပြောသည်။

စက်ရုံကို ပိတ်သိမ်းပြီး ပြောင်းရွှေ့မည်ထက် အခြားသော လမ်းကြောင်းကို စဉ်းစားသင့်ကြောင်း၊ လွှတ်တော်တွင် အတည်ပြုထားသည့် အဆိုအတိုင်း တခြားတစ်နေရာကို ပြောင်းရွှေ့သွားရင်လည်း ထိုနေရာတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်ကြောင်း၊ စီးပွားရေးအနေအထားအရ ကျဆင်းသွားမည်ကို အစိုးရအနေနှင့် မလိုလားကြောင်း၊ စက်ရုံအနေနှင့် သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အစီအစဉ်ကို တစ်လအတွင်း တင်ပြနိုင်ရန် ပြောဆိုထားပြီး ယင်းအချက်အလက်များကို စစ်ဆေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်ပြောသည်။

မုဒုံမြို့နယ်ရှိ ရော်ဘာစက်ရုံ ပြောင်းရွှေ့ပေးရေး တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်၍ အဆိုကို အတည်ပြုခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် စက်ရုံပြောင်းရွှေ့ခြင်းမရှိသည့်အပေါ် မုဒုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်က ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်၏ အဋ္ဌမပုံမှန်အစည်းအဝေးတွင် ထပ်မံ၍ မေးခွန်းမေးမြန်းရာတွင် ဝန်ကြီးချုပ်က ထိုသို့ ဖြေကြားသည်။

"ဒီအဆိုကလည်း လွှတ်တော်မှာ အတည်ပြုထားပြီးသားပါ၊ အခုဝန်ကြီး ဖြေသွားတာက သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု စည်းမျဉ်းလိုက်နာမှု မရှိမှသာလျှင် ပိတ်သိမ်းမယ်ဆိုရင် ဘယ်အချိန်ထိ စမ်းသပ်နေမှာလဲ၊ လက်ရှိမှာ ဒေသခံ ပြည်သူတွေ ခံစားနေရတဲ့ ဆိုးကျိုးတွေကို ဘယ်သူတာဝန်ယူ ပေးနိုင်မှာလဲ၊ ပြည်သူကို မျက်နှာမူတဲ့အနေနှင့် ဒါကို ထည့်သွင်း စဉ်းစားစေလိုပါတယ်" ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်က ပြောသည်။

ရော်ဘာစက်ရုံမှ ထွက်ရှိသည့် အနံ့အသက်များ၊ စွန့်ပစ်ရေများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နေမှုကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများနှင့် ခရီးသွားပြည်သူများအတွက် များစွာ ထိခိုက်မှုများဖြစ်စေသည့်အတွက် ရော်ဘာစက်ရုံကို ရက်ကွက်နေပြည်သူများနှင့် ဝေးရာကို ပြောင်းရွှေ့ရန် အဆိုတင်ခဲ့ခြင်းဖြစ်သည်။

"စက်ရုံကို ဖယ်ရှားဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ လွှတ်တော်မှာ အတည်ပြုထားတာ မှန်ပါတယ်၊ စက်ရုံဆိုတာ ဒီအတိုင်း သယ်ရွှေ့လိုရတာ မဟုတ်ပါဘူး၊ ရင်းနှီးမြှုပ်နှံမှုလည်း အရမ်းများတယ်၊ ဝန်ကြီးချုပ်ကတော့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်အောင် EMP ကို ကျကျနနလုပ်ပါ၊ အဲဒါကို လုပ်မယ်ဆိုရင် စက်ရုံကို လည်ပတ်ခွင့်ပေးမယ်လို့ပြောပါတယ်" ဟု ဖူးရှင်ရော်ဘာစက်ရုံမှ ရော်ဘာဝယ်ယူရေး မန်နေဂျာ ဦးသူရက ပြောသည်။

လက်ရှိတွင် စက်ရုံအနေနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် အနံ့နှင့် ရေစိုးစွန့်ပစ်မှုများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ကုမ္ပဏီမှ စတင် လုပ်ဆောင်နေကြောင်း ယင်းကုမ္ပဏီမှ သိရသည်။ ■ **R-21**

# ဘုရားပွဲဖြစ်မြောက်ရေးကော်မတီက ထောက်ပံ့ငွေပေးအပ်ပြီး ဇာတ်ပွဲသွင်း

**ပြည်၊ ဒီဇင်ဘာ ၄**

ဘုရားပွဲများတွင် အငြိမ့်၊ ဇာတ်ပွဲများ လူကြည့်နည်းလာ၍ ဇာတ်ပွဲများ မဝင်နိုင်တော့ဘဲ ဘုရားပွဲဖြစ်မြောက်ရေးကော်မတီများက ထောက်ပံ့ငွေပေးအပ်ကာ ဆောင်ရွက်လာရကြောင်း ဇာတ်အဖွဲ့လုပ်ကိုင်သူများက ပြောကြားသည်။

ပဲခူးတိုင်းအနောက်ပိုင်းရှိ နယ်မြို့လေးများ၏ဘုရားပွဲတော်များတွင် ဇာတ်အဖွဲ့များကိုကြည့်ရှုသူ မရှိတော့၍ လာရောက်ကပြခြင်း မရှိတော့ဘဲ ဘုရားပွဲတော်များ စည်ကားစေရန် ဘုရားပွဲတော်ကော်မတီအဖွဲ့များက ထောက်ပံ့ငွေ ပေးအပ်သည့်အပြင် အခြားကုန်ကျစရိတ်အတွက်ပါ တာဝန်ယူရပြီး ခေါ်ယူနေခြင်းဖြစ်ကြောင်း ၎င်းတို့ထံမှ စုံစမ်းသိရှိရသည်။

"ပွဲကန်ထရိုက်တွေမရှိသလောက် နည်းလာတယ်။ ဘာလို့လဲဆိုတော့ လေလံဈေးတွေက အရမ်းမြင့်တယ်။ ကြည့်တဲ့သူတွေက မရှိတော့ ပွဲတွေက မဝင်နိုင်ကြတော့ဘူး။ အခု ဘုရားပွဲဖြစ်မြောက်ရေးကော်မတီက ပံ့ပိုးကြေး၊ ဇာတ်ရုံဆောက်ပေးတာတွေ၊ ပွဲပါမစ် ရယူပေးတာတွေရှိလာတယ်"ဟု နှစ်ပေါင်းသုံးဆယ်ကျော် ပွဲကန်ထရိုက်လုပ်ခဲ့သူ ဦးခင်မောင်လင်း က ဆိုသည်။

ဇာတ်ပွဲများတွင် များသောအားဖြင့် အရှုံးပေါ်မှုကြောင့် ပွဲကန်ထရိုက်လုပ်သူ မရှိသလောက် နည်းပါးပြီး ဇာတ်ဆရာကိုယ်တိုင် ကန်ထရိုက်လုပ်ရခြင်းများလည်းရှိကြောင်း၊ ပွဲမိန့်တစ်ခုရရန် တစ်လ ကြိုတင်ရခြင်း၊ ငွေပေးရခြင်းများလည်းရှိကြောင်း ၎င်းက ဆက်ပြောသည်။

"ကျွန်တော်တို့က လောလောဆယ်တော့ ခံယူချက်၊ ခံစားချက်လုပ်လို့ရတဲ့ အနေအထားမှာမရှိဘူး။ အနုပညာလောကမှာ အဆင်ပြေသလို ဆူလွယ်နပ်လွယ် လှမ်းလျှောက်နေရတဲ့ အနေအထားပဲ။ ကျွန်တော်တို့ လုပ်လို့ ပြည်သူသိတာနည်းတယ်။ နိုင်ငံကျော်အနုပညာရှင်တွေအနေနဲ့ ရိုးရာဇာတ်ပွဲအနုပညာတွေပြည်သူတွေ စိတ်ပြန်ဝင်စားလာအောင် လုပ်ပေးသင့်တယ်"ဟု ရွှေငွေလျှံဇာတ်ဆရာ ဦးနေဝင်းအောင်က ဆိုသည်။

ယခုနောက်ပိုင်းတွင် ဇာတ်သဘင်ကပြဖျော်ဖြေခြင်းအနုပညာအရည်အသွေးထက် နာမည်ကြီးသရုပ်ဆောင်၊ အဆိုတော်များကိုသာ အပြိုင်ထည့်သွင်း ကပြလာနေရမှုများရှိကြောင်း ဇာတ်သဘင်လောကမှ စုံစမ်းသိရှိရသည်။

လက်ရှိ ရွှေတောင်မြို့နယ်အတွင်း ချမ်းသာကြီးဘုရားနှင့် ရွှေမျက်မှန်ဘုရားပွဲနှစ်ခုတို့တွင် ဇာတ်အဖွဲ့ နှစ်ခုကို ပံ့ပိုးကြေး ၁၈သိန်း၊ သိန်း ၂၀ခန့်အကုန်ခံ၍ ဇာတ်ရုံဆောက်ပေးခြင်း၊ ပွဲမိန့်ရရှိရန် လုပ်ဆောင်ပေးခြင်းတို့ရှိနေပြီး နည်းပညာတိုးတက်လာသည်နှင့်အမျှ ဇာတ်ပွဲများတွင် အချိန်ကုန်ငွေကုန် ကြည့်ရှုခြင်းထက် အိမ်ရှိရုပ်သံဇာတ်လမ်းများကို အလွယ်တကူ ကြည့်ရှု၍ရနေခြင်းကြောင့် ကြည့်ရှုသူနည်းပါးလာခြင်းဖြစ်နိုင်ကြောင်း ဇာတ်အဖွဲ့များမှ တာဝန်ရှိသူများက သုံးသပ်ပြောဆိုသည်။ ■

**M-06**

# ကလေးမြို့တွင် ကြက်နှင့်ဝက်သား ဈေးတက်

**ကလေး၊ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကြက်နှင့်ဝက်သားဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၂ ထောင်အထိ မြင့်တက်သွားခဲ့ကြောင်း စားသုံးသူများထံမှသိရသည်။

ယခင်က ကြက်သားတစ်ပိဿာလျှင် ငွေကျပ်ခြောက်ထောင်မှ ရှစ်ထောင်ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ခြောက်ထောင်ကျပ်မှ ရှစ်ထောင်ကျပ်၊ ကိုးထောင်ကျပ်အထိ အသီးသီးဈေးတက်ခဲ့ပြီး ကြက်ဥဈေးနှုန်းမှာလည်း ၉၀ ကျပ်တန်ကြက်ဥတစ်လုံးမှာ ၁၁၀ ကျပ်အထိ နိုဝင်ဘာလမှ စတင်ကာ အသီးသီး ဈေးတက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ ဝယ်ယူစားသုံးသူများက ပြောကြားသည်။

"ကြက်သားက ခြံဖမ်းဈေးကို လေးထောင့်ငါးရာ၊ လေးထောင့်နှစ်ရာနဲ့ရောင်းရတာပဲ။ အရင် တစ်ပိဿာသုံးထောင့်ငါးရာ ဈေးထက်တော့ ဈေးတက်လာတာပေါ့။ ဈေးကွက်အတွင်း ပြန်ရောင်းချသူတွေကတော့ သူတို့ အဆင်ပြေတဲ့ဈေးနဲ့ ရောင်းကြတာထင်တယ်" ဟု အသားစားကြက်မွေးမြူသည့် ခြံပိုင်ရှင်တစ်ဦးက ဆိုသည်။

ကလေးမြို့ ဈေးကွက်အတွင်း အသားဈေးများ တက်သည့်အပြင် ပြည်တွင်းထုတ်ဆေးလိပ်များ၏ ဈေးနှုန်းမှာလည်း ဆေးလိပ်တစ်စည်းလျှင် ငွေကျပ် ၅၀ အသီးသီး ဈေးတက်ခဲ့ကြောင်း ကလေးမြို့ မြို့မဈေးရှိ ကုန်ခြောက်ပစ္စည်းရောင်းချသူများက ပြောသည်။

"ဈေးတက်သွားတာက တစ်လလောက်ရှိပြီ။ အသားဈေးတွေ တက်ပေမယ့်ဝင်ငွေကအရင်အတိုင်းဖြစ်နေလို့အသားကို သိပ်ပြီးတော့ ဝယ်မစားဖြစ်ဘူး။ အသီးအရွက်ပဲ ရှာဖွေချက်ပြုတ်စားသောက်နေရတာပေါ့" ဟုကလေးမြို့နေ ဒေါ်သန်းသန်းက ဆိုသည်။ ■

**R-20**

# လင်မယားချင်း စကားများရာမှ ဇနီးက ခင်ပွန်းကို အက်စစ်ဖြင့်ပက်

**ရွှေဘို၊ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့ အောင်မင်္ဂလာရပ်ကွက်တွင် ဒီဇင်ဘာ ၂ရက် ညပိုင်းက လင်မယားနှစ်ဦး စကားများရန်ဖြစ်ရာမှ ဇနီးသည်က ခင်ပွန်းကို အက်စစ်ဖြင့် ပက်ခဲ့ကြောင်း ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

လွန်ခဲ့သော ၁၀ရက်ခန့်က ကွဲကွာနေသော ကိုမျိုးကျော်(၃၂နှစ်)နှင့် ၎င်း၏ ဇနီးမဖြူလုံး (၃၀နှစ်)တို့ စကားများရန်ဖြစ်ပြီးနောက် ဇနီးက ခင်ပွန်းကို အက်စစ်ဖြင့် ပက်ခဲ့ကြောင်း၊ အက်စစ်ဖြင့် အပက်ခံရသူ ကိုမျိုးကျော်မှာ အိမ်ရှေ့ထင်းပုံရှေ့တွင် မျက်နှာ၊ ခန္ဓာကိုယ်တွင် ဝတ်ထားသော အဝတ်များ လောင်ကျွမ်းနေသည်ကို အစ်မဖြစ်သူက တွေ့ခဲ့ရကြောင်း အဆိုပါ ရဲတပ်ဖွဲ့ထံမှ သိရသည်။

အက်စစ်အပက်ခံရသူ ကိုမျိုးကျော်မှာ မျက်နှာ၊ ညာဘက်ရင်ဘတ်၊ ဝမ်းဗိုက်၊ ဘယ်ဘက်ပေါင်နှင့် မျက်စိတို့တွင် အက်စစ်လောင်သောဒဏ်ရာများရရှိခဲ့ပြီး အသက်အန္တရာယ် စိုးရိမ်ရသဖြင့် ရွှေဘိုမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသနေရကြောင်း၊ အက်စစ်ဖြင့် ပက်သူ ဇနီးသည်ကို ရာဇသတ်ကြီး ပုဒ်မ-၃၂၆ ဖြင့် အမှုဖွင့်ထားကြောင်း ခရိုင်ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ **R-09**

# ဟံသာဝတီ လေဆိပ်စီမံကိန်း ပြန်လည်စတင်

**တောင်ငူ၊ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီလေဆိပ် စီမံကိန်းပြန်လည်စတင်ရန် ပြင်ဆင်နေပြီး စီမံကိန်းဧရိယာအတွင်း ကျူးကျော်နေထိုင်သူများအနက် အထောက်အထား ခိုင်လုံသောနေအိမ်များကို မြေအစားထိုးပေးမည်ဖြစ်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

"လက်ရှိမှာ စီမံကိန်းပတ်လမ်းမှာရှိနေတဲ့ ရော်ဘာခြံတွေကို သီးနှံလျော်ကြေးပေးသွားဖို့နဲ့ အပင်ရဲ့သက်တမ်းကို စစ်ဆေးနိုင်ဖို့ ရော်ဘာလုပ်ငန်းရှင်တွေနဲ့ စိုက်ပျိုးရေးဌာနနဲ့ တွေ့ဆုံညှိနှိုင်းဖို့ရှိနေပါတယ်။ လူနေအိမ်နဲ့ ဘုန်းကြီးကျောင်းတွေ ကိစ္စကတော့ သူ့အဆင့်လိုက်လာပါလိမ့်မယ်"ဟု ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ပြောကြားသည်။

လေဆိပ်စီမံကိန်းဧရိယာထဲ ပါဝင်နေသည့် လူနေအိမ် ၁၂၀၀ ကျော်နှင့် ဘုန်းတော်ကြီးကျောင်း အချို့လည်း ရှိနေသည့်အနက် အထောက်အထားပြသနိုင်သည့် လူနေအိမ် ၃၆၄ ကွက်နှင့်ဘုန်းတော်ကြီးကျောင်း ၉ ကျောင်းကို မြေနေရာအစားထိုးပေးအပ်မည်ဖြစ်ကြောင်း၊ အထောက်အထားမခိုင်လုံသည့် နေအိမ်များကို ရွှေ့ပြောင်းရန် စရိတ်ထောက်ပံ့ပေးမည်ဖြစ်ကာ နစ်ရှည်ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများကို သီးနှံလျော်ကြေးပေးအပ်မည် ဖြစ်ကြောင်း တိုင်းအစိုးရထံမှ သိရသည်။

ပဲခူးမြို့နယ်အနီးရှိ ဟံသာဝတီလေဆိပ် စီမံကိန်းကို တပ်မတော်အစိုးရလက်ထက်ကတည်းက တည်ဆောက်ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကုမ္ပဏီများစွာနှင့် စာချုပ်ချုပ်ဆိုကာ တည်ဆောက်မည်ဟုပြောကြားထားသော်လည်း ဦးသိန်းစိန်အစိုးရလက်ထက်အထိ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမရှိချေ။

"လေဆိပ် စီမံကိန်း ပြန်လည်စတင်ဖို့လက်ရှိ အစိုးရကပြင်ဆင်နေပါတယ်၊ အရင်အစိုးရ အဆက်ဆက် မှာလေဆိပ်စီမံကိန်းစမယ်ဆိုတဲ့ သတင်းထွက်တိုင်း ခရိုနီကြီးအချို့နဲ့ မြေယာအရောင်းအဝယ်လုပ်သူတွေချည်း အကျိုးဖြစ်ထွန်းသွားပါတယ်၊ အခု အစိုးရလက်ထက်မှာ စီမံကိန်းအကောင်အထည်ဖော်မယ်ဆို အကျိုးရှာသမားတွေကို သေချာသတိထားသင့်တယ်" ဟု ပဲခူးမြို့ခံ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က လေဆိပ်စီမံကိန်းနယ်မြေထဲရှိ ကျူးကျော်များကို ရှင်းလင်းရန် ယခုနှစ်ဇန်နဝါရီက ကျူးကျော်အိမ်ခြေစာရင်းများကောက်ခံထားကြောင်း၊ လက်ရှိတွင် ဥဿာမြို့သစ် ရပ်ကွက်ကြီး ၈၊ ဆပ်ပြာကျင်း၊ ဝါးမရမ်းကျေးရွာ အပါအဝင် လေဆိပ်စီမံကိန်းနယ်မြေအတွင်း ကျူးကျော်အိမ်များနှင့် ဘုန်းတော်ကြီးကျောင်း ၁၂၀၀ ကျော်ခန့်ရှိနေကြောင်း တိုင်းအစိုးရက ထုတ်ပြန်သည်။

ပဲခူးမြို့အနီး တည်ဆောက်ရန် ပြင်ဆင်နေသည့် ဟံသာဝတီလေဆိပ်သစ်ကြီးကို ယခင် အစိုးရဟောင်း လက်ထက်ကိုရီးယားနိုင်ငံ အင်ချွန်းနိုင်ငံတကာ ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်ပျက်ပြယ်သွားသည့်အပြင် ဂျပန်နိုင်ငံမှ GC-Yangnam Changi Airport Internationalနှင့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ပြီး ၂၀၂၂ တွင် စီမံကိန်းပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း တိုင်းအစိုးရထံမှ သိရသည်။ ■ **R-15**


ဓာတ်ပုံ - (ကျိုင်းတုံလူငယ်စင်တာ)

# ရှမ်းအရှေ့တွင် ရပ် / ကျေးအုပ်ချုပ်ရေးမှူး ၂၇၀ ရွေးချယ်မည်

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်များတွင် ဒီဇင်ဘာလ တတိယပတ်မှ စတင်ကာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ၂၇၀ ဦးကို ရွေးချယ်မည်ဖြစ်ကြောင်း ကျိုင်းတုံမြို့ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဖြစ် နှစ်ကြိမ်ထမ်းဆောင်ပြီးသူတွေအနေနဲ့ ဥပဒေအရ ရွေးချယ်ပိုင်ခွင့် မရှိတော့ပါဘူး၊ ရပ်ရွာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလိုသူတွေအနေနဲ့ သတ်မှတ်စည်းကမ်းပြည့်စုံရင် အရွေးချယ်ခံလို့ရပါတယ်" ဟု ၎င်းကဆိုသည်။

ကျိုင်းတုံခရိုင်ရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အသစ်ထပ်မံရွေးချယ်ရန်အတွက် စိစစ်ရွေးချယ်ရေး ငါးဦး ကော်မတီကို စတင်ဖွဲ့စည်းနေကြောင်း၊ အငြင်းပွားမှုကင်းရှင်းစွာနှင့်လွတ်လပ်စွာရွေးချယ်နိုင်ရန်အတွက် ယင်းကော်မတီဝင်များကို သင်တန်းပေးပြီးပါက ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် စတင်ရွေးချယ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် အပြီးရွေးချယ်မည်ဖြစ်ကြောင်း ယင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက ပြောကြားသည်။

"အသစ်ရွေးချယ်တော့မယ့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိအောင် မနေ့ကစပြီး လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးနေပါတယ်"ဟု ကျိုင်းတုံလူငယ်စင်တာ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆုမ်ဝုန်းက ပြောဆိုသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်နှင့်မိုင်းဆတ်ခရိုင်တို့တွင် ကျေးရွာပေါင်း ၂၉၁၈ ရွာရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ၇၇ ဦးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၉၃ ဦး တာဝန်ထမ်းဆောင်နေကြောင်း သိရသည်။ ■ **R-16**

# လေးမျက်နှာတွင် ကျုံပဒိုးချောင်းကို အစိုးရက ပြန်တူးဖော်မည်

**ဟင်္သာတ၊ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာနှင့် ဟင်္သာတမြို့နယ်ရှိ လယ်ကေပေါင်း ၉၀၀၀ နီးပါးကို အကျိုးပြုနိုင်မည့် ကျုံပဒိုးချောင်းကို တူးဖော်မည်ဖြစ်ကြောင်း လေးမျက်နှာမြို့နယ် အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်က ပြောကြားသည်။

အဆိုပါချောင်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၀ အသုံးပြုကာ အရှည်မိုင် ၅ ဒသမ ၀၂ မိုင် တူးဖော်မည်ဖြစ်ကြောင်း၊ အဆိုပါချောင်း တူးဖော်ပြီးပါက လယ်ကေ ၉၀၀၀ နီးပါးမှာ ရေကြီးနစ်မြုပ်သည့် ဘေးဒဏ်မှ လွတ်ကင်း၍ အပျက်အစီး နည်းမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

၂၀၁၆ ခုနှစ် နွေရာသီက ဟင်္သာတမြို့နယ် ဧရိယာအတွင်းကျုံပဒိုးချောင်းကို တူးဖော်လိုက်ခြင်းကြောင့် လေးမျက်နှာမြို့နယ်ရှိ လယ်ကေများစွာ ရေကြီးနစ်မြုပ်ခဲ့ ကြောင်း၊ လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့် တောင်သူများ၏ တောင်းဆိုချက်အရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ်တွင် တူးဖော်ခွင့်ပြုခဲ့ကြောင်း၊ မြို့နယ် ၂ ခုရှိ ကျေးရွာအုပ်စု ၈ အုပ်စု အတွက် တူးဖော်ခြင်းဖြစ်သောကြောင့် ရန်ပုံငွေ အလေအလွင့်မရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ကျုံပဒိုးချောင်း တူးဖော်ရေးလုပ်ငန်း ကို စက်ယန္တရားများ အဝင်အထွက်ကောင်း နိုင်မည့် ဒီဇင်ဘာလကုန်ပိုင်းတွင် စတင်တူး ဖော်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းမစတင်မီ ကျေးရွာရပ်မိရပ်ဖများ၊ တောင်သူများ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လွှတ် တော်ကိုယ်စားလှယ်များက လုပ်ငန်းများ ကြီးကြပ်နိုင်ရေးအတွက်ကော်မတီများ ဖွဲ့စည်းနေကြောင်း၊ ယင်းအပြင်လမ်းရှင်း လင်းရေး လုပ်ငန်းများ စတင်လုပ်ကိုင်မှာဖြစ်ကြောင်း ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက ပြောကြားသည်။

■ **R-13**

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)

ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)


ဓာတ်ပုံ – မောင်မျိုးထက်

# ပုသိမ်ရှိ လူနေအိမ်တစ်ခုပေါ် လေယာဉ်အစိတ်အပိုင်းတစ်ခုပြုတ်ကျ

**ပုသိမ်၊ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၁ ရပ်ကွက် ငါးအောက်ချောင်းတိုးချဲ့ ၄လမ်းရှိ ဦးသက်ဦး၏နေအိမ်ခေါင်မိုးပေါ်သို့ လေယာဉ်တစ်စီး၏လေယာဉ်အစိတ်အပိုင်းပြားတစ်ခု ဒီဇင်ဘာလ ၃ ရက် ညနေ ၆ နာရီခွဲဝန်းကျင်က ပြုတ်ကျခဲ့ကြောင်း အိမ်ရှင်မိသားစုထံမှ သိရသည်၊

အဆိုပါအစိတ်အပိုင်းသည် အလေးချိန် ၅၅ ကျပ်သားရှိပြီး အလျားမှာ ၁၉ လက်မနှင့် ၁၆ လက်မ၊ အနံမှာ ၁၀ လက်မခွဲနှင့် သုံးလက်မ၊ ထုတစ်လက်မ ရှိကြောင်း ပုသိမ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးသူက ပြောကြားသည်။

“ခေါင်မိုးအပေါ် ဒုန်းခနဲတစ်ခုခု ကျသံကြားလို့ အိမ်ပြင်ထွက်ကြည့်တာ ဘယ်သူမှမတွေ့ဘူး၊ လေယာဉ်ပျံအသံလည်း မကြားမိဘူး၊ ဒါနဲ့ အိမ်ထဲပြန်ဝင်ပြီးခေါင်မိုးကို စစ်ဆေးတော့ မီးဖိုချောင်ခန်းအမိုးမှာ သွပ်ကိုပေါက်ပြီး စိုက်ဝင်နေတဲ့ ဒီအဖြူပြားကိုတွေ့တာ” ဟု အိမ်ရှင် ဦးသက်ဦးကဆိုသည်။

ယင်းအစိတ်အပိုင်းကို မည်သည့်ဒြပ်သတ္တုဖြင့်ပြုလုပ်သည်ကို ပြောမပြနိုင်သေးကြောင်း လေယာဉ်တစ်စီး၏ ဝမ်းဗိုက် တောင်ပံတို့တွင် တပ်ဆင်လေ့ရှိသည့် အင်တာနာအစိတ်အပိုင်းဖြစ်နိုင်ကြောင်း အခင်းဖြစ်ပွားရာသို့လာရောက် စစ်ဆေးသည့် ပုသိမ်လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိ ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိသူကပြောသည်။

ယင်းနောက် ထိုအစိတ်အပိုင်းသည် တပ်မတော်စစ်လေယာဉ်နှင့် ပုသိမ်လေကြောင်းစခန်းမှ လေယာဉ်များ၏အစိတ်အပိုင်း မဟုတ်ကြောင်း ယင်းနေရာပေါ် ဖြတ်သန်းပြန်သွားသည့် လေယာဉ်တစ်စီးစီးမှဖြစ်နိုင်ကြောင်း၊ မည်သည့်လေကြောင်းလိုင်းမှ ဖြစ်သည်ကို စစ်ဆေးသိရှိရန် ယင်းအစိတ်အပိုင်းကို သိမ်းဆည်းကြောင်း ပုသိမ်လေတပ်စခန်းဌာနချုပ်ထံမှ သိရသည်။

■ R-12

# ပြည်မြို့ဆေးဆိုင်ကြီးများကို စစ်ဆေးမည်

**ပြည်၊ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့ရှိ ဆေးဝါးလက်ကား ဖြန့်ဖြူးရောင်းချသော ဆေးဆိုင်ကြီးများတွင် ဆေးဝါးအထားအသိုရောင်းချနေမှုများနှင့် ပတ်သက်၍ စစ်ဆေးထိန်းချုပ် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြည်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)ပြည်တာဝန်ခံ ဒေါက်တာ စိုးသက်နောင်က ပြောကြားသည်။

နိုဝင်ဘာလက ဆေးဆိုင်ကြီးများကို ပဲခူးတိုင်း FDAမှ ကွင်းဆင်း စစ်ဆေးခြင်း အသိပညာပေးခြင်းတို့ပြုလုပ်ခဲ့ပြီး လက်ကားရောင်းချသည့် ဆိုင်များအား အဓိကထား စစ်ဆေး ထိန်းချုပ်သွားမည်ဖြစ်ကြောင်း အဆိုပါရုံးထံမှ သိရသည်။

“အဓိကက လက်ကားရောင်းတဲ့ ဆေးဆိုင်ကြီးတွေ ဆေးဝါးအရည်အသွေး ထားသိုမှု မဟုတ်လို့ ဆေးဝါးအရည်အသွေးကျရင် သူတို့ဆီက တစ်ဆင့်ယူပြီး ရောင်းတဲ့ဆိုင်တွေလည်း အရည်အသွေးကျတဲ့ ဆေးဝါးတွေပဲဖြစ်လာလိမ့်မယ်” ဟု ဒေါက်တာစိုးသက်နောင်ကပြောသည်။

ဆေးဝါးများမှာ ဆေးအာနိသင်အလိုက် နွေးသောနေရာ၊ နေရောင်မကျရောက်သည့်နေရာသတ်မှတ်ချက် အလိုက်ထားသိုသင့်ပြီး သတ်ချက်အတိုင်းမထားပါက ဆေးအာနိသင် ပျက်ပြယ်တတ်သည့်အတွက် အဓိကထား ထိန်းချုပ်စစ်ဆေးမည်ဖြစ်ကြောင်း၊ ဆေးဆိုင်ပိုင်ရှင်များကိုလည်း အသိပေးဟောပြောမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အောက်တိုဘာလက ပြည်မြို့ရှိ ဆေးဆိုင် ၁၀ ဆိုင်အား လိုက်လံစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဆေးဝါးရောင်းချခွင့်လိုင်စင်မရှိဘဲ ရောင်းနေသောဆိုင် ၁ ဆိုင်အား ရောင်းချနေသော ဆေးဝါးများ သိမ်းဆည်းခြင်းနှင့် ထပ်မံမရောင်းချရန်နှင့် ဆက်လက်ရောင်းချလိုပါက စနစ်တကျ လိုင်စင်လျှောက်ရောင်းချရန် ညွှန်ကြားမှုများပြုလုပ်ခဲ့ကြောင်း ပြည်ခရိုင် FDA မှစုံစမ်းသိရှိရသည်။

■ M-06

# ရထားသံလမ်းကူး တံခါးကို ဆိုင်ကယ်တိုက်၊ နှစ်ဦးသေဆုံး

**တောင်ငူ၊ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန် - မန္တလေး လမ်းဟောင်းမိုင်တိုင် ၅၂ အနီး ကလိကျေးရွာ မီးရထားသံလမ်းကူး မောင်းတံဂိတ်ကို ဒီဇင်ဘာလ ၄ရက် နံနက် ၃နာရီခန့်က ဆိုင်ကယ်ဖြင့် တိုက်မိကာနှစ်ဦးသေဆုံးခဲ့ကြောင်း ပဲခူးမြို့မရဲစခန်းထံမှ သိရသည်။

ဘုရားကြီးမြို့ဘက်မှ ပဲခူးမြို့သို့ ကိုချစ်ကို(၂၆နှစ်)မောင်းလာပြီး ကိုမောင်ဝေ (၁၉နှစ်)၊ ကိုအောင်သီဟ(၁၆နှစ်)တို့ လိုက်ပါလာသော မော်တော်ဆိုင်ကယ်က သံလမ်းကူး မောင်းတံဂိတ်တံခါးကို အရှိန်ဖြင့် ဝင်တိုက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူနှင့် ကိုမောင်ဝေတို့ သေဆုံးကာ ကျန်တစ်ဦးတွင်လည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း ပဲခူးမြို့မရဲစခန်းမှ ဒုရဲအုပ်တစ်ဦးက ပြောကြားသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းကိုချစ်ကိုကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က ၊ ၃၃၈ဖြင့် အမှုဖွင့်ထားကြောင်း ပဲခူးမြို့မရဲစခန်းထံမှ သိရသည်။

■ R-15

# အမျိုးသားတစ်ဦး အိမ်မီးရှို့ရာမှ သုံးဦးသေဆုံး

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း တုံတာမြို့ ပန်နောင်လုံရွာတွင် ဒီဇင်ဘာလ ၃ ရက် ညနေ ၅ နာရီက ဆေးကြောင်နေသော အမျိုးသား နေအိမ်မီးရှို့ရာမှ ဇနီးနှင့် ကလေး ၂ဦး အပါအဝင် သုံးဦးသေဆုံးခဲ့ကြောင်း တုံတာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းညွန့်က ပြောကြားသည်။

“ကောင်လေးက ဆေးကြောင်ပြီး အိမ်ကိုမီးရှို့တဲ့အတွက် သူ့မိန်းမနဲ့ ကလေးနှစ်ဦး သေဆုံးခဲ့တယ်၊ သူကထွက်ပြေးနေလို့လိုက်ရှာခဲ့တာမှာ ဒီမနက် ၁၀ နာရီက ရွာနားမှာ သူ့ပိုက်ကို ဓားနဲ့ထိုးပြီး သေကြောင်းကြံခဲ့တယ်၊ စိုးရိမ်ရလို့ ကျိုင်းတုံဆေးရုံကို သွားကုနေတယ်” ဟု ၎င်းကဆိုသည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ ၂၀ ပတ်လည်သွပ်မိုး၊ သက်ငယ်ကာကြမ်းခင်း အိမ်တစ်လုံးနှင့် ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးပြီး မီးရှို့သူ၏ အသက် ၂၃ နှစ် အရွယ် ဇနီး၊ ၅နှစ်သား ယောကျ်ားလေးတစ်ဦးနှင့် တစ်နှစ်အရွယ်သမီးတစ်ဦးတို့ မီးလောင်သေဆုံးခဲ့ကြောင်း၊ မီးရှို့သူကိုရာဇသတ်ကြီး ပုဒ်မ ၃၄၆ ၊ ၃၀၄-ကဖြင့် အမှုဖွင့်ထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

■

# နာဂရိုးရာနှစ်သစ်ကူးပွဲ နာဂရိုးရာ အားကစားနည်းများ ထည့်သွင်းကျင်းပမည်

**ကလေး၊ ဒီဇင်ဘာ ၄**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် ကျင်းပမည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂရိုးရာ အားကစားနည်းများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု (ဗဟို) ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွဋ် က ပြောကြားသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၆ ရက်အထိ နန်းယွန်းမြို့တွင် ကျင်းပမည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂမျိုးနွယ်စု အဖွဲ့ ၂၀၏ အကများ ပါဝင်မည်ဖြစ်သကဲ့သို့ နာဂရိုးရာ အားကစားနည်းများဖြစ်သည့် သစ်အမြန်ခုတ် ပြိုင်ပွဲ၊ နပန်းပြိုင်ပွဲများ ပါ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

“တကယ့်ကို အားသွန်ခိုက်စိုက်နဲ့ ပြိုင်ရတဲ့ ပြိုင်ပွဲကြီးပါပဲ၊ တိုင်းရင်းသား တိုင်းရင်းသားတိုင်းမှာ ရိုးရာယဉ်ကျေးမှုဓလေ့ အားကစားတွေရှိတယ်၊ နာဂရဲ့ အာကစားဆိုတဲ့ နည်းလေးတွေ အရင်ရှိခဲ့တဲ့ဟာကို ကျွန်တော်တို့က ပျောက်ကွယ်နေတဲ့ဟာကိုပြန်လည်ဖော်ထုတ်တဲ့ အစိတ်အပိုင်းပါ” ဟု ဥက္ကဋ္ဌ ဦးအောင်ထွဋ်က ပြောသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက လဟယ်မြို့တွင် ကျင်းပခဲ့သည့် နာဂရိုးရာနှစ်သစ်ကူးပွဲမှ စတင်ကာနာဂရိုးရာ နှစ်သစ်ကူးပွဲ သစ်အမြန်ခုတ် အားကစားနည်းကို စတင်ထည့်သွင်း ကျင်းပခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရှိ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ဗဟိုရုံးတွင် ဒီဇင်ဘာလ ၂ ရက်နေ့မှ စတင်ကာ ၂ ရက်အကြာ ကျင်းပခဲ့သည့် နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု (ဗဟို)ကော်မတီ နှစ်ပတ်လည် ဆွေးနွေးပွဲအပြီး ထုတ်ပြန်ချက်အရ သိရသည်။

ယင်းဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့မှုအရ ၂၀၁၉ ခုနှစ်မှစ၍ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကိုနာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု (ဗဟို) အဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပနိုင်ရန် ဆွေးနွေး ဆုံးဖြတ်ခဲ့ကြောင်း နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု (ဗဟို) ကော်မတီထံမှ သိရသည်။

■ R-20

# မွန်တွင် ရွှေတူး လိုင်စင်ချထားပေးခြင်းမရှိဟု ပြည်နယ်ဝန်ကြီးပြော

**မော်လမြိုင်၊ ဒီဇင်ဘာ ၄**

မွန်ပြည်နယ်တွင် ရွှေတူးဖော်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအနေနှင့် တရားဝင်ချထားပေးခြင်း မရှိကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်းက ပြောကြားသည်။

ဒီဇင်ဘာလ ၄ ရက်က ပြုလုပ်သည့် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာ ခင်နိုင်ဦး၏ ရွှေတူးဖော်ခြင်း လုပ်ငန်းနှင့် ပတ်သက်၍ မေးခွန်းမေးမြန်းရာ ၎င်းကအထက်ပါအတိုင်း ဖြေကြားသည်။

“မွန်ပြည်နယ်အနေနဲ့ ပေးထားတာ မရှိဘူး၊ ပြည်ထောင်စုက ပေးထားတာပဲရှိတယ်၊ ပြည်ထောင်စုက ချထားပေးတာက ၂ ခုရှိတယ်၊ ဒီလုပ်ငန်းတွေကို စိစစ်ဖို့ကျတော့ ကျွန်တော်တို့ ပြည်နယ်ကနေ စစ်ဆေးတာတွေတော့ရှိတယ်၊ ထိုလုပ်ကွက်နှစ်ခုမှာ လုပ်နည်းပုံစံမတူညီကြဘူး” ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်းက ပြောသည်။

ယခုလက်ရှိ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ထွန်းဟိန်လျံကုမ္ပဏီနှင့် မြန်မာရွှေပြည်ဟိန်း ကုမ္ပဏီတို့ကို ချထားပေးကြောင်း၊ ထိုကုမ္ပဏီနှစ်ခုမှ မျှောတိုက်စနစ်နှင့် ပြုလုပ်ကြောင်း ကုမ္ပဏီတစ်ခုမှာ ကျောက်များကို တူးဖော်၍ ပြဒါးဖြင့် ဖမ်းယူကြောင်း၊ ထိုလုပ်ကွက်နှစ်ခုစလုံးကို ပြည်နယ်အစိုးရအနေနှင့် စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဝန်ကြီးက ရှင်းပြသည်။

“ဥပဒေအရဆိုရင် အကြီးစား၊ အလတ်စား၊ အသေးစား၊ လက်လုပ်လက်စား ၄ခုရှိတယ်၊ ဥပဒေအရဆိုရင် ၄ ခုလုံးက ခွင့်ပြုချက်ယူရမယ်၊ သတ္တုဥပဒေ ပုဒ်မ (၆) က အရ၊ စိစစ်ရေးအဖွဲ့ ဖွဲ့ခွင့်ရှိတယ်၊ အဲဒါကို ပြည်နယ်တိုင်းအစိုးရကို ပေးလိုက်ရင် အသေးစားနဲ့ လက်လုပ်လက်စားကို ကျွန်တော်တို့ ခွင့်ပြုပေးလို့ရတယ်”ဟု ဝန်ကြီးက ပြောသည်။

ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင် လက်လုပ်လက်စား တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ရေး လုပ်ငန်းများ လုပ်ကိုင်မှုများ ရှိနေပြီး တိုင်ကြားမှုရှိပါက ပြည်နယ်အစိုးရအနေနှင့် အရေးယူမည်ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်တွင် သတ္တုတွင်း နည်းဥပဒေ အသစ်မထွက်မချင်း မည်သည့် ရွှေတူးဖော်မှုမှ လိုင်စင်ချပေး၍ မရကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

“ရွှေတူးဖော်မှု လုပ်ကွက်ရှိနေတယ်လို့ ဒေသခံတွေ သတင်းပို့တာရှိတယ်၊ ဒါကတော့ နှုတ်အားဖြင့် ပြောလာတာရှိတယ်၊ အဓိကတော့ သဲဖြူချောင်း တစ်ဝိုက်မှာ လုပ်နေတယ်လို့အကြမ်းဖျင်း သိထားရတယ်၊ ဒီသဲဖြူချောင်းမှာ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ရွှေတူးဖော်လုပ်ငန်းမလုပ်ဖြစ်အောင် တားနိုင်ဖို့အတွက် ကျွန်တော်တို့ ပြည်နယ်အစိုးရကို အသိပေးရမှာပဲ” ဟု ဘီးလင်းမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်နိုင်ဦးက ပြောသည်။

သဲဖြူချောင်း အထက်ဘက်တွင် ရွှေတူးဖော်မှု လုပ်ငန်းကြောင့် ၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးတောင်သူများအတွက် စပါးအောင်ရေးရရှိမှု မလုံလောက်သည့် ပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့သောအဖြစ်မျိုး မဖြစ်စေရန် ယခုကဲ့သို့ ကြိုတင်ကာကွယ်မှု ပြုလုပ်သည့်အနေနှင့် အစိုးရထံသို့ မေးမြန်းရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မွန်ပြည်နယ်တွင် သတ္တုတွင်းထုတ်လုပ်မှုနှင့် ပတ်သက်၍ ရွှေတူးဖော်မှုလုပ်ငန်း၊ ခနောက်စိမ်း တူးဖော်မှုလုပ်ငန်းများ၊ ကျောက်တူးဖော်မှုလုပ်ငန်းများအပြင် အခြားသတ္တုတူးဖော်သည့် လုပ်ငန်းများ စွာရှိကြောင်း ပြည်နယ်အစိုးရထံမှ သိရသည်။

■ R -21



ဓာတ်ပုံ – ရန်နိုင်

# မိုင်းလားတင်ပို့မည့် ဝက်ဝံခြေလက်များနှင့် သင်းခွေချပ်အရှင်တစ်ကောင် ဖမ်းမိ

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းခတ်လမ်း ဝမ်တာပုံ တံတားစစ်ဆေးရေးဂိတ်တွင် ဒီဇင်ဘာ ၄ ရက်မွန်းလွဲပိုင်းက မော်တော်ယာဉ်တစ်စီးပေါ်မှ ဝက်ဝံခြေလက်များနှင့် သင်းခွေချပ်အရှင်တစ်ကောင်ကိုရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်။

“မိုင်းလားသွားမယ့် ကုန်နဲ့ခရီးသည်တွေပါတဲ့ကားကိုစစ်ဆေးရင်းကနေ မသင်္ကာတဲ့အတွက် စခန်းကို ပြန်မောင်းလာပြီး ပူးပေါင်းအဖွဲ့နဲ့ ရှာဖွေခဲ့တယ်၊ ဝက်ဝံ အသေရဲ့ လက်နှစ်ချောင်းနဲ့ခြေနှစ်ချောင်း အပါအဝင် သင်းခွေချပ်အရှင်တစ်ကောင်ပါ တွေ့ရှိခဲ့တယ်” ဟု ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းအောင်က ပြောကြားသည်။

တောရိုင်းတိရစ္ဆာန်များ သယ်ဆောင်သူ ဦးစိုင်းဝန်း(၄၂နှစ်) နှင့် ယာဉ်မောင်း ဦးစိုင်းရှုန်(၅၄နှစ်)တို့ကို တောရိုင်းတိရစ္ဆာန်များကာကွယ်ရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်နေကြောင်း ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနထံမှ သိရသည်။

■ R-16

# ရွှေဘို- ညောင်ပင်သာ လမ်းပေါ် ကျူးကျော်ဆောက်လုပ်သော ဆိုင်ခန်းများ ဖယ်ရမည်

**ရွှေဘို၊ ဒီဇင်ဘာ ၄**

ရွှေဘို- ညောင်ပင်သာ လမ်းနယ်မြေသို့ဝင်ရောက်ကျူးကျော်ဆောက်လုပ်သော ဈေးဆိုင်များအနေနှင့် တစ်ပတ်အတွင်း ဖယ်ရှားပေးရန်နှင့် ဖယ်ရှားပေးခြင်း မရှိပါက တရားစွဲဆိုမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်အေးအေးမွန်ကပြောသည်။

ရွှေဘို-ညောင်ပင်သာ-ရေဦး လမ်းပိုင်း ၁၃မိုင် ၅ဖာလုံ ရှိ လမ်းဘေးဝဲယာရှိကျူးကျော်တဲများ၊ ဈေးဆိုင်များ၊ ကျူးကျော်နေအိမ်များကို နိုဝင်ဘာလ ၂၀ရက်က အသိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျူးကျော်နေထိုင်သူ ၂၀၀ ကျော်ကို နောက်ဆုံးအကြိမ် သတိပေးခဲ့ပြီး တစ်ပတ်အတွင်း မဖယ်ရှားပါက လမ်းမကြီးများဥပဒေ၊ နည်းဥပဒေများနှင့် အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ရွှေဘို-ညောင်ပင်သာ လမ်းပိုင်း ကျေးရွာ ၉ ရွာမှ ကျူးကျော်တဲ၊ နေအိမ်ဆိုင်ခန်းအချို့ ဖယ်ရှားနေသော်လည်း အချို့နေအိမ်ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်း မရှိသေးကြောင်း အဆိုပါ ဒေသခံများထံမှ သိရသည်။

ယခုရွှေဘို- ညောင်ပင်သာ လမ်းပိုင်း ကျူးကျော်များ ဖယ်ရှားပြီးပါက BOT လမ်းပိုင်း မန္တလေး-စစ်ကိုင်း - ရွှေဘိုလမ်း၊ ရွှေဘို-မြစ်ကြီးနား လမ်း ၈ မိုင် ၄ ဖာလုံ၊ ရွှေဘို - ကျောက်မြောင်းလမ်း ၁၀ မိုင် ၂ဖာလုံ၊ မုံရွာ - သာစည် - နောင်ကြီးအိုင်-မူးကမ်းကြီး ဆိပ်ခွန် ရွှေဘိုလမ်း ၁၂ မိုင် ၆ဖာလုံ စုစုပေါင်း ၄၅ မိုင် ၂ ဖာလုံ လမ်းမကြီးဘေးရှိ ကျူးကျော်များ ဆက်လက်ဖယ်ရှားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ )ဒေါ်အေးအေးမွန်က ပြောသည်။ ■

# ရေဝတီတိုင်းလွှတ်တော် အစည်းအဝေး ဒီဇင်ဘာ ၁၂ ရက်တွင် စတင်မည်

**ပုသိမ်၊ ဒီဇင်ဘာ ၄**

ဒုတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ ၁၂ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ရုံးမှ သိရသည်။

အဆိုပါ လွှတ်တော်အစည်းအဝေးတွင် ဘတ်ဂျက်နှင့် ဥပဒေကြမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ရက်တွင် စတင် ကျင်းပခဲ့ကြောင်း၊ ယခုအချိန်အထိ ပုံမှန်အစည်းအဝေး ၈ကြိမ်၊ အထူး အစည်းအဝေး တစ်ကြိမ်၊ အရေးပေါ်အစည်းအဝေး တစ်ကြိမ် ကျင်းပခဲ့ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် က ပြောကြားသည်။

ယခု လွှတ်တော်အစည်းအဝေးတွင် မဲဆန္ဒနယ်အတွင်းရှိ ရွာချောင်းကူး တံတား ကျိုးကျမှုကြောင့် ဆက်သွယ် သွားလာရေး ခက်ခဲနေမှုကိစ္စနှင့် မြေသိမ်းမှုကိစ္စတို့ကို မေးခွန်း မေးမြန်းသွားမည်ဖြစ်ကြောင်း မြောင်းမြမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး ကပြောပြသည်။

■ R-11

သတင်းကိစ္စ ဆက်သွယ်လိုပါက . . . ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ဆဲလ်တစ်၊ ဘာစီလိုနာနဲ့ မန်ယူတို့ကို ယုံကြည်စွာနဲ့ လက်တွဲထားလိုက်ပါရစေ

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ် ၆ (ပထမည) ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ဒီနေ့မှာတော့ ချန်ပီယံလိဂ် အုပ်စုအဆင့်ရဲ့ အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ဖြတ်သန်းကြရတော့မှာပဲဖြစ်ပါတယ်။ အုပ်စု(က)မှာ ဘေဆယ်နဲ့စီအက်စ်ကေအေမော်စကိုတို့က အသက်ရှိနေဆဲဖြစ်သလို မန်ယူကလည်း အုပ်စုဗိုလ်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် အမှတ်ရှာဖွေရဦးမှာပါပဲ။ အုပ်စု(ဃ)ကို ကြည့်လိုက်ပြန်တော့လည်း ဂျူဗင်တပ်နဲ့ စပို့တင်းလစ္စဘွန်းတို့အနက် ဘယ်အသင်းခြေချော်ပြီး ယူရိုပါလိဂ်ဆီ ရောက်သွားလေမလဲဆိုတာက စိတ်ဝင်စားစရာဖြစ်လို့နေပါတယ်။ ဘိုင်ယန်မြူးနစ်နဲ့ ပီအက်စ်ဂျီတို့ရဲ့ပွဲစဉ်ကတော့ ပထမအကျော့ရှုံးကြွေးကို ဘိုင်ယန်မြူးနစ် ပြန်ဆပ်သွားလေမလား ဒါမှမဟုတ် ပီအက်စ်ဂျီကပဲ ရာနှုန်းပြည့် နိုင်ပွဲရလဒ်ကို ရယူသွားလေမလဲ စောင့်ကြည့်ရမယ့်ပွဲစဉ်ပါပဲ။




### ဘင်ဖီကာ - ဘေဆယ်

ကစားခဲ့ပြီးတဲ့အုပ်စုပွဲစဉ် ငါးပွဲလုံး ရှုံးထားတယ်၊ အုပ်စုကနေ ထွက်ရဖို့ သေချာသွားပြီးချိန်မှာ အလားအလာရှိတဲ့ လူငယ်တွေနဲ့ အရန်ကစားသမားတွေကို ထည့်သွင်း စမ်းသပ်တာမျိုးတွေ လုပ်လာခဲ့တယ်၊ ဒါဟာ ဘင်ဖီကာရဲ့ဖြစ်တည်နေမှု အခြေအနေပါပဲ။ ဘေဆယ်ကတော့ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက် ဒီပွဲမှာ အနိုင်ရလဒ်ကို ရယူနိုင်ဖို့ လိုအပ်ချက်ရှိနေဆဲပဲဖြစ်ပါတယ်။ ဘင်ဖီကာဟာ အိမ်ရှင်အားသာချက်ကို လက်ကိုင်ပြုပြီး သရေတစ်မှတ်လောက်တော့ ရှာဖွေရယူသွားနိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ဘင်ဖီကာကို ကြိုက်တယ်။

### မန်ယူ - စီအက်စ်ကေအေမော်စကို

မန်ယူကို ရှုထောင့်နှစ်ဖက်ကနေပြီး ချဉ်းကပ်လို့ ရနိုင်တဲ့အခြေအနေတွေရှိနေပါတယ်။ မန်စီးတီးနဲ့ပွဲစဉ်အတွက်ရည်ရွယ်ပြီး ဒီပွဲမှာ အသင်းအဓိကကစားသမားအချို့ကို မန်ယူ အနားပေးထားလေမလားဆိုတဲ့ လမ်းက သွားချင်ရင် သွားနိုင်သလို မန်စီးတီးနဲ့ပွဲစဉ်မတိုင်ခင် အသင်းရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာကို နိုင်ပွဲတစ်ပွဲနဲ့အတူ မန်ယူက အမြင့်ဆုံးအထိ ဆွဲတင်သွားလေမလား ဆိုတဲ့လမ်းကလည်း လိုက်ချင်ရင် လိုက်နိုင်ပါတယ်။ အိုးလ်ထရက်ဖို့ဒ်ဖြစ်တယ်၊ မော်ရင်ညိုရဲ့အိမ်ကွင်းမှတ်တမ်းကို ယုံတယ်၊ ဒုတိယလမ်းကနေပြီး ကျွန်တော်တို့ လျှောက်ကြည့်ကြရအောင်ပါ။ မန်ယူကို သဘောကျမိတယ်။

### ဘိုင်ယန်မြူးနစ် - ပီအက်စ်ဂျီ

အနိုင်ရလဒ်ကို ရယူနိုင်ခဲ့ရင်တောင် သွင်းဂိုးကွာဟချက်အရ ဘိုင်ယန်မြူးနစ်က အုပ်စုဗိုလ်နေရာကို ရနိုင်တော့မှာမဟုတ်ပါဘူး။ စထရာဘော့ဂ်ျကို ရှုံးနိမ့်ခဲ့တဲ့ပွဲတုန်းက ကာဗာနီနဲ့ ဗာရတ်တီတို့လို ကစားသမားတွေကို အရန်အဖြစ်သာ ထားရှိခဲ့တာဟာ ဒီပွဲမှာ အင်ပြည့်အားပြည့် သုံးချင်လို့ပဲလားလို့ ပီအက်စ်ဂျီနည်းပြ ယူနိုင်းအမ်မရီနေရာကဝင်ပြီး စဉ်းစားမိပါတယ်။ မလိုအပ်တော့တဲ့ ပွဲတစ်ပွဲမှာ အနာခံပြီး ရုန်းကန်ရလောက်တဲ့အထိ ပီအက်စ်ဂျီကစားသမားတွေ မိုက်လုံးမကြီးလောက်ပါဘူး။ ဘိုင်ယန်မြူးနစ် ကပ်နိုင်သွားနိုင်ပါတယ်။

### ဆဲလ်တစ် - အန်ဒါလက်ချ်

သင်္ချာနည်းအရတော့ အန်ဒါလက်ချ်ဟာ သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့ရင် ယူရိုပါလိဂ်ဘက်ကို ခရီးဆက်နိုင်ဖို့ ရှိနေပါတယ်။ ဒါပေမဲ့ ကစားခဲ့ပြီးတဲ့ ပွဲစဉ်ငါးပွဲလုံးမှာ အရှုံးရလဒ်တွေနဲ့ချည်း ရှုံ့ရှုံ့စိုခဲ့ရတဲ့ အန်ဒါလက်ချ်လို အသင်းမျိုးကို အိမ်ကွင်းမှာ ရှုံးချပစ်လိုက်ဖို့အထိ ဆဲလ်တစ်ဟာ မညံ့ဖျင်းသေးပါဘူး။ မနှစ်တုန်းက ယူရိုပါလိဂ်ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့တဲ့ အန်ဒါလက်ချ်ရဲ့အစွမ်းအစတွေဟာ ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်ပါပြီ။ ဆဲလ်တစ်ကို သဘောကျမိတယ်။

### ချယ်လ်ဆီး - အက်သလက်တီကို

ချယ်လ်ဆီးဟာ နောက်တစ်ဆင့်ဆီ တက်ရောက်ခွင့်ရထားပြီးပါပြီ။ ဒါပေမဲ့ အုပ်စုဗိုလ်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် ဒီပွဲဆီက အနိမ့်ဆုံးအဖြစ် သရေတစ်မှတ် ရယူနိုင်ဖို့ ချယ်လ်ဆီး လိုအပ်နေဆဲပါပဲ။ အက်သလက်တီကိုကလည်း ရိုးမားသာ ခြေချော်လက်ချော်ဖြစ်ခဲ့ရင် အုပ်စုဒုတိယနေရာကို ရယူနိုင်ဖို့ မျှော်လင့်ချက်ရှိနေသေးတာကြောင့် တတ်နိုင်သမျှ အားထည့်ရုန်းကန်သွားဖို့ ရှိနေပါတယ်။ ဘာပဲဖြစ်ဖြစ် စတမ်းဖို့ဒ်ဘရစ်ချ်မှာတော့ ချယ်လ်ဆီး ခြေချော်လက်ချော် မဖြစ်လောက်ပါဘူး။ ချယ်လ်ဆီးကို အားပေးမယ်။

### ရိုးမား - ကာရာဘတ်ဂ်ျ

ဒီပွဲကို အနိုင်ရလိုက်မယ်ဆိုရင် ချယ်လ်ဆီးနဲ့အက်သလက်တီကိုတို့ရဲ့ ပွဲစဉ်ရလဒ်က ရိုးမားဆီကို ဘာအကြောင်းနဲ့မှ ရိုက်ခတ်လာစရာ အကြောင်းမရှိတော့ပါဘူး။ အနိမ့်ဆုံးအဖြစ် အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်မှာဖြစ်သလို တစ်ဖက်မှာ ချယ်လ်ဆီးသာ ခြေချော်လက်ချော်ဖြစ်သွားခဲ့ရင် အုပ်စုပထမနေရာကိုတောင် ရိုးမားက ရည်မှန်းခွင့်ရသွားပါလိမ့်မယ်။ ကာရာဘတ်ဂ်ျဟာ ခံစစ်ကိုပိတ်ပြီး သရေရလဒ်ရယူနိုင်ဖို့ကိုသာ ဦးတည်ပါလိမ့်မယ်။ ရိုးမားရဲ့အနိုင်ရလဒ်ကို သုံးဂိုးအကွာ ပြတ်သားမှုအထိ တောင်းဆိုထားပေမယ့် စွန့်စားချင်စိတ်ရှိရင်တော့ ရိုးမားကိုသာ ရွေးချယ်ကြရမှာပါ။

### ဘာစီလိုနာ - စပို့တင်းလစ္စဘွန်း

ဒီပွဲမှာ သူတို့က ဘာစီလိုနာကို အနိုင်ရလိုက်ပြီး အခြားတစ်ဖက်က ပွဲစဉ်မှာ ဂျူဗင်တပ် ရှုံးတာ ဒါမှမဟုတ် သရေကျတာမျိုး ဖြစ်သွားခဲ့ရင် နောက်တစ်ဆင့်တက်ရောက်ခွင့်က စပို့တင်းလစ္စဘွန်းလက်ထဲကို ရောက်ရှိလာပါလိမ့်မယ်။ ဒါပေမဲ့ ပြောမယ့်သာ ပြောရတာပါ။ အဲ့ဒီလိုဖြစ်နိုင်ဖို့ဆိုတာက လက်တွေ့မှာ သိပ်တော့မလွယ်လှပါဘူး။ အနီးစပ်ဆုံးကစားခဲ့တဲ့ လာလီဂါပွဲစဉ်မှာ ဘာစီလိုနာက ဆဲလ်တာဗီဂိုကို အိမ်ကွင်းပရိသတ်ရှေ့မှောက်မှာ သရေကျလိုက်တာကို သတိပြုရပါလိမ့်မယ်။ ကစားခဲ့ပြီးတဲ့ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ် နှစ်ပွဲလုံးကိုလည်း သရေရလဒ်တွေနဲ့ချည်း ဘာစီလိုနာဖြတ်သန်းခဲ့ရတာကို မမေ့ပါနဲ့။ ဒီပွဲက ဘာစီလိုနာရဲ့ အလှည့်ပါ။ ဘာစီလိုနာနဲ့ပဲ လက်တွဲသင့်တယ်။

### အိုလံပီယာကော့စ် - ဂျူဗင်တပ်

ကစားခဲ့ပြီးတဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ငါးပွဲမှာ အိုလံပီယာကော့စ်က တစ်ပွဲသာ သရေရခဲ့ပြီး လေးပွဲ ရှုံးနိမ့်ထားပါတယ်။ အိုလံပီယာကော့စ် သရေခံကစားပြခဲ့တာက အုပ်စုကို ဦးဆောင်ထားတဲ့ ဘာစီလိုနာကိုပါ။ အိုလံပီယာကော့စ်ရဲ့ခြေစွမ်းဟာ အားရစရာ သိပ်မကောင်းလှပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာတော့ သူတို့က ဂုဏ်သိက္ခာတိုက်ပွဲသဘောမျိုး ခံကစားတတ်တာကြောင့် ဂျူဗင်တပ် အကျပ်ရိုက်နိုင်ပါတယ်။ ဂျူဗင်တပ်အတွက် မနိုင်လို့မဖြစ်တဲ့ ပွဲစဉ်ပါ။ ဒါကြောင့်လည်း သူ့ကိုယူရမယ့် ဈေးနှုန်းက အရမ်းကို မြင့်တက်လွန်းနေတာဖြစ်ပါတယ်။ ဂျူဗင်တပ် နိုင်မယ်၊ ဂိုးမပြတ်ဘူးဆိုတာမျိုး ဖြစ်လာနိုင်ခြေရှိလို့ အိုလံပီယာကော့စ်နဲ့ လက်တွဲလိုက်ပါရစေ။

■ E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

၆-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့)
ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၆)

| | |
|---|---|
| နံနက် ၂း၁၅ နာရီ | ဘင်ဖီကာ - ဘေဆယ် |
| နံနက် ၂း၁၅ နာရီ | မန်ယူ - စီအက်စ်ကေအေ |
| နံနက် ၂း၁၅ နာရီ | ဘိုင်ယန်မြူးနစ် - ပီအက်စ်ဂျီ |
| နံနက် ၂း၁၅ နာရီ | ဆဲလ်တစ် - အန်ဒါလက်ချ် |
| နံနက် ၂း၁၅ နာရီ | ချယ်လ်ဆီး - အက်သလက်တီကို |
| နံနက် ၂း၁၅ နာရီ | ရိုးမား - ကာရာဘတ်ဂ်ျ |
| နံနက် ၂း၁၅ နာရီ | ဘာစီလိုနာ - စပို့တင်းလစ္စဘွန်း |
| နံနက် ၂း၁၅ နာရီ | အိုလံပီယာကော့စ် - ဂျူဗင်တပ် |

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)အပြီး ဂိုးအများဆုံးသွင်းထားကြသူများ

| ကစားသမား | အသင်း | ဂိုးအရေအတွက် |
|---|---|---|
| စီရော်နယ်ဒို | ရီးရဲလ်မက်ဒရစ် | ၆ ဂိုး |
| စီရော်နယ်ဒို | ရီးရဲလ်မက်ဒရစ် | ၈ ဂိုး |
| ဘင်ယက်ဒ်ဒါ | ဆီဗီလာ | ၆ ဂိုး |
| ကာဗာနီ | ပီအက်စ်ဂျီ | ၆ ဂိုး |
| နေမာ | ပီအက်စ်ဂျီ | ၆ ဂိုး |
| ဟယ်ရီကိန်း | စပါး | ၆ ဂိုး |
| ဗာမင်ညို | လီဗာပူး | ၅ ဂိုး |
| ဆာလားဟ် | လီဗာပူး | ၄ ဂိုး |

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)အပြီး ဂိုးဖန်တီးမှုအများဆုံး လုပ်ဆောင်ထားကြသူများ

| ကစားသမား | အသင်း | ဂိုးဖန်တီးမှုအကြိမ် |
|---|---|---|
| ကွာရက်စ်မာ | ဘက်ဆစ်တပ် | ၃ ကြိမ် |
| နေမာ | ပီအက်စ်ဂျီ | ၃ ကြိမ် |
| ဒီဘရိုင်နေး | မန်စီးတီး | ၃ ကြိမ် |
| အမ်ဘတ်ပေ | ပီအက်စ်ဂျီ | ၃ ကြိမ် |
| မာတင်းစ် | နာပိုလီ | ၃ ကြိမ် |
| မိုရီနို | လီဗာပူး | ၃ ကြိမ် |
| အယ်လ်လီ | စပါး | ၂ ကြိမ် |

### ပထမအကျော့ရလဒ်များ

| | | |
|---|---|---|
| CSKAမော်စကို | ၁ - ၄ | မန်ယူ |
| ဘေဆယ် | ၅ - ၀ | ဘင်ဖီကာ |
| ပီအက်စ်ဂျီ | ၃ - ၀ | ဘိုင်ယန်မြူးနစ် |
| အန်ဒါလက်ချ် | ၀ - ၃ | ဆဲလ်တစ် |
| အက်သလက်တီကို | ၁ - ၂ | ချယ်လ်ဆီး |
| ကာရာဘတ်ဂ်ျ | ၁ - ၂ | ရိုးမား |
| စပို့တင်းလစ္စဘွန်း | ၀ - ၁ | ဘာစီလိုနာ |
| ဂျူဗင်တပ် | ၂ - ၀ | အိုလံပီယာကော့စ် |

### ယနေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုများ ရပ်တည်မှုအခြေအနေ

အုပ်စု(က)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| မန်ယူ | ၅ | ၄ | ၀ | ၁ | ၁၀ | ၂ | ၁၂ |
| ဘေဆယ် | ၅ | ၃ | ၀ | ၂ | ၉ | ၅ | ၉ |
| စီအက်စ်ကေအေ | ၅ | ၃ | ၀ | ၂ | ၇ | ၈ | ၉ |
| ဘင်ဖီကာ | ၅ | ၀ | ၀ | ၅ | ၁ | ၁၂ | ၀ |

အုပ်စု(ခ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ပီအက်စ်ဂျီ | ၅ | ၅ | ၀ | ၀ | ၂၄ | ၁ | ၁၅ |
| ဘိုင်ယန်မြူးနစ် | ၅ | ၄ | ၀ | ၁ | ၁၀ | ၅ | ၁၂ |
| ဆဲလ်တစ် | ၅ | ၁ | ၀ | ၄ | ၅ | ၁၇ | ၃ |
| အန်ဒါလက်ချ် | ၅ | ၀ | ၀ | ၅ | ၁ | ၁၇ | ၀ |

အုပ်စု(ဂ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ချယ်လ်ဆီး | ၅ | ၃ | ၁ | ၁ | ၁၅ | ၇ | ၁၀ |
| ရိုးမား | ၅ | ၂ | ၂ | ၁ | ၈ | ၆ | ၈ |
| အက်သလက်တီကို | ၅ | ၁ | ၃ | ၁ | ၄ | ၃ | ၆ |
| ကာရာဘတ်ဂ်ျ | ၅ | ၀ | ၂ | ၃ | ၂ | ၁၃ | ၂ |

အုပ်စု(ဃ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဘာစီလိုနာ | ၅ | ၃ | ၂ | ၀ | ၇ | ၁ | ၁၁ |
| ဂျူဗင်တပ် | ၅ | ၂ | ၂ | ၁ | ၅ | ၅ | ၈ |
| စပို့တင်းလစ္စဘွန်း | ၅ | ၂ | ၁ | ၂ | ၈ | ၇ | ၇ |
| အိုလံပီယာကော့စ် | ၅ | ၀ | ၁ | ၄ | ၄ | ၁၁ | ၁ |



# ဘတ်စ်ကားထိုးသည့်အသင်းများကို တိုက်စစ်မှူးလေးယောက် ထည့်သွင်းကာ ပညာပေးပြမည်ဟု ဂွါဒီယိုလာ ကြုံးဝါး

**မန်ချက်စတာ၊ ဒီဇင်ဘာ ၄**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် မန်စီးတီးက ဝက်စ်ဟမ်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ၌ ၎င်းအနေနှင့် ခံစစ်ကိုအားပြု၍ ဘတ်စ်ကားထိုးကာ ကစားသည့်အသင်းများကို တိုက်စစ်မှူးလေးဦး အသုံးပြုသည့် နည်းဗျူဟာဖြင့် ပညာပေးသွားမည်ဟု ထုတ်ဖော်ပြောကြားသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်စီးတီးသည် လာမည့်တနင်္ဂနွေနေ့တွင် မြို့ခံပြိုင်ဘက် မန်ယူနှင့် ဒါဘီပွဲစဉ် ဆင်နွှဲရလိမ့်မည်ဖြစ်ပြီး ယင်းပွဲစဉ် မကစားမီတွင် ယခုကဲ့သို့ဂွါဒီယိုလာ ပြောကြားလိုက်ခြင်းမှာ ခံစစ်အားပြုလွန်းသည့် မန်ယူနည်းပြ မော်ရင်ညိုကို စိတ်ခာတ်စစ်ဆင်ရေး လုပ်လိုက်ခြင်းဖြစ်ဖွယ်ရှိသည်ဟု သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

မန်စီးတီးသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ပရီးမီးယားလိဂ်ပွဲစဉ်သုံးပွဲတွင် ဟတ်ဒါးစဖီးလ်၊ ဆောက်သမ်တန်နှင့် ဝက်စ်ဟမ်းတို့ကို နောက်ကျသွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းအသင်းများအားလုံးမှာ ပွဲပြီးခါနီးတွင် သရေတစ်မှတ်ရယူနိုင်ရေးကို ဦးတည်ကာ ခံစစ်ပိတ်သည့် ဘတ်စ်ကားကစားကွက်ကို အသုံးပြုကြခဲ့ကြသည်ချည်းသာ ဖြစ်ကြောင်းလည်း ဂွါဒီယိုလာက မှတ်ချက်ပေးသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂွါဒီယိုလာက “ပုံမှန်အားဖြင့်တော့ တိုက်စစ်မှူးနှစ်ယောက်၊ တိုက်စစ်တောင်ပံ ကစားသမားနှစ်ယောက် ထားရှိတဲ့ နည်းဗျူဟာကို ကျွန်တော် သိပ်ပြီးအသုံးပြုလေ့ မရှိပါဘူး။ ဒါပေမဲ့ အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကျွန်တော်တို့ကို ခံစစ်အားပြုပြီး တုံ့ပြန်တဲ့အသင်းတွေများလာလို့ အဲ့ဒီဗျူဟာကို ပွဲထုတ်လာခဲ့ရပါပြီ။ အထူးသဖြင့် ပွဲပြီးခါနီးအချိန်တွေမှာ သူတို့ဘက်က အနေအထားကောင်းနေရင် ပြိုင်ဘက်တွေက ခံစစ်ကို အားပြုပြီး ကျွန်တော်တို့ကို အခက်ကြုံစေလေ့ရှိပါတယ်။ အဲ့ဒီတော့ ဘတ်စ်ကားထိုးတဲ့အသင်းတွေကို ရင်ဆိုင်ဖို့အတွက် တိုက်စစ်မှာ ကစားသမားလေးယောက် ထားရှိကစားတဲ့စနစ်က အကောင်းဆုံးပါပဲ”ဟု ပြောကြားသွားခဲ့သည်။

■ E-11

# ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွက် အပြောင်းအရွှေ့အသုံးစရိတ် ပေါင်သန်း ၈၀ ပေးရန် မော်ရင်ညို တောင်းဆိုထား

**မန်ချက်စတာ၊ ဒီဇင်ဘာ ၄**




မန်ယူနည်းပြ မော်ရင်ညိုသည် လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ မန်ယူအသင်း တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လာမည့် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း အသင်းကို အင်အားဖြည့်ရန်အတွက် ကစားသမားသစ်များခေါ်ယူရန် ၎င်းကို အပြောင်းအရွှေ့အသုံးစရိတ် ပေါင်သန်း ၈၀ ပေးစေလိုသည်ဟု တောင်းဆိုထားပြီဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

မော်ရင်ညိုသည် လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်မှာ ပြိုင်ဆိုင်မှု လွန်စွာပြင်းထန်နေသည့်အတွက် တောင့်တင်းသည့် အရန်အင်အားစုတစ်ရပ် ပိုင်ဆိုင်ထားခြင်း မရှိပါက ဒုတိယရာသီဝက်ကာလတွင် အကျပ်အတည်းများဖြစ်ပေါ်လာမည်ကို လွန်စွာ စိုးရိမ်ပူပန်နေပြီး ၎င်းတောင်းဆိုထားသည့် အပြောင်းအရွှေ့အသုံးစရိတ်ကို အသင်းတာဝန်ရှိသူများဘက်က ခွင့်ပြုမည်ဆိုပါက တိုက်စစ်တောင်ပံကစားသမားတစ်ဦး၊ ကွင်းလယ်ကစားကွက် ဖန်တီးရှင်တစ်ဦးနှင့် ဘယ်နောက်ခံကစားသမားတစ်ဦး ခေါ်ယူရန် မော်ရင်ညိုက စီစဉ်သွားလိမ့်မည်ဖြစ်သည်။

မော်ရင်ညိုသည် ဈေးကွက်အခြေအနေအရ အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်၊ စပါးနောက်ခံလူ ဒန်နီရိုစ်နှင့် ရီးရဲလ်မက်ဒရစ်တိုက်စစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်တို့ကို ခေါ်ယူနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်နေပြီး တောင်းဆိုထားသည့်အပြောင်းအရွှေ့အသုံးစရိတ်ကို ကျော်လွန်၍ ငွေသုံးစွဲရန် လိုအပ်လာခဲ့မည်ဆိုပါက ဒါမီယန်နှင့် လုခ်ရှောတို့ကို ရောင်းထုတ်၍ ငွေရှာရန်လည်း မော်ရင်ညိုက စိတ်ပိုင်းဖြတ်ထားပြီဖြစ်သည်။

မန်ယူသည် လွန်ခဲ့သည့် ၂၀၁၆-၁၇ ဘောလုံးရာသီ၌ ဘောလုံးရာသီပြီးဆုံးခါနီးတွင် အဓိကကစားသမား အများအပြားကို ဒဏ်ရာပြဿနာများကြောင့် လက်လွှတ်လိုက်ရဖူးပြီး ယင်းအချိန်တွင် အရန်ကစားသမားအင်အား မတောင့်တင်းသည့်အခြေအနေကြောင့် အကျပ်အတည်းများဖြင့် ရင်ဆိုင်လိုက်ရသည့် အဖြစ်အပျက်မျိုး ယခုနှစ်ဘောလုံးရာသီတွင် ထပ်မံဖြစ်ပေါ်မလာစေရန်အတွက် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် နည်းပြမော်ရင်ညိုက ကစားသမားသစ်များ ထပ်မံခေါ်ယူလိုနေခြင်းဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားခွင့်ရနိုင်ရန် ရည်မှန်းကြိုးပမ်းနေသည့် စပါးနောက်ခံလူ ဒန်နီရိုစ်သည် လက်ရှိအချိန်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရန် ရုန်းကန်နေရသည့်အတွက် နည်းပြ ပိုချက်တီနိုနှင့် ပဋိပက္ခဖြစ်ရေးအဆင်မပြေမှုများ ရှိနေပြီး ယင်းအဖြစ်အပျက်များက ဒန်နီရိုစ်ကို အသင်းပြောင်းဖြစ်စေရန် တွန်းအားပေးလျက်ရှိသည်။

အာဆင်နယ်အသင်း တာဝန်ရှိသူများသည် စာချုပ်သစ်ချုပ်ဆိုနိုင်ရန် မလွယ်ကူတော့သည့် ကွင်းလယ်လူ အိုဇေးလ်ကို လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် ထိုက်သင့်သည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ကမ်းလှမ်းဆက်သွယ်မှုများရှိလာခဲ့မည်ဆိုပါက ရောင်းထုတ်လိုက်ရန် စီစဉ်ထားပြီဖြစ်ပြီး ရီးရဲလ်မက်ဒရစ်မှာလည်း ဒဏ်ရာပြဿနာများဖြင့် မကြာခဏ ရင်ဆိုင်နေရသော ဂါရတ်ဘေးလ်ကို ရောင်းထုတ်ရန် စိတ်ပိုင်းဖြတ်ထားပြီဖြစ်သည်။ ■ E-11

# ကမ္ဘာ့အဆင့်နှစ် စကိတ်စီးကစားသမားနှင့်အတူ Pro ကစားသမားများ မြန်မာနိုင်ငံသို့ လိုက်ပါလာမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ကမ္ဘာ့အဆင့် စကိတ်ပြိုင်ပွဲများတွင် အောင်မြင်မှုများရယူထားပြီး လက်ရှိကမ္ဘာ့အဆင့်နှစ်နေရာတွင် ရပ်တည်နေသည့် (inline aggressive) စကိတ်စီးကစားသမား မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်မည်ဖြစ်ရာ ၎င်းနှင့်အတူ ကမ္ဘာ့အဆင့်ရှိ ပရော်ဖက်ရှင်နယ် (Pro) စကိတ်စီးကစားသမားများ လိုက်ပါလာမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်နှစ်နေရာတွင်ရပ်တည်နေသည့် အင်္ဂလန်နိုင်ငံသား စကိတ်စီးကစားသမား ဂျိုးအတ်ကင်ဆန်သည် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ၎င်းနှင့်အတူ ကမ္ဘာ့အဆင့် ပရော်ဖက်ရှင်နယ် ကစားသမားတစ်ဦးနှင့် စကိတ်အားကစားနည်းဖွံ့ဖြိုးရေး လုပ်ဆောင်နေသူနှစ်ဦး လိုက်ပါလာမည်ဟု မြန်မာနိုင်ငံစကိတ်စီးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်လတ်က ပြောကြားသည်။

“သူက မြန်မာစကိတ်ကစားသမားတွေကို သင်ကြားပေးချင်တာရယ်၊ မြန်မာနိုင်ငံ အထင်ကရမြို့တွေကို သွားလည်မယ်။ တကယ်လို့ မြေနေရာရမယ်ဆိုရင် စကိတ်သရုပ်ပြပွဲလုပ်ပြီး စကိတ်အားကစားနည်းကို မြန်မာလူထုနဲ့ မိတ်ဆက်မယ်။ နောက်ပြီး မြန်မာ့ရှုခင်းနောက်ခံတွေနဲ့ စကိတ်သရုပ်ပြတဲ့ မှတ်တမ်းဗီဒီယို Documentary ရိုက်မှာ”ဟု ၎င်းကရှင်းပြသည်။

ဂျိုးအတ်ကန်ဆန်အနေနှင့် ဒီဇင်ဘာ ၁၀ နေ့ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရန်ကုန်နှင့် ပဲခူး၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံနှင့် မကွေးမြို့တို့မှ စကိတ်ဝါသနာရှင်များကို သင်ကြားပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ စကိတ်စီးအဖွဲ့ထံမှ သိရသည်။

အင်္ဂလန်နိုင်ငံသား စကိတ်စီးကစားသမား ဂျိုးအတ်ကင်ဆန်သည် တရုတ်နိုင်ငံ ချန်ဒူးမြို့၌ နိုဝင်ဘာလ ၅ ရက်နေ့က ကျင်းပခဲ့သည့် ကမ္ဘာ့စကိတ်စီးပြိုင်ပွဲတွင် ဒုတိယဆုကို ရယူထားနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့အဆင့်ရှိ စကိတ်စီးကစားသမားတစ်ဦး မြန်မာနိုင်ငံသို့လာရောက်ခြင်းမှာ ပထမဆုံးဖြစ်ပြီး ၎င်းနှင့်အတူ လာရောက်မည့် ကစားသမားများမှာ Junior Pro ပြိုင်ပွဲ၏ လက်ရှိကမ္ဘာ့ချန်ပီယံ ဩစတြေးလျစကိတ်သမားနှင့် စကိတ်အားကစားနည်းဖွံ့ဖြိုးရေး လုပ်ဆောင်နေသည့် ပြင်သစ်နိုင်ငံသားတစ်ဦးနှင့် ဩစတြေးလျနိုင်ငံသားတစ်ဦးတို့ လာရောက်မည်ဖြစ်သည်။

■ J-04

# KBZ ဘဏ်ဖလား အမျိုးသမီးရှုံးထွက်ဘောလုံးပြိုင်ပွဲ ပထမဆုံးအကြိမ်ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကစီစဉ်ကာ KBZ ဘဏ်၏ပံ့ပိုးမှုဖြင့် ကျင်းပမည့် KBZ Bank အမျိုးသမီးလိဂ် ဘောလုံးပြိုင်ပွဲနှင့်အတူ ရှုံးထွက်ဖလားဘောလုံးပြိုင်ပွဲကို ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဒီဇင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်လိုက်သည်။

အဆိုပါလိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှ စက်တင်ဘာ ၄ ရက်နေ့အတွင်း ကျင်းပသွားရန် စီစဉ်ထားသည်ဟု ယင်းအဖွဲ့ချုပ်က မီဒီယာဒါရိုက်တာ ဦးဇော်မင်းထိုက် ကပြောကြားသည်။

ဒုတိယအကြိမ်မြောက်ကျင်းပမည့် KBZ Bank အမျိုးသမီးလိဂ် ဘောလုံးပြိုင်ပွဲတွင် ပထမနှစ်ကပါဝင်ခဲ့သည့် အသင်းများဖြစ်သည့် မြဝတီ၊ သစ္စာအားမာန်၊ ISPE၊ Sports & Education၊ ဂန္ဓာမာ၊ ဇွဲကပင်၊ YREO အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လိဂ်ပြိုင်ပွဲ၏ ပထမအကျော့များကို ၂၀၁၇ ဒီဇင်ဘာ ၂၇ ရက်နေ့မှ ၂၀၁၈ ဖေဖော်ဝါရီ ၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ ပွဲစဉ်များကို ၂၀၁၈ မတ်လ ၁၃ ရက်နေ့မှ မေလ ၁၀ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ်ကျင်းပခဲ့သည့် အဆိုပါလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းက အနိုင်ရဗိုလ်စွဲခဲ့ပြီး သစ္စာအားမာန် အသင်းက ဒုတိယဆုရရှိခဲ့ကာ Sports & Education အသင်းက တတိယနေရာရရှိခဲ့ပြီး ISPE၊ ဂန္ဓာမာ၊ ဇွဲကပင်၊ YREO တို့ကအစဉ်လိုက်ရပ်တည်ခဲ့ကြသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပရေးကော်မတီအနေနှင့် အမျိုးသမီး ယူ-၁၃ တိုင်းနှင့်ပြည်နယ် ပြိုင်ပွဲကိုလည်းကျင်းပရန် စီစဉ်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် ပါဝင်သည်။ ■ J-04

# TODAY UPDATE NEWS

စပါးနည်းပြ ပိုချက်တီနိုသည် မနက်ဖြန်(ဗုဒ္ဓဟူးနေ့)တွင် စပါးနှင့် အေပိုးလ်တို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်၌ ကွင်းလယ်ကစားသမား အယ်လ်လီကို အသင်းလူစာရင်းတွင် ထည့်သွင်းခေါ်ယူလာမည်မဟုတ်ဟု ဖွင့်ဟအသိပေးထားကြောင်း Daily Mail က ဖော်ပြထားသည်။ အယ်လ်လီသည် ဝက်ဖို့ဒ်နှင့် စပါးတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် လူစားလဲလှယ်ခံခဲ့ရခြင်းကြောင့် ဒေါသပေါက်ကွဲမှုများရှိခဲ့ပြီး အယ်လီကို အသင်းလူစာရင်းမှနေ၍ ဖယ်ထုတ်ချန်လှပ်ထားရန် ဆုံးဖြတ်လိုက်သည်မှာ များမကြာမီတွင် ဒီဇင်ဘာပွဲကျပ်ကာလ ရောက်ရှိလာတော့မည်ဖြစ်၍ ယင်းပွဲကျပ်ကာလ ပွဲစဉ်များကို ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်စေရန်အတွက် ဖြစ်ကြောင်း ပိုချက်တီနိုက ရှင်းပြသွားခဲ့သည်။ ပိုချက်တီနိုသည် ပွဲဆက်များလာခြင်းကြောင့် အယ်လ်လီ ခြေကျသွားပြီဟု သုံးသပ်နေခြင်းများကိုလည်း ငြင်းဆန်ပယ်ချသွားခဲ့သည်။

# နိုင်ငံတကာပြိုင်ပွဲများအတွက် ကစားသမားရွေးချယ်မည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်အနေနှင့် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် ကစားသမားရွေးချယ်မည့် အမျိုးသားတံခွန်စိုက် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ကျင်းပရန် စီစဉ်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ MCC ခန်းမတွင် ကျင်းပရန် စီစဉ်ထားပြီး ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ရွေးချယ်သွားမည်ဟု မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်းက ပြောကြားသည်။

"ဒီပြိုင်ပွဲကို ဇန်နဝါရီလမှ ကျင်းပမှာဖြစ်ပေမယ့် သတင်းကြိုထုတ်တယ်ဆိုတာက ကာယဗလအားကစားနည်းဆိုတာက ပွဲနီးမှ ကပ်လုပ်လို့မရဘူး။ ကြိုတင်လေ့ကျင့်မှုတွေ၊ ပြောင်းလဲရတာတွေရှိတဲ့အတွက်ပါ။ အလားလာရှိတဲ့ ကစားသမားတွေကို လာမယ့်နှစ် နိုင်ငံတကာပွဲတွေအတွက် ရွေးချယ်မယ်"ဟု ၎င်းကဆိုသည်။

ပြိုင်ပွဲ၏အမျိုးသား ကာယဗလပြိုင်ပွဲတွင် ကီလို ၆၀၊ ၆၅၊ ၇၀၊ ၇၅ နှင့် ၇၅ အထက်၊ Man Sport Physique Championships အလွတ်တန်းနှင့် Woman Modal Physique Championships အလွတ်တန်းပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဟု မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ထံမှ သိရှိရသည်။

အမျိုးသားကာယဗလပြိုင်ပွဲတွင် ၂၀၁၇ ခုနှစ်အတွင်း အာရှနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိထား သူများမှအပ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းပြိုင်ပွဲ၏ အမျိုးသားကာယဗလပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသည့် ကစားသမားကို မောင်မြန်မာ ၂၀၁၈ ဆု ချီးမြှင့်ပေးရန် စီစဉ်ထားကြောင်း၊ ပြိုင်ပွဲများအတွက် ဆုကြေးများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဟု ဖော်ပြထားသည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြို့တော်စည်ပင်အားကစားခန်းမ အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး ၁၉ ရက်နေ့တွင် ကိုယ်အလေးချိန် ချိန်ခြင်းနှင့် ကိုယ်တွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်သည်။

■ J-04

## မက်ဆီ၏အစ်ကိုဖြစ်သူ ထောင်ဒဏ် ရှစ်နှစ်ခွဲ ကျခံရမည့်အရေးနှင့် ရင်ဆိုင်ရ


AP

**ရိုဆာရီယို၊ ဒီဇင်ဘာ ၄**

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၏အစ်ကိုဖြစ်သူ မားသီးယပ်စ်သည် တရားမဝင် လက်နက်ကိုင်ဆောင်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည့်အတွက် ထောင်ဒဏ် ရှစ်နှစ်ခွဲ ကျခံရမည့်အရေးကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မားသီးယပ်စ်သည် လက်ရှိတွင် မော်တော်ဘုတ် တိမ်းမှောက်မှုကြောင့် ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ဆေးကုသမှုခံယူနေရပြီး တိမ်းမှောက်ခဲ့သည့် မော်တော်ဘုတ်ကို စစ်ဆေးရာတွင် ကျည်အပြည့်ဖြည့်ထားသည့် သေနတ်တစ်လက်ကို သိမ်းဆည်းရမိခဲ့သည့်အတွက် မားသီးယပ်စ်ကို အာဂျင်တီးနားရဲတပ်ဖွဲ့က တရားမဝင်လက်နက်ကိုင်ဆောင်မှုဖြင့် အမှုဖွင့်လိုက်ခြင်းဖြစ်သည်။

မားသီးယပ်စ်သည် ပါရာမာမြစ်ကြောင်းအတွင်းတွင် မော်တော်ဘုတ်မောင်းနှင်ရာ၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် မားသီးယပ်စ်မှာ မေးရိုးကျိုးဒဏ်ရာနှင့် မျက်နှာတွင် စုတ်ပြဲဒဏ်ရာများ ရရှိသွားခဲ့သည့်အတွက် ခွဲစိတ်ကုသမှု ခံယူလိုက်ရပြီဖြစ်သည်။

မားသီးယပ်စ်သည် ဆာနာတိုရီယိုပါကွေးအမည်ရ ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူနေခြင်းဖြစ်ပြီး လက်ရှိတွင် အာဂျင်တီးနားရဲတပ်ဖွဲ့က ၎င်းကို အပြစ်ရှိသူအဖြစ် သတ်မှတ်၍ ရဲအစောင့်အရှောက်များဖြင့် ထားရှိလိုက်ပြီဖြစ်သည်။

မားသီးယပ်စ်၏ရှေ့နေဖြစ်သူ အစ်ဂ်နာစီယို ကာဘုန်းသည် ၎င်း၏အမှုသည်မှာ ယင်းလက်နက်ကို မိမိကိုယ်ကို ကာကွယ်ရန်အတွက် ဆောင်ထားခြင်းသာဖြစ်ဖွယ်ရှိသည်ဟု ပထမအဆင့် ဖြေရှင်းချက်တစ်ရပ်ပေးအပ်ထားပြီး ယခုအမှုကို မားသီးယပ်စ် ကျန်းမာရေးကောင်းမွန်ကာ ဆေးရုံမှ ဆင်းလာပြီးသည့်နောက်တွင် ဂျူရီတရားသူကြီးများက စတင်စစ်ဆေးသွားတော့မည်ဖြစ်သည်။

အာဂျင်တီးနားဥပဒေအရ တရားမဝင်လက်နက်ကိုင်ဆောင်မှုသည် အမြင့်ဆုံးအဖြစ် ထောင်ဒဏ်ရှစ်နှစ်ခွဲ ချမှတ်ပိုင်ခွင့်ရှိသည့် ပြစ်မှုအမျိုးအစားဖြစ်ပြီး သက်ညှာမှုများစွာဖြင့် အနိမ့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့မည်ဆိုပါကမူ မက်ဆီ၏အစ်ကိုမှာ ထောင်ဒဏ် သုံးနှစ်ခွဲသာ ကျခံရလိမ့်မည်ဖြစ်သည်။

■ E-11



Sport Mail

## Fergie Time ဖော်ဖြေမှုကို မန်စီးတီးပေးစွမ်းနေပြီဖြစ်ကြောင်း ဂွါဒီယိုလာ အသိပေး

**မန်ချက်စတာ၊ ဒီဇင်ဘာ ၄**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် လက်ရှိအချိန်တွင် ၎င်း၏အသင်းမှာ ပရီးမီးယားလိဂ်၏နာမည်ကျော် Fergie Time ရသကို အပြည့်အဝ ပေးစွမ်းနေနိုင်ပြီဖြစ်ပြီး ယင်းသို့သော ခံစားမှုရသတစ်ရပ်ဖြင့် အသင်းအားပေးသူပရိသတ်များကို ဖျော်ဖြေမှုပေးနိုင်ခဲ့သည်အား ၎င်းအနေနှင့် လွန်စွာ ကျေနပ်အားရ ဖြစ်မိပါကြောင်း ဖွင့်ဟအသိပေးသွားခဲ့သည်ဟု Sportmail က ဖော်ပြထားသည်။

မန်စီးတီးသည် ဟတ်ဒါးစဖီးလ်၊ ဆောက်သမ်တန်၊ ဝက်စ်ဟမ်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲဆက်တိုက် နောက်ကျသွင်းဂိုးများဖြင့် နိုင်ပွဲရယူနိုင်ခဲ့ပြီး ယင်းကဲ့သို့ နောက်ကျသွင်းဂိုးများဖြင့် နိုင်ပွဲရယူနိုင်သည့်ရသကို ၎င်းကိုယ်တိုင်လည်း လွန်စွာ ခုံမင်နှစ်ခြိုက်နေပြီဖြစ်ကြောင်း ဂွါဒီယိုလာက ပြောကြားသွားခဲ့သည်။

မန်ယူသည် ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်လက်ထက်တွင် နောက်ကျသွင်းဂိုးများဖြင့် ပွဲစဉ်ပေါင်းများစွာကို အနိုင်ရယူနိုင်ခဲ့ဖူးပြီး ယင်းသို့နောက်ကျသွင်းဂိုးများဖြင့် အသင်းအားပေးသူပရိသတ်များကို ဖျော်ဖြေမှုပေးစွမ်းနိုင်သည့်ရသအား ဖာဂူဆန်ကို ဂုဏ်ပြုသောအားဖြင့် သတင်းမီဒီယာများက Fergie Time ဟု အမှတ်သညာပြုထားကြခြင်းဖြစ်သည်။

ဖာဂူဆန်သည် နည်းပြဘဝက အနားယူလိုက်အပြီးတွင် ထုတ်ဝေခဲ့သည့် ၎င်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်၌ အဆိုပါ Fergie Time အကြောင်းနှင့်ပတ်သက်၍ "ပွဲပြီးဖို့ မိနစ် ၂၀ လောက်ပဲ ကျန်တော့ရင် စိတ်မခိုင်တဲ့လူတွေ၊ နှလုံးရောဂါအခံရှိသူတွေကို ကွင်းအနီးမှာရှိတဲ့ မန်ချက်စတာ ဆေးရုံဆီ သွားကြပါလို့ ကျွန်တော် အကြံပေးချင်ပါတယ်။ အဲ့ဒီကနေပဲ ပွဲကို ဆက်ကြည့်ကြပါ။ ပွဲကို ကျွန်တော် အလှည့်အပြောင်း လုပ်ပါတော့မယ်။ အံ့အားသင့်စရာတွေဖြစ်ပေါ်လာခဲ့လို့ ခင်ဗျားတို့ တစ်ခုခုဖြစ်သွားရင် ကျွန်တော်လည်း တာဝန်ယူနိုင်မှာ မဟုတ်ဘူးလေ"ဟု ဂုဏ်ယူဝင့်ကြွားစွာ ထည့်သွင်းဖော်ပြခဲ့ဖူးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂွါဒီယိုလာက "ပရီးမီးယားလိဂ်ကို ရောက်လာကတည်းက Fergie Time အကြောင်းကို လူပြောများလွန်းတာ ကျွန်တော် သတိထားမိပါတယ်။ အဲ့ဒီခံစားမှုရသကို အသင်းသားတွေရော အသင်းပရိသတ်တွေပါ သိပ်ပြီး ခုံမင်နှစ်ခြိုက်လွန်းမှန်း အခုတော့ ကျွန်တော် သဘောပေါက်လာပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း အဲ့ဒီခံစားမှုရသကို အရမ်းသဘောကျလာပါတယ်။ ဒါဟာ ငါတို့ ဘယ်တော့မှ အရှုံးမပေးဘူးဆိုတဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ပါပဲ။ အရင်တုန်းက ပွဲပြီးခါနီးကိုရောက်ရင် ကိုယ့်လက်ထဲမှာ သေချာတဲ့ အနိုင်ရလဒ်တစ်ခု ရောက်ရှိနေပြီးသားအခြေအနေကို ကျွန်တော် သဘောကျမိခဲ့ဖူးပါတယ်။ အခုတော့ Fergie Time အရသာကို ကျွန်တော် အကြိုက်တွေ့လာခဲ့ပါပြီ။ ဒီလိုရသမျိုးကို ပွဲတိုင်းပေးစွမ်းနိုင်ဖို့ဆိုတာက မလွယ်ပါဘူး။ ဒါပေမဲ့ သေချာတာက အခုအချိန်မှာ Fergie Time ရသကို ခံစားချင်ရင်တော့ မန်စီးတီးရဲ့ပွဲစဉ်တွေကို စောင့်ကြည့်တာက အကောင်းဆုံးဖြစ်ပါလိမ့်မယ်"ဟု ပြောကြားထားသည်။

■ E-11

## နိုင်ပွဲဆက်မှု အရှည်ကြာဆုံးစံချိန်ကို မန်စီးတီးလိုက်မီ

**မန်ချက်စတာ၊ ဒီဇင်ဘာ ၄**



မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အင်္ဂလန်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် နိုင်ပွဲဆက်မှု အရှည်ကြာဆုံးစံချိန်ကို လိုက်မီသွားခဲ့ပြီဖြစ်ပြီး လက်ရှိတွင် မန်စီးတီးမှာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ ပွဲဆက်တိုက် နိုင်ပွဲရယူနိုင်ခဲ့ပြီဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

မန်စီးတီး မတိုင်မီတွင် အင်္ဂလန်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်၌ အမှတ်ပေးပွဲစဉ် ၁၃ ပွဲဆက်တိုက် အနိုင်ရရှိဖူးသည့် အသင်းပေါင်း လေးသင်း ထွက်ပေါ်ခဲ့ဖူးပြီး ယင်းအသင်းများမှာ ဆန်းဒါးလန်း၊ ပရက်စတန်၊ အာဆင်နယ်နှင့်ချယ်လ်ဆီး တို့ဖြစ်ကြသည်။

ဆန်းဒါးလန်းနှင့် ပရက်စတန်တို့သည် အင်္ဂလန်အဆင့်မြင့်တန်းကို ပထမတန်းဘောလုံးပြိုင်ပွဲဟု အမည်မှည့်ခေါ်ကျင်းပခဲ့သည့်ကာလ၌ ယင်းနိုင်ပွဲဆက်စံချိန်ကို တင်ရှိခဲ့ဖူးပြီး ယင်းအသင်းနှစ်သင်းမှာ ၁၈၉၁-၉၂ ဘောလုံးရာသီတွင် အမှတ်ပေးပွဲစဉ် ၁၃ ပွဲဆက်တိုက် အနိုင်ရခဲ့ကြခြင်းဖြစ်သည်။

အာဆင်နယ်နှင့် ချယ်လ်ဆီးတို့သည် အင်္ဂလန်အဆင့်မြင့်တန်းကို ပရီးမီးယားလိဂ်ဟု အမည်ပြောင်းလဲမှည့်ခေါ်လိုက်အပြီးတွင် ယင်းစံချိန်ကို ရရှိပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်မှာ ၂၀၀၁-၀၂ ဘောလုံးရာသီတွင်လည်းကောင်း၊ ချယ်လ်ဆီးမှာ ၂၀၁၆-၁၇ ဘောလုံးရာသီတွင်လည်းကောင်း အမှတ်ပေးပွဲစဉ်ပေါင်း ၁၃ ပွဲဆက်တိုက် အနိုင်ယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

မန်စီးတီးသည် လာမည့်တနင်္ဂနွေနေ့တွင် မန်ယူအသင်းပိုင် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်းသို့သွားရောက်၍ မန်ချက်စတာဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားရလိမ့်မည်ဖြစ်ပြီး ယင်းပွဲစဉ်တွင် အနိုင်ရလဒ်ကို ရယူနိုင်ခဲ့မည်ဆိုပါက မန်စီးတီးမှာ အင်္ဂလန်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်၌ နိုင်ပွဲဆက်မှုအရှည်ကြာဆုံး စံချိန်ကို ပိုင်ဆိုင်ရရှိသည့်အသင်းဖြစ်လာတော့မည်ဖြစ်သည်။

မန်ယူသည် လက်ရှိတွင် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီးသည့် ပွဲစဉ်ခုနစ်ပွဲ၌တွင် ရာနှုန်းပြည့်အနိုင်ရလဒ်ကို ပိုင်ဆိုင်ရရှိထားပြီး ယမန်နှစ်ဘောလုံးရာသီ၌ မန်ယူနှင့် မန်စီးတီးတို့ မန်ယူအသင်းပိုင် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်းတွင် ထိပ်တိုက်တွေ့ခဲ့ရာ၌ မန်စီးတီးက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ဖူးသည်။ ■ E-11




# FOREIGN AFFAIRS





Reuters

# တောင်ကိုရီးယားနှင့်အမေရိကန်လေတပ် စစ်ရေးလေ့ကျင့်၊ နျူကလီးယားစစ်ပွဲဖြစ်သွားမည်ဟု မြောက်ကိုရီးယားသတိပေး

**ဆိုးလ်၊ ဒီဇင်ဘာ ၄**

တရုတ်နှင့် ရုရှားတို့ကကန့်ကွက်နေကြသော်လည်း အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့က အကြီးစားပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှု ဒီဇင်ဘာလ ၄ ရက်နေ့တွင် စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်ခဲ့သည်။ မြောက်ကိုရီးယားကလည်း ယင်းစစ်ရေးလေ့ကျင့်မှုသည် ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားစစ်ပွဲ ချောက်နှုတ်ခမ်းအတွင်း ကျရောက်သွားနိုင်ကြောင်း သတိပေးထားသည်ဟု Reuters သတင်းဌာနကဖော်ပြသည်။

မြောက်ကိုရီးယားက နိုင်ငံတကာအရေးယူပိတ်ဆို့မှုများနှင့် ပြစ်တင်ရှုတ်ချမှုများကို ဖီဆန်ပြီး အမေရိကကုန်းမကြီးအထိ ရောက်ရှိနိုင်သောအဆင့်အမြင့်ဆုံးတိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည် အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့သည်ဟု ကြေညာခဲ့ပြီး တစ်ပတ်အကြာတွင် ယခုကဲ့သို့ လေတပ်စစ်ရေးလေ့ကျင့်ပြီး တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီကမူ သက်ဆိုင်သည့်နိုင်ငံအားလုံးသည် မြောက်ကိုရီးယား၏ နောက်ဆုံးစမ်းသပ်မှုမတိုင်မီ ငြိမ်သက်နေခဲ့သည့် နှစ်လတာဆိုသော အခွင့်အလမ်းကိုအရအမိမဆုပ်ကိုင်နိုင်ခဲ့ဟု သုံးသပ်ခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားဘက်က အကြီးစားစစ်ရေးလေ့ကျင့်မှုများ မလုပ်ရန်၊ အပြန်အလှန်အနေနှင့် မြောက်ကိုရီးယားက လက်နက်စီမံကိန်းကို ရပ်ဆိုင်းရန် တရုတ်နှင့်ရုရှားတို့က ပူးတွဲအဆိုပြုခဲ့သည်။ နှစ်ဖက်ရပ်စဲမှု ဆိုသောအဆိုပြုချက်ကိုတရုတ်က တရားဝင် ချပြခဲ့ခြင်းဖြစ်သည်။

Vigilant Ace ဟု အမည်ပေးထားသော အမေရိကန်-တောင်ကိုရီးယားနှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုကို သောကြာနေ့အထိ လုပ်ဆောင်သွားမည် ဖြစ်ပြီး လေယာဉ် ၂၃၀ ကျော်ပါဝင်မည်ဖြစ်ကာ F-22 Paptorစတဲ့လ် တိုက်လေယာဉ် ၆ စင်းလည်း ပါဝင်မည်ဖြစ်သည်။

မြောက်ကိုရီးယား၏ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကော်မတီက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရူးနေသည်ဟု ဒီဇင်ဘာလ ၃ ရက်နေ့က ဝေဖန်ခဲ့ပြီး စစ်ရေးလေ့ကျင့်မှုသည် ကိုရီးယားကျွန်းဆွယ်မှ ပြင်းထန်ဆိုးရွားသောအခြေအနေမှသည် နျူကလီးယားစစ်ပွဲချောက်နှုတ်ခမ်းအတွင်းကျရောက်သွားစေနိုင်သည်ဟု သတိပေးခဲ့သည်။

အမေရိကန်၏ ပဉ္စမမျိုးဆက် နောက်ဆုံးပေါ် F-35 တိုက်လေယာဉ်များလည်း ပါဝင်လေ့ကျင့်မည်ဖြစ်ပြီး F-35 တိုက်လေယာဉ် အရေအတွက်အများဆုံး ပါဝင်သည့် စစ်ရေးလေ့ကျင့်မှု ဖြစ်လာမည်ဖြစ်သည်။

အမေရိကန်မရိန်းနှင့် ရေတပ်အပါအဝင် စစ်သည် ၁၂၀၀၀ ခန့်သည် တောင်ကိုရီးယားစစ်သည်များနှင့် ပူးတွဲလေ့ကျင့်မည်ဖြစ်သည်။ အမေရိကန်နှင့် တောင်ကိုရီးယား စစ်စခန်းခြောက်ခုမှ လေယာဉ်များ ပူးပေါင်းပါဝင်သည့်လေ့ကျင့်မှုလည်းဖြစ်သည်။

B-1B Lancer ဗုံးကြဲလေယာဉ်များလည်း ယခုစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်နိုင်သည်ဟု တောင်ကိုရီးယားမီဒီယာများက ဖော်ပြသည်။ အမေရိကန်လေတပ်ကမူ ယင်းသတင်းကို အတည်မပြုပေ။

မြောက်ကိုရီးယားကတိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်ပြီးနောက် အကြီးစားအရေးယူပိတ်ဆို့မှုများ ထပ်တိုးချမှတ်သွားမည်ဟု ထရမ့်က ပြီးခဲ့သည့်အပတ်က ပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားကို အကြမ်းဖက်ဝါဒ ထောက်ပံ့ပေးသောနိုင်ငံများစာရင်းတွင် ထရမ့်က ပြန်လည်ထည့်သွင်းခဲ့သည်။

အမေရိကန်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို ထိန်းမနိုင်သိမ်းမရဖြစ်အောင် ဆွပေးနေပြီး မြောက်ကိုရီးယားနိုင်ငံကို ဖျက်ဆီးရန် ဒုံးကျည်စီမံကိန်းကို အကြောင်းပြချက်အဖြစ်သုံးရန် ကြိုးပမ်းနေသည်ဟု ရုရှားက ဝေဖန်ထားသည်။

တရုတ်ကလည်းတင်းမာမှုမြင့်တက်စေသော မည်သည့်အပြုအမူကိုမဆိုဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။

■ F-03

## ALSO IN NEWS

### မြေဆွဲအားမဲ့နေရာမှာ ပီဇာလုပ်စားတဲ့ အာကာသယာဉ်မှူးတွေ

နိုင်ငံတကာအာကာသစခန်းက အာကာသယာဉ်မှူးများဟာ မြေဆွဲအားကင်းမဲ့ရာနေရာမှာ ပီဇာပြုလုပ်တဲ့ဗီဒီယိုဖိုင်ကို အင်တာနက်ပေါ်လွှင့်တင်ခဲ့ပါတယ်။ အီတာလျံအာကာသယာဉ်မှူး ပေါ်လိုနက်စ်ပိုလီက သူ ပီဇာကိုလွမ်းတဲ့အကြောင်း အာကာသယာဉ် စားဖိုမှူး ကာ့ခ်ရှိုင်းယားမန်းကို ပြောကြားခဲ့တယ်လို့ Twitter မှာ ရေးသားခဲ့ပါတယ်။ ဒီတော့ စားဖိုမှူးကြီးက ပီဇာပြုလုပ်ရာမှာ လိုအပ်တာတွေကို အာကာသယာဉ်ပေါ် ရအောင်တင်ခဲ့ပြီး ပီဇာကိုစီစဉ်ပေးခဲ့တာဖြစ်ပါတယ်။ လူမှုကွန်ရက်မီဒီယာသုံးကြတဲ့ အာကာသမောင်ကြီးတွေဟာ ကိုယ်တိုင်ပီဇာပြုလုပ်တဲ့၊ လေပေါ်ဝဲပျံနေတဲ့ပီဇာတွေကို ဗီဒီယိုအဖြစ် ပြင်ဆင်ပြခဲ့ပါတယ်။ ‘စားလို့ရတဲ့ပန်းကန်ပြားပျံများ’ ဆိုတဲ့ အရေးအသားနဲ့ အမေရိကန်အာကာသမောင် ရမ်ဒီဘရီစနစ်ခ် က Twitter ပေါ်မှာရေးထားပါတယ်။ ပီဇာကို အမျိုးမျိုးဖန်တီးပြီး လုပ်စားပြကြပုံကတော့ အစားအသောက်ပေါင်းစုံမရတဲ့ သူတို့တွေအဖို့ ကြံဖန်ပျော်ရတဲ့သဘောပါပဲ။ ■ F-02





### အလုပ်များလွန်းလို့ ချစ်မှုရေးရာ စိတ်မပါတဲ့ ဂျပန်အမျိုးသမီးတွေ

ဂျပန်နိုင်ငံက အွန်လိုင်းပေါ်မှ အောင်သွယ်ပေးတဲ့ဝန်ဆောင်မှုလုပ်ငန်း တစ်ခုက ပြုလုပ်ထားတဲ့စစ်တမ်းအရ ၆၀ ရာခိုင်နှုန်းသောအမျိုးသမီးတွေဟာ အလုပ်တွေ ပင်ပန်းနေလို့ ချစ်ရေးချစ်ရာ စိတ်မပါဘူးလို့ ပြောထားကြတာကို တွေ့ရပါတယ်။ အလုပ်ခွင်မှာဆောင်ရွက်စရာတွေ များလွန်းတာမို့ ချစ်မှုရေးရာကို အမျိုးသမီးများ ကျောခိုင်းလာကြခြင်းဖြစ်တယ်လို့ အဆိုပါအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း cocoloni.jp က အကြောင်းပြချက် ဖော်ပြထားပါတယ်။ ယနေ့ခေတ်အလုပ်ခွင်များရဲ့ ဖိအားကြောင့်ဖြစ်တယ်လို့လည်း ထောက်ပြထားပါတယ်။ စစ်တမ်းကိုပါဝင်ဖြေဆိုပေးခဲ့ကြတဲ့ အမျိုးသမီးတွေထဲမှ တစ်ယောက်က ‘ ချိန်းတွေ့ရင်းနဲ့ အိပ်ပျော်သွားမိတယ်’ လို့ ဆိုပါတယ်။ အိမ်ပြန် ရုပ်ရှင်ကြည့်တာတို့၊ နာမည်ကျော်မင်းသားချောတွေ ပြောထားတဲ့ ကြင်နာစကားတွေကို App ဖွင့်ပြီးနားထောင်တာတို့ လုပ်နိုင်ပြီမို့ ဘာကြောင့်များချိန်းတွေ့နေဦးမလဲ ဆိုပြီး အမျိုးသမီးတချို့က ဆိုပါတယ်။ တခြားအွန်လိုင်းဝန်ဆောင်မှုကုမ္ပဏီတွေကလုပ်တဲ့ စစ်တမ်းတွေထဲမှာလည်း ဒီလိုပဲရလဒ်တွေ ထွက်နေတာမို့ ဂျပန်ရဲ့အနာဂတ်အတွက် စဉ်းစားပေးရမယ့် အချိန်ပါပဲ။ ■ F-02